www.burmeseclassic.com

# မင်းမေးတိုင်း ငါကဖြေရမှာလား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် – ၅၀၁၀၈၆၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၉၄၀၅၁၀
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ – ၅၀၀၀
တန်ဖိုး – ၁၆၀၀ ကျပ်
မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း – ရဲထွဋ်
ကွန်ပျူတာစာစီ – မအေးအေးထွန်း
အတွင်းဖလင် – မျိုးဝင်းကျော်၊ လမ်း (၄၀)၊
စာအုပ်ချုပ် – ရကီး၊ ၁၁၄ လမ်း။
ထုတ်ဝေသူ – မောင်မောင်မြင့်အေး
(မြ–၀၄၁၀)
မျက်နှာဖုံး နှင့် – ဝင်းထွန်း
အတွင်းပုံနှိပ် (မြ–၀၄၈၃၉)
ဖြန့်ချိရေး – လောဘ်မိုးစွေစာပေ
အမှတ် (၁၁၁)၊ ၃၃လမ်း၊
ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၅၃၅၁၉၊


BURMESE CLASSIC .com



## အခန်း (၁)

ကျွန်ုပ်၏ ငယ်စဉ်ဘဝတစ်ကွေ့တွင် ကျွန်ုပ်သည် အနယ်နယ်အရပ်ရပ်ရှိ မြို့များသို့ လှည့်လည်၍ ဈေးအနီး လူစည်ကားရာ လမ်းများပေါ်တွင် လက္ခဏာ ဟောပြောခြင်းဖြင့် အသက်မွေးခဲ့ရပေ၏။

တစ်နေ့တွင် ကျွန်ုပ်သည် တောင်ကြီးမြို့သို့ ရောက်ရှိသွား၏။

ထို့နောက် ဈေးအနီးရှိ တိုက်ရိပ်တစ်ခုကို အမှီပြုကာ လက္ခဏာဟောဆွေ့ာ ဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်၍ လက္ခဏာ ဟောပြောခဲ့ရလေ၏။ နံနက်ပိုင်းတွင် လက္ခဏာ ဟောပြောပြီးနောက် နေ့ခင်းပိုင်းတွင် နေထိုင်မည့်နေရာကို ငှားရမ်းရန်အတွက် ရပ်ကွက်များအတွင်းသို့ လှည့်လည်၍ အိမ်ရှာရလေ၏။ အိမ်မရမီ ရက်များအတွင်း၌ တောင်ကြီးမြို့ မြေဖြူရွာရှိ တပ်ဦးဘုန်းကြီးကျောင်းတွင် ခိုကပ်၍နေရလေ၏။

လောဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အထက်က ဆိုခဲ့သည့်အတိုင်းနေရန် အိမ်ခန်းကလေးကို ရှာဖွေခဲ့ရာ တစ်နေ့တွင် တိတ်ဆိတ်အေးချမ်းလှသော ရပ်ကွက်တစ်ခုအတွင်း၌ အိမ်ခန်းကလေးတစ်ခန်းရမည်ဟု သတင်းရသောကြောင့် ထိုအိမ်ခန်းဆီသို့ သွားရောက်ရလေ၏။ အိမ်မှာ သုံးပင်နှစ်ခန်း အိမ်ကလေး ဖြစ်၏။ တစ်ခန်းတွင် အိမ်ရှင်ဖြစ်သူ နေထိုင်ပြီး ကျန်တစ်ခန်းမှာ ကျွန်ုပ်အား ငှားရမ်းမည့် အခန်းဟု ယူဆရ၏။

မြေပိုကလေးရှိသောကြောင့် ခြံဝိုင်းကလေး သပ်သပ်ရပ်ရပ် ခတ်ထားသည်ကိုလည်း တွေ့ရ၏။

ကျွန်ုပ်သည် ခြံတံခါးဝတွင် ရပ်လျက်. . . .

"အိမ်ရှင်တို့ အိမ်ရှင်တို့ ဝင်ခွင့်ပြုပါ ခင်ဗျား"

ဟု ကျွန်ုပ်က အော်၍ ပြောလိုက်လေ၏။

"ဝင်ခွင့်ပြုပါတယ်၊ ဝင်ခဲ့ပါ"

ဟု ကလေးသံကလေးဖြင့် ပြန်၍ဖြေသည်ကို ကြားရ၏။

ကျွန်ုပ်သည် ခြံတံခါးကို တွန်းဖွင့်ရင်း. . . .

"ခွေးရှိသလား ခင်ဗျား"

ဟု အော်၍ မေးလိုက်၏။

"ခွေးမရှိပါဘူး၊ တောက်တဲ့ပဲ ရှိတယ်"

ဟု ကလေးသံကလေးဖြင့် ပြန်၍ဖြေလေ၏။

"မနောက်ပါနဲ့ ခင်ဗျား၊ကျွန်တော် အိမ်ခန်းငှားမလို့ လာတာပါ"

ဟု ကျွန်ုပ်က အော်၍ ပြောရပြန်၏။



BURMESE CLASSIC .com



"မနောက်ပါဘူး ခင်ဗျာ၊ ကျွန်တော်ကလည်း အိမ်ခန်းငှားမလို့ စောင့်နေတာပါ"

ဟု ကလေးသံဖြင့် ပြန်၍ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ခြံတံခါးကို တွန်းဖွင့်၍ အတွင်းသို့ ဝင်သွားခဲ့လေ၏။

သုံးပင်နှစ်ခန်း အိမ်ကလေးပေါ်သို့ တက်သွားခဲ့လေ၏။ တစ်စုံတစ်ယောက်မျှ မတွေ့ရသဖြင့်. . . .

"ကျွန်တော် ရောက်ပါပြီ ခင်ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ . . . .

"ရောက်ရင် ထိုင်ပါခင်ဗျာ"

ဟူသော ကလေးအသံကလေး သည် အမိုးပေါ်မှ ထွက်ပေါ်လာသဖြင့် အမိုးပေါ်သို့ မော့၍ကြည့်လိုက်ရာ ကိုးနှစ်အရွယ်ခန့်ရှိ ကလေး တစ်ယောက်သည် ထုပ်တန်းပေါ်တွင် ထိုင်၍ အိမ်အမိုးဖာနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"ဟေ့. . . . ကလေး၊ ဒီအိမ်ကလူတွေ ဘယ်သွားသလဲ"

ဟုမေးလိုက်ရာ ထိုကလေးက. . . .

"ကျွန်တော်က ဒီအိမ်က လူပဲလေ၊ အစ်ကိုကြီးနေဖို့ အမိုးဖာနေတယ်"

ဟု ဆိုကာ ကလေးသည် သွက်လက်ပေါ့ပါးစွာ ထုပ်တန်းပေါ်မှ အောက်သို့တွယ်၍ ဆင်းလာလေ၏။ ပြီးလျှင် ကျွန်ုပ်အနီးတွင် လာ၍ထိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးက အိမ်ငှားမလို့ကွ၊ လူကြီးတွေ ဘယ်သွားသလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုကလေးက. . . .

"လူကြီးတွေ ဈေးသွားတယ်၊ ညနေမှ ပြန်လာကြမှာ အစ်ကိုကြီး ရဲ့ အိမ်ငှားဖို့ကိုတော့ ကျွန်တော်နဲ့ ပြောပါ"

ဟု ထိုကလေးက ပြောလေ၏။ ကျွန်ုပ်သည် ထိုကလေးကို ကြည့်လိုက်၏။ ထိုကလေးသည် ဈေးချုပ်ဘောင်းဘီတိုကလေးကို ဝတ်ထား၏။ ထို မလောက်လေး မလောက်စား အရွယ်ကလေးတစ်ဦးနှင့် အိမ်ငှားမည့် ကိစ္စကိုပြောရန် ကျွန်ုပ်သည် ဝန်လေးလျက် ရှိ၏။

"မင်းနာမည် ဘယ်လို ခေါ်သလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

BURMESE CLASSIC .com

"တောက်တဲ့လို့ ခေါ်ပါတယ်"

ဟု ကလေးက ပြန်ပြောလေ၏။ ကျွန်ုပ်သည် ပြုံးမိလေ၏။

ကျွန်ုပ်သည် ခြံအတွင်းသို့ မဝင်မီက ခွေးရှိသလားဟု မေးလိုက်ရာ ခွေးတော့ မရှိဘူး။ တောက်တဲ့တော့ ရှိတယ်ဟု ပြန်၍ဖြေခဲ့ပုံကို သဘောပေါက်သွား၏။

"ဦးလေးက မင်းတို့ အိမ်ခန်းမှာ ငှားပြီးနေမလို့ကွ"

ဟု ကျွန်ုပ် က ပြောလိုက်ရာ တောက်တဲ့က. . . .

"အမေက အဲဒီအတိုင်း ပြောပါတယ် အစ်ကိုကြီး"





ဟု ပြန်၍ ဖြေလေ၏။ ကျွန်ုပ်က ဦးလေးဟု ပြောသော်လည်း ၎င်းက အစ်ကိုကြီးဟုသာ ကျွန်ုပ်အား ခေါ်၏။

"အဲဒီတော့ ဘယ်လို လုပ်ကြမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ တောက်တဲ့က. . . .

"အိမ်လခ တစ်လ (၅၀) ကျပ် အစ်ကိုကြီး၊ အစ်ကိုကြီး နေရမှာ ဒီအခန်းပဲ"

ဟု ပြောလေ၏။

"စပေါ်က ဘယ်လောက်လဲ"

ဟု ကျွန်ုပ်က ထပ်၍ မေးလိုက်ရာ တောက်တဲ့က. . . .

"စပေါ်တွေ စရန်တွေ မဟုတ်ဘူး၊ ပြန်မအမ်း အပိုင်ယူငွေ သုံးရာပေးရမယ်"

ဟု ပြောလေ၏။

"ပြန်မအမ်း အပိုင်ယူငွေဆိုတော့ ဒီတစ်ခါပဲ ကြားဖူးတယ်၊ ဘာသဘောနဲ့ အဲဒီလို ယူတာလဲ"

ဟု ကျွန်ုပ်က မေးရပြန်လေ၏။

"အစ်ကိုကြီးနေဖို့အတွက် အမိုးတွေ ပြန်ဖာရတာက တစ်ရာ နှစ်ဆယ်ကျတယ်၊ ကျွန်တော့်အဒေါ် အခန်းနေရာက ထရံတွေ ပေါက်နေလို့ အစ်ကိုကြီး ချောင်းမကြည့်နိုင်အောင် စက္ကူတွေ ဝယ်ကပ်ရတာက ရှစ်ဆယ်ကျတယ်"

ဟု တောက်တဲ့က ပြန်ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဒေါ် အခန်းကို ငါက ဘာကိစ္စ ချောင်းကြည့်ရမှာလဲ"

"ကျွန်တော့်အမေက ကျွန်တော့်ကို ပြောတဲ့အတိုင်း ကျွန်တော်က အစ်ကိုကြီးကို စာရေး ပြောပြတာပါ၊ ကျွန်တော့်အဒေါ် အခန်းက မလုံဘူး၊ အစ်ကိုကြီးက ချောင်းမကြည့်ဘူးပဲထား၊ ကျွန်တော့်အဒေါ်က အစ်ကိုကြီးကို ချောင်းကြည့်နိုင်သေးတာပဲ၊ အဲဒီတော့ အပေါက်တွေကို ဖာကို ဖာမှ ဖြစ်မှာ"

ဟု တောက်တဲ့က ပြောလေ၏။

"မင်းအဒေါ် ငါ့ကို ချောင်းကြည့်မှာစိုးလို့ ဖာတဲ့ဂုံစက္ကူဖိုးကိုတော့ ငါ့ထဲမှာ ထည့်မတောင်းသင့်ဘူးပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောရလေ၏။

"မပြောပါနဲ့ အစ်ကိုကြီး၊ အားလုံးပြေပြေလည်လည် ဖြစ်သွားတာ အကောင်းဆုံးပါပဲ၊ အစ်ကိုကြီး ဒီမှာနေရင် အဆင်ပြေမှာပါ၊ ကျွန်တော်ဟာလည်း အစ်ကိုကြီးအတွက် အသုံးဝင်မှာပါ၊ အစ်ကိုကြီး ခိုင်းချင်တာခိုင်းရတာပေါ့၊ အဲဒီအတွက် လခ မယူပါဘူး"

ဟု တောက်တဲ့ က ပြောလေ၏။

ကျွန်ုပ်သည် ကိုးနှစ်သားအရွယ် ကလေးတစ်ဦး၏ သွက်လက်ချက်ချာပုံကို သဘောကျမိလေတော့၏။ ထို့နောက် တောက်တဲ့က. . . .

"ကျွန်တော့် အမေကလည်း ဟင်းချက်သိပ်ကောင်းတာ ခင်ဗျ၊ အစ်ကိုကြီးအနေနဲ့ သူ့ဆီမှာ ထမင်းလခပေးပြီးစားရင် အဆင်





ပြေတာပေါ့၊ ထမင်းလခကလည်း တစ်ရာပဲယူမှာပါ၊ ဆီပြန်တစ်ခွက်ရယ်၊ ဟင်းချိုတစ်ခွက်ရယ်၊ ငန်ပြာရည်ဖျော်ရယ်၊ ကပ်စရာ့ရယ်"

ဟု တောက်တဲ့က ပြောလေ၏။

"**ကပ်စရာ** ဆိုတာ ဘာလဲကွ"

ဟု ကျွန်ုပ်က မေးရလေ၏။

"**တို့စရာ** ကို ပြောတာပါ အစ်ကိုကြီး"

ဟု တောက်တဲ့က ပြန်၍ဖြေလေ၏။

ကျွန်ုပ်သည် ထမင်းလခ တစ်ရာဆိုသည်ကို စဉ်းစားနေ၏။ ထမင်းလခတစ်ရာ ဆိုသည်မှာ မများလှပေ။ ထမင်းတစ်နပ်လျှင် တစ်ကျပ်ပြားခြောက်ဆယ်ကျော်ကျော်သာ ကျပေသည်။ ထို့ကြောင့် ဤအခန်းကို ငှားနေလျှင် နေရေးထိုင်ရေးသာမက စားရေးသောက်ရေးပါ အဆင်ပြေလေပြီဟု တွေးမိလေ၏။

ထို့နောက် တောက်တဲ့က. . . .

"ကျွန်တော့် အမေက မုဆိုးမကြီး ခင်ဗျ၊ အမေရယ်၊ ကျွန်တော်ရယ်၊ ကျွန်တော့် အဒေါ်ရယ် နေကြတာ၊ ကျွန်တော့် အဒေါ်က အပျိုကြီး၊ သူလည်း အမေနဲ့အတူ ဈေးရောင်းတယ်၊ အစ်ကိုကြီးအတွက် အသုံးဝင်မှာပါ"

ဟု ပြန်ပြောလေ၏။

"မင်းအဒေါ်က ငါ့အတွက် ဘယ်လို အသုံးဝင်မှာလဲ တောက်တဲ့ရဲ့"

ဟု ကျွန်ုပ်က မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက အကျီလျှော်မယ်၊ မီးပူတိုက်မယ်၊ အဲဒီအတွက် အစ်ကိုကြီးက သူ့ကို လခပေးရမယ်၊ တစ်လခြောက်ဆယ်ဆိုရင် ကျွန်တော့် အဒေါ်က အစ်ကိုကြီးရဲ့ အကျီအဝတ်အစားတွေကို လျှော်လည်း လျှော်ပေးမယ်၊ မီးပူလည်း တိုက်ပေးမယ်၊ အဲဒီတော့ အစ်ကိုကြီးရယ် အိမ်လခက ငါးဆယ်၊ ထမင်းလခက တစ်ရာ၊ လျှော်ဖွတ်ပေးခက ခြောက်ဆယ်၊ စုစုပေါင်း နှစ်ရာ့တစ်ဆယ်ပေးတာနဲ့ အစ်ကိုကြီးအတွက် အားလုံး အဆင်ပြေသွားမယ်၊ တစ်လကို နှစ်ရာ့တစ်ဆယ်ဆိုတော့ တစ်နေ့မှ ခုနစ်ကျပ်ပဲ ကျပါတယ်"

ဟု တောက်တဲ့က ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"ဒီအတိုင်းဆိုရင် အဆင်ပြေပါမယ် မောင်တောက်တဲ့ရယ်၊ အစ်ကိုကြီး ဒီညနေကို ပြောင်းလာခဲ့မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အစ်ကိုကြီး ပြောင်းလာရင် သိပ်ကောင်းမှာပဲ၊ ကျွန်တော်သိချင်တာတွေ မေးရမယ်၊ အမေ့ကို မေးလို့လည်း မရဘူး၊ အမေက စာကောင်းကောင်းမတတ်ဘူး၊ အဒေါ်ကို မေးလို့လည်း မရဘူး၊ အဒေါ်မှာက စဉ်းစားဉာဏ်လည်း မရှိဘူး၊ ဗဟုသုတလည်း မရှိဘူး၊ အစ်ကိုကြီးကတော့ ကျွန်တော် မေးတာတွေ ဖြေမှာပါ"

ဟု တောက်တဲ့က ပြောလေ၏။





"မင်းက ဘာတွေများ မေးချင်လို့လဲ တောက်တဲ့ရဲ့"

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်လေ၏။

"တချို့ဟာတွေ ကျွန်တော့်ဟာ ကျွန်တော် စဉ်းစားကြည့်တယ်၊ စဉ်းစားလို့ မရတာတွေ အများကြီးပဲ၊ အဲဒါတွေကျတော့ အစ်ကိုကြီးကို မေးရမှာပဲ"

ဟု တောက်တဲ့က ပြောလေ၏။

"ဘယ်လိုဟာမျိုးတွေလည်း တောက်တဲ့ရဲ့"

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်လေ၏။

"အခုတော့ မပြောတော့ပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီး ပြောင်းလာမှပဲ မေးတော့မယ်"

ဟု တောက်တဲ့က ပြန်၍ ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် တောက်တဲ့ကို နှုတ်ဆက်၍ ပြန်ခဲ့လေ၏။ ညနေပိုင်းသို့ ရောက်သောအခါ၌ ကျွန်ုပ်၏ လွယ်အိတ်၊ ကျွန်ုပ်၏ အိပ်ရာလိပ်တို့ကို ယူကာ တောက်တဲ့တို့အိမ်သို့ ပြောင်းခဲ့လေ၏။

ကျွန်ုပ် ပြောင်း၍သွားသောအခါ၌ တောက်တဲ့ အမေနှင့် တောက်တဲ့ အဒေါ်တို့သည် အိမ်သို့ပြန်လည် ရောက်ရှိနေပြီ ဖြစ်၏။ ၎င်းမိန်းမနှစ်ဦးသည် မိန်းမချောများ ဖြစ်ကြ၏။

တောက်တဲ့အမေသည် မဟာဆန်၍ ချော၏။ တောက်တဲ့၏ အဒေါ်မှာ ခေတ်ဆန်၍ ချော၏။ ၎င်းတို့ ပါးများသည် ဆေးမဆိုးရပါဘဲလျက် နီမြန်းလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းများမှာလည်း ရှားစေးများများဖြင့် ကွမ်းစားထားသော လူထက် နီ၏။ တောက်တဲ့၏ မိခင်သည် ကျွန်ုပ်ကို မြင်လျှင်. . . .

"လာပါ လာပါ၊ ကလေးနဲ့ လွဲထားခဲ့ရတာ ကျွန်မတို့က အားနာ နေတယ်"

ဟု အသံကလေး ဝဲတဲ ဝဲတဲဖြင့် ပြောလေ၏။

တောက်တဲ့၏ အဒေါ်ကမူ ကျွန်ုပ်ကို မြင်လျှင် မည်သို့ဖြစ်သည် မသိ။ မျက်နှာကြီး အောက်သို့ ငုံ့၍ထား၏။ ကျွန်ုပ်နေရမည့် အခန်းကို တောက်တဲ့၏ အမေက လိုက်၍ပြသည်။

တောက်တဲ့၏ အမေက တံမြက်စည်းလှဲ၍ ပေးသည်။ တောက်တဲ့၏ အမေက ကျွန်ုပ်အား. . . .

"ကျွန်မသား တောက်တဲ့ကတော့ ဆရာ့အတွက် အဖော်ရမှာပါ"

ဟု ပြောလျှင် ကျွန်ုပ်က. . . .

"ကျွန်တော့်အဖို့တော့ သားကလေး တစ်ယောက်ရတယ် ပြောရမလား၊ တူကလေး တစ်ယောက်ရတယ် ပြောရမလား မဆိုနိုင်ပါဘူးဗျာ"

ဟု ပြောလိုက်ရာ တောက်တဲ့၏ အဒေါ်သည် ကျွန်တော့်အား မျက်စောင်း လှမ်း၍ထိုး၏။ သူ၏ မျက်စောင်းသည် ကျွန်ုပ်၏ ရင်ဝကို လေးခွနှင့် 'ဒေါက်'ခနဲ ပစ်လိုက်သကဲ့သို့ ရှိ၏။ တောက်တဲ့သည် ကျွန်ုပ်အတွက် အိပ်ရာကို ခင်းပေး၏။ သူ၏ အမေကမူ ကျွန်ုပ်ပစ္စည်းများကို နေရာချထားပေး၏။ သူ၏အဒေါ်သည် ကျွန်ုပ်သောက်ရန် ရေအိုးကို ရေဖြည့်ပေး၏။





ကျွန်ုပ်က တောက်တဲ့၏ အမေအား. . . .

"နာမည်လေး ဘာလေး ပြောကြပါဦး၊ ကျွန်တော့်နာမည်က **အောင်ထွန်း** လို့ ခေါ်ပါတယ်၊ ပေဒင်လေး ဘာလေး တွက်တော့ **'မင်းသိခ်'** ဆိုတဲ့ နာမည်နဲ့ တွက်တယ်၊ ဇာတိက ရန်ကုန်ကပါ၊ အိမ်ထောင် မရှိဘူး"

ဟု ပြောလိုက်ရာ တောက်တဲ့၏ မိခင်က ခစ်ခနဲ ရယ်၏။

"ကျွန်မလည်း အိမ်ထောင်မရှိပါဘူး၊ ကျွန်မက မုဆိုးမ၊ ရှင်ကရော မုဆိုးဖိုလား"

ဟု ကျွန်ုပ်အား ပြန်၍ မေးလိုက်ရာ ကျွန်ုပ်က. . . .

"တောက်တီး တောက်တဲ့ဗျာ၊ ဘုရားပေးပေး၊ ကျမ်းပေးပေး၊ မိန်းမဆိုလို့ အပျင်းပြေ ရိုက်စရာတောင် မရှိဘူး"

ဟု ပြန်ပြောလိုက်ရာ တောက်တဲ့ အမေက. . . .

"မိန်းမဆိုတာ အပျင်းပြေရိုက်ရတဲ့ ပစ္စည်းမှ မဟုတ်ဘဲ၊ ရှင် ဒီလောက်ရိုက်တာ ဝါသနာပါရင် မနက်ဖြန် ဖျာတွေထားခဲ့မယ်၊ နေပူရင် တုတ်နဲ့ ရိုက်ပေတော့"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်သည် တောက်တဲ့အမေ၏ ဟာသဉာဏ်ရွှင်ပုံကို သဘောကျ၍ သွားလေ၏။ ကျွန်ုပ်၏စိတ်၌ ဤမိန်းမအား သားမှတ်မှတ် မယားမှတ်မှတ်ယူ၍ အခြေချရလျှင် ကောင်းမည်လောဟူ၍ပင် စိတ်ကူးမိလေတော့၏။ သို့ရာတွင် တောက်တဲ့အမေ မုဆိုးမကို ကျွန်ုပ်ယူလျှင် ကျွန်ုပ်အား လှည်းကျိုးထမ်းသည်ဟု ပြောကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တောက်တဲ့ကဲ့သို့သော လှည်းဒေါက်ကလေးပါ အဆစ်ရခြင်းအတွက် ကျွန်ုပ်၌ နစ်နာစရာ မရှိပေ။

"ကဲပါလေ၊ ခင်ဗျားတို့ရဲ့ နာမည်တွေ ပြောစမ်းပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့အမေက. . . .

"ကျွန်မနာမည်က စောလှနွယ်၊ ကျွန်မညီမ နာမည်က စောမြနွယ်"

ဟု ပြောလိုက်ရာ. . . .

"ကျုပ်တို့ဆီမှာဆိုရင် ဒီနာမည်မျိုးတွေက ဥစ္စာစောင့်တွေ မှည့်တဲ့ နာမည်မျိုးတွေဗျ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် စောလှနွယ်က. . .

"ကျွန်မတို့ နှစ်ယောက်ကိုလည်း 'ဥစ္စာစောင့်' လို့ပဲ သဘော ထားလိုက်ပါတော့"

ဟု ပြောဆို၍ ရယ်မောလေ၏။

ကျွန်ုပ်သည် ၎င်းတို့အထဲတွင် ထမင်းလခပေးစားမည် ဖြစ် ကြောင်း ပြောဆို၍ အဝတ်အစားလည်း လျှော်ပေးရန် ပြောရာ စော နွယ်က သဘောတူလေ၏။ ထို့နောက် ကျွန်ုပ်သည် အေးဆေးစွာ ကြမ်းပြင်ပေါ်၌ ဝမ်းလျားမှောက်၍ ဆေးလိပ်ဖွာလျက်ရှိစဉ် တောက်တ ရောက်ရှိလာလေ၏။

"ကျွန်တော် အစ်ကိုကြီးကို မေးစရာတစ်ခုရှိတယ်၊အဲဒါ ကျွန်တေ အခုမေးမယ်"

ဟု ပြောလိုက်ရာ ကျွန်တော်က. . . .





"မင်းမေးတိုင်း ငါဖြေရမှာလား"

ဟု ပြန်ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့သည် ကျွန်ုပ်၏မျက်နှာကို စူးစူးဝါးဝါး ကြည့်၏။ နောက်မှ . . . .

"အစ်ကိုကြီး ဖြေဖို့အတွက် ကျွန်တော်က ဘာလုပ်ပေးရမှာလဲ၊ ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"ဒါကတော့ ရပါတယ်၊ ပိုက်ဆံမရှိလည်း ကိစ္စမရှိပါဘူး၊ ငါက မင်းမေးတာကို ဖြေတဲ့အခါတိုင်းမှာ မင်းက ငါ့ကို နင်းပေးရ မယ်၊ ဖြေတဲ့အခါမှာ သိပ်ပြီး ညောင်းတယ်ကွ"

ဟု ပြောလိုက်လျှင် တောက်တဲ့က. .

"အစ်ကိုကြီးက ညောင်းလို့လား၊ ညောင်းရင် ကျွန်တော် နင်း ပေးမှာပေါ့၊ ကျွန်တော် မေးတာကို ဖြေချင်ဖြေ၊ မဖြေချင်နေ ရပါတယ်၊ အစ်ကိုကြီး ညောင်းတယ်ဆိုရင် ကျွန်တော်ကတော့ နင်းပေးရမှာပဲ"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကဲ မေးချင်လည်း မေးကွာ၊ ငါ ဖြေတတ်ရင်လည်း ဖြေမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က အောက်ပါအတိုင်း ပြော လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဟိုဟိုသည်သည် သွားတဲ့အခါတိုင်းမှာ အမေက နင့်ကို **ပရှုးခေါင်းဖြတ်** တွေ ဖမ်းပြီး ခေါင်းဖြတ်လိမ့်မယ် တဲ့၊ ဒါနဲ့ ကျွန်တော်က **ပရှုးခေါင်းဖြတ်** ဆိုတာ ဘာလဲလို့ မေးလိုက်တယ်။

အဲဒီအခါမှာ အမေက **ပရှုးခေါင်းဖြတ်** တွေဟာ လမ်းတွေထဲ၊ ရပ်ကွက်တွေထဲ ဝင်လာပြီး ကလေးတွေကို ဖမ်းသွားတယ်။ ပြီးတော့ ခေါင်းဖြတ်မယ်။ ဒါပေမဲ့ **ပရှုးခေါင်းဖြတ်**တွေက သူတို့ဖြတ်တဲ့ ခေါင်းပြတ်တိုင်းကို မယူပါဘူးတဲ့။ ပြုံးပြုံးလေး မျက်နှာနဲ့ သေနေတဲ့ ခေါင်းကိုပဲ ယူတာတဲ့။ ကျန်တဲ့ ခေါင်းတွေကို လွှင့်ပစ်လိုက်တယ်ဆိုပဲ။ သဇင်ပန်းတွေဟာ ဒီဇင်ဘာလကျရင် ပွင့်တယ် မဟုတ်လား။ အဲဒီတော့ ကျွန်တော်လည်း **ပရှုးခေါင်းဖြတ်** ကို သိပ်ပြီး သိချင်တဲ့စိတ်ပေါ်လာတယ်။

"**ပရှုးခေါင်းဖြတ်** ဆိုတာ ဘာလဲ၊ ပြောပြစမ်းပါ အစ်ကိုကြီးရ" ဟု တောက်တဲ့က စိတ်အားထက်သန်စွာ မေးလိုက်ရာ. . . .

ကျွန်ုပ်က. . . .

## "မင်းမေးတိုင်း ငါက ဖြေရမှာလား"

ဟု ပြန်၍ ပြောလိုက်လျှင် တောက်တဲ့သည် နှစ်လိုဖွယ်ရာ ပြုံးပြလိုက်လေတော့၏။ ၎င်းအပြုံး၏ အဓိပ္ပာယ်မှာ. . . .

"အစ်ကိုကြီး ခိုင်းချင်ရာ ခိုင်းပါ၊ ကျွန်တော် လုပ်ပေးပါ့မယ်" ဟူသည့် အဓိပ္ပာယ်မျိုး ပါဝင်နေ၏။ ထိုအခါ ကျွန်ုပ်က. . .





"အလကား ပြောတာပါ တောက်တဲ့ရာ၊ ငါသိသလောက် ရှင်းပြပါ့မယ်၊ ဒါပေမဲ့ အိပ်ငိုက်တယ်ဆိုပြီး ပြန်သွားလို့တော့ မဖြစ်ဘူး"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . .

"စိတ်ချပါ အစ်ကိုကြီးရာ"

ဟု ကတိပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကမ္ဘာပေါ်ရှိ **ပရှုးခေါင်းဖြတ်** များအကြောင်းကို ပြောပြလေတော့သတည်း။

□□□□□□□□□



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂)

တောက်တဲ့သည် ကျွန်ုပ်အား ပသျှူးခေါင်းပြတ်အကြောင်း ပြောပြရန် ထပ်မံ၍ ပူဆာပြန်၏။ ထိုအခါ ကျွန်ုပ်က. . .

"ဒီလိုရှိတယ် တောက်တဲ့ရဲ့၊ မင်းမေးတဲ့ ပသျှူးခေါင်းပြတ် ဆိုတာ အသင်းတစ်ခုကွ၊ အဲဒီအသင်းမှာ ပသျှူးတစ်ယောက်မှ မပါဘူး၊ ဘယ်သူ့ဟိုမှလည်း ခေါင်းမဖြတ်ဘူး၊ ဒါပေမဲ့ မြန်မာပြည်မှာက အဲဒီနာမည်ကြီး တွင်ကျယ်နေတယ်၊အမှန်က ဒီသတင်းရဲ့ နာမည်'ဖရီးမေဆင်' လို့ ခေါ်တယ်၊ 'ဖရီးမေဆင်' ဆိုတာ လွတ်လပ်ပြီး အသိအမှတ်ပြုထားသော ပိသုကာ ဆရာလို့ အဓိပ္ပာယ်ရတယ်၊ ဥရောပတိုက် အလယ်ခေတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းရန်ဆရာတွေ ဖွဲ့စည်းခဲ့တဲ့ အသင်းကနေ စတင် ပေါ်ပေါက်လာခဲ့တာပါကွာ၊ ဥရောပတိုက်မှာက ရှေးတုန်းက ဘုရားရှိခိုးကျောင်းကြီးတွေ၊ ဘုန်းကြီးကျောင်းကြီးတွေ ခရစ်ယာန် အယူဝါဒနဲ့ ဆက်သွယ်နေတဲ့ အဆောက်အအုံကြီးတွေကို အုတ်တွေ၊ ကျောက်ပြားတွေနဲ့ အများအပြား ဆောက်လုပ်ခဲ့ကြတာကွ၊ အဲဒီတော့ ကျွမ်းကျင်တဲ့ ပန်းရန်ဆရာတွေ အများကြီး လိုအပ်တာပေါ့ဗျာ၊ မြို့တိုင်း ရွာတိုင်းမှာလည်း ကျွမ်းကျင်သူဆိုတာ မရှိနိုင်ဘူး၊ အဲဒီတော့ ပန်းရန်ဆရာတွေဟာ သူတို့အချင်းချင်း အသင်းဖွဲ့ထားပြီး အမြို့မြို့အနယ်နယ်ကို လှည့်ပြီး ဆောက်ခဲ့တော့တာပဲ၊ အဲဒီမှာ ပညာရှင်အချင်းချင်း၊ အသင်းဝင်အချင်းချင်း အကူအညီပေးနိုင်အောင်လို့ အထိမ်းအမှတ်တွေ၊ နှုတ်ဆက်နည်းတွေ လိုအပ်လာတယ်၊ အဲဒီ လိုအပ်ချက်တွေကို စည်းကမ်းတကျဖြစ်အောင် ရှေးအကျဆုံး 'ဖရီးမေဆင်အသင်း' ဖြစ်တဲ့ 'အင်ဒင်ဘာရောလော့ဂျ်' လို့ ခေါ်တဲ့ ဖရီးမေဆင်ဘုံအိမ်တစ်ခုမှာ ၁၅၉၉ ခုနှစ်ကတည်းက စတင်ချမှတ်ခဲ့တယ်၊ အချင်းချင်း နှုတ်ဆက်နည်း၊ အချင်းချင်း အသိအမှတ်ပြုနည်းအားလုံးဟာ လျှို့ဝှက်နည်းချည်းပဲ၊ လူအုပ်ထဲမှာ တစ်ဦးကို တစ်ဦး လက်ဆွဲနှုတ်ဆက်တာတောင်





ဖရီးမေဆင်အချင်းချင်းသိအောင် နှုတ်ဆက်နိုင်တယ်ကွ" ဟု ကျွန်ုပ်က ပြောလိုက်ပြီးလျှင် ကျွန်ုပ်ထံတွင် သိမ်းဆည်း စုဆောင်းထားသော ဖရီးမေဆင် နှစ်ဦး လက်တွဲနှုတ်ဆက်နေပုံကို ထုတ်ယူ၍ တောက်တဲ့အား ပြောလိုက်လေ၏။

တောက်တဲ့သည် ထိုပုံကို ကြည့်ပြီးနောက်. . . .

"အစ်ကိုကြီးရယ် သူတို့ လုပ်တာက တစ်ယောက်နဲ့ တစ်ယောက် လက်ဆွဲနှုတ်ဆက်သလိုနဲ့ လက်မနဲ့ကုတ်ပြီး အချက်ပေးတာပဲ" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ရယ်ရသေးတော့၏။

"အခု အစ်ကိုကြီးပြောတဲ့ ဖရီးမေဆင်တွေ ရှိသေးသလား" ဟု တောက်တဲ့က မေးလိုက်လေ၏။

"ရှိသေးတာပေါ့ကွ၊ ဒါပေမဲ့ အခုလက်ရှိ ဖရီးမေဆင်တွေက အင်္ဂလန်မှာရှိတဲ့ ဗဟိုဘုံအိမ်ကြီးက ပေါက်ပွားလာတာတွေကွ၊ အဲဒီအိမ်ကြီးဟာ ၁၇၁၇ ခုနှစ်မှာ စပြီး တည်ထောင်တာ" ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။

မှတ်ချက်။ ။

မြန်မာနိုင်ငံတွင် ယခုအခါ၌ ဖရီးမေဆင်အသင်းများ မရှိတော့ပါ။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းက ကျွန်တော်တို့ဆီမှာ ရှိတယ်ဆိုတာ အဟုတ်ပဲလား"

ဟု တောက်တဲ့က မေးလေ၏။

"ရှိတယ် တောက်တဲ့ရဲ့၊ တို့ဆီမှာ 'လော့ဂျ်' လို့ခေါ်တဲ့ ဘုံအိမ် (၁၄) ခုတောင် ရှိတယ်၊ မော်လမြိုင်၊ ပြင်ဦးလွင်၊ ပုသိမ် အဲဒီမြို့တွေမှာလည်း ရှိတယ်၊ မော်လမြိုင်က ဖရီးမေဆင်အသင်းဆိုရင် သူ့ရဲ့လော့ဂျ်ကို **'ဖီလန်သရိုပီ'** လို့ နာမည်ပေးထားတယ်၊ အဲဒါဟာ မြန်မာပြည်ရဲ့ ရှေးအကျဆုံး ဖရီးမေဆင်အသင်းပဲ၊(၁၈၅၀)ပြည့်နှစ်က တည်ထောင်ခဲ့တယ်လို့ ဆိုတယ်ကွ၊မြန်မာနိုင်ငံမှာ ဖရီးမေဆင်အသင်းကြီးကိုတော့ တက္ကသိုလ်ကျောင်းအုပ်ဆရာကြီးဟောင်း **'မစ္စတာအယ်ထင်စီ'** က အကြီးအကဲပြုလုပ်ပြီး (၁၈၅၈) ခုနှစ်မှာ တည်ထောင်တယ်၊ အဲဒီ ဗဟိုအသင်းကြီးဟာ အင်္ဂလန်ဗဟိုအသင်းကြီးနဲ့ တိုက်ရိုက် ဆက်သွယ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ တောက်တဲ့သည် မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ကျွန်ုပ်၏ မျက်နှာကို ငေးကြည့်နေ၏။ ထို့နောက်မှ. . . .

"အစ်ကိုကြီးရယ် ဟိုတုန်းက ပန်းရန်ဆရာတွေ ဖွဲ့ထားတဲ့အသင်းကြီးပဲ၊ အခု လူတွေက ဘာဖြစ်လို့ ဆက်ပြီး လုပ်နေကြတာလဲ"

ဟု မေးလိုက်လေ၏။







ဖရီးမေဆင် အချင်းချင်း လက်ဆွဲနှုတ်ဆက်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



"ဒီအသင်းရဲ့ ရည်ရွယ်ချက်က အချင်းချင်း ကူညီရိုင်းပင်း ပြုနိုင်ရေးဆိုတော့ ပန်းရန်တွေမဟုတ်ပေမယ့်လည်း လူမှု အသင်းအနေနဲ့ ဆက်ပြီး ရှိနေတာပေါ့ကွာ"

ဒါပေမဲ့ ဒီအသင်းရဲ့ အစဉ်အလာက လျှို့ဝှက်ရမယ်ဆို သဘောပါနေလေတော့ အသင်းသားတွေဟာ အဲဒီစည်းကမ်းတွေ အခုလည်း လိုက်နာကြတယ်၊ အဲဒီလို လျှို့ဝှက်တာကြောင့်လည်းတို့ဆို အဲဒီ အသင်းကို ခေါင်းဖြတ်တဲ့ အသင်းဆိုပြီး အထင်လွဲခံရတာ

ဟု ကျွန်ုပ်က ရှင်းပြလေ၏။

"တော်တော် ခိုင်ခိုင်ခံ့ခံ့ ခမ်းခမ်းနားနား လုပ်ထားတဲ့ အသ တစ်ခုပဲနော်၊ အစ်ကိုကြီး"


ဟု တောက်တဲ့က ပြန်၍ ပြောလေ၏။

"ခမ်းနားတယ်ကွ၊ ခမ်းနားတယ်၊ ညီအစ်ကိုနောင်ရင်း ချစ် ခြင်းလို့ အမည်ပေးထားတဲ့ ဖရီးမေဆင်ဘုံအိမ်တစ် အတွင်းပိုင်းကို ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံဟာ ဗြိတိသျှ ပြတိ ထဲမှာ ရှိတယ်ကွ၊ အဲဒါ က (၁၉၁၀) ခုနှစ်လောက်က ရိုက် အဲဒီပုံတစ်ပုံ ငါ့မှာ ရှိတယ်၊ ငါပြမယ်"

ဟု ဆိုကာ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ သေတ္တာထဲ၌ သိမ်းထား ပသျှူးခေါင်းဖြတ်အသင်းတစ်သင်း၏ ဓာတ်ပုံကို တောက်တဲ့ ထုတ်ပြလေ၏။







ပသျှူးခေါင်းဖြတ်အသင်း၏ အတွင်းပိုင်းပုံ



www.burmeseclassic.com

www.burmeseclassic.com





ဝေလမင်းသားနှင့် ကောနော့မြို့စားကြီးပုံ





တောက်တဲ့သည် ထိုပုံကို ကြည့်၍. . . .

"တော်တော်ကို ခမ်းခမ်းနားနား လုပ်ထားတာပဲနော်၊ အဲဒီ အသင်းထဲမှာက ဘယ်လိုလူမျိုးတွေ ပါဝင်ကြသလဲ"

မေးလိုက်လေ၏။

"လူတွေကတော့ အစုံပဲဟေ့၊ စစ်ဘက်က ပုဂ္ဂိုလ်တွေလည်း ပါတယ်၊ ကျောင်းဆရာတွေလည်းပါတယ်၊ ဆရာဝန်တွေလည်း ပါတယ်၊ မင်းညီ မင်းသားတွေတောင် ပါသေးတယ်၊ **'ဝေလ မင်းသား'** နဲ့ **'ကော့နော့'** မြို့စားကြီး (၁၈၈၇) ခုနှစ်က ဖရီးမေဆင် အဝတ်အစားတွေနဲ့ ရိုက်ထားတဲ့ ပုံတစ်ပုံ အင်္ဂလန်မှာရှိတဲ့ **'ဟာလ်တန်'** ပုံပြစာကြည့်တိုက်မှ ပြထား တယ်ကွ"

ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"အဲဒီပုံကို ကျွန်တော် ကြည့်ချင်လိုက်တာ အစ်ကိုကြီးရယ်" ပြောလေ၏။ ထိုအခါ ကျွန်ုပ်သည် သေတ္တာ၌ သိမ်းဆည်းထားသော ဓာတ်ပုံကို ထုတ်ယူ၍ တောက်တဲ့အား ပြလိုက်ရပြန်၏။

တောက်တဲ့သည် ထိုပုံကို ကြည့်ပြီးနောက် အနည်းငယ် ပြုံး လိုက်လေ၏။

"ဘာပြုံးတာလဲ တောက်တဲ့ရဲ့"

ကျွန်ုပ်က မေးလိုက်ရာ တောက်တဲ့က. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝေလမင်းသားလေးကလည်း ဘောလုံးကန်တဲ့ လူတွေ ဖြေ
ထောက်ထိရင် လိမ်းတဲ့ 'စလုံးလင်နမင်' ပုလင်းကပုံနဲ့ တူ
လိုက်တာ"

ဟု ပြောလေ၏။

"မင်းလည်း တော်တော် ကပ်သီးကပ်သပ် ပြောတတ်တဲ့ ကော
ပဲ တောက်တဲ့ရယ်"

ဟု ဆိုကာ ၎င်းအား ကျွန်ုပ်အနီးသို့ တိုးခိုင်းပြီးလျှင် ခေါင်းကို ပုတ်လိုက်
လေ၏။

"နေပါဦး အစ်ကိုကြီးရဲ့၊ အဲဒီအသင်းမှာ မိန်းမတွေရော
ပါသလား"

ဟု မေးလေ၏။

"ပါတယ်ကွ၊ (၁၇၁၀) ခုနှစ်မှာ အိုင်ယာလန်ဘုံအိမ်မှာ အမျိုး
သမီးကြီး တစ်ဦး ဖရီးမေဆင်ထဲကို ဝင်ခဲ့ဖူးတယ်၊ သူဟာ
ပထမဆုံး ဖရီးမေဆင်အသင်းဝင် အမျိုးသမီးကြီးပဲ၊ သူ့နာမည်
က 'အဲလိဇဘက်စိန့်လယ်ဂျာ' လို့ ခေါ်တယ်၊ သူ့ပုံက
လည်း စာစောက ပုံပြစာကြည့်တိုက်မှာ ရှိတယ်ကွ၊ အဲဒီ
မင်းကို ငါပြဦးမယ်"

ဟု ဆိုကာ ကျွန်ုပ်သည် သေတ္တာအတွင်းမှ 'အယ်လိဇဘက်စိန့်လယ်ဂျာ
၏ ပုံကို ထုတ်ယူ ပြလိုက်လေ၏။







အဲလိဇဘက်စိန့်လယ်ဂျာ၏ပုံ



www.burmeseclassic.com

www.burmeseclassic.com





ဖရီမေဆင်အမျိုးသမီးအသင်းဝင်များပုံ





တောက်တဲ့သည် ထိုပုံကို ကြည့်ပြီးနောက်. . .

"ကျွန်တော့် အမေလောက်နီးနီး ချောပါတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. . .

"မင်းအဒေါ်ထက်တော့ ပိုချောမယ် ထင်တယ်"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . . .

"ဒါကြောင့် အမေက ပြောတာ၊ ငါ့ ညီမလေး အိမ်ထောင် မကျမချင်း ဒီဘေးအခန်းကို လူပျိုအိမ်ငှားသမား မတင်ဘူးတဲ့"

ဟု ပြန်ပြောလိုက်လေ၏။

"ဟော့ကောင် တောက်တဲ့၊ တိုးတိုးပြော၊ မင်းအဒေါ် ချောင်းပြီး နားထောင်ချင် နားထောင်နေမှာ၊ အဲလိုချောင်းပြီး နားထောင် နေရင် ငါတို့ ပြောတဲ့စကားတွေ နားစွန်နားဖျားကြားပြီး သူ့ကို ငါကြိုက်တယ်လို့ ထင်နေဦးမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"တကယ် ပြောတာလား အစ်ကိုကြီး"

ဟု ပြန်၍ မေးလိုက်လေ၏။

"မိန်းမ မရှိတဲ့ တိုင်းပြည်ကို ရောက်ရင်တော့ မင်းအဒေါ်ကို ကြိုက်မိမလား မဆိုနိုင်ဘူး"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . . .

"ထားလိုက်ပါတော့ဗျာ၊ ကျွန်တော့် အဒေါ်က ပသျှူးခေါင်း ပြတ်လောက် အရေးမကြီးပါဘူး၊ ပသျှူးခေါင်းပြတ်အကြောင်း ဆက်ပြောပါဦး"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်က. . .

"နောက်ပိုင်းမှာတော့ ဖရီးမေဆင်အသင်းမှာ မိန်းမတွေ အများကြီး ပါဝင်လာတယ်ကွ၊ မိန်းမတွေထဲကကိုပဲ အသင်းလူကြီးတွေ၊ ဘာတွေ ဖြစ်တာတောင် ရှိသေးတယ်ကွ၊ မင်းကို ပုံတစ်ခုပြရဦးမယ်၊ အမျိုးသမီးအသင်းလူကြီးနဲ့ အသင်းဝင်တွေရဲ့ ပုံပေါ့ကွာ"

ဟု ဆိုကာ ကျွန်ုပ်သည် သေတ္တာကို ဖွင့်ရပြန်သည်။ ထို့နောက် ပုံကို ထုတ်ရပြန်၏။



အသင်းဝင်ဖြစ်ရန် အစစ်ဆေးခံနေပုံ





တောက်တဲ့သည် ထိုပုံကို ကြည့်၍. . . .

"ကလေးတွေရော ဝင်လို့ရသလား"

ဟု မေးလိုက်လေ၏။

"မရဘူးကွ၊ အရွယ်ရောက်ပြီးမှ ဝင်လို့ရတယ်"

ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လေ၏။

"အဲဒီအသင်းထဲ ဝင်တဲ့အခါ ဘာတွေလုပ်ရသေးသလဲ"

ဟု တောက်တဲ့က မေးလိုက်လေ၏။

"အသင်းက ချက်ချင်း ဝင်ခွင့်မပေးသေးဘူးကွ၊ စစ်ဆေးသေးတယ်၊အသင်းသားအသစ်ကို စစ်ဆေးဖို့ မျက်စိကို အဝတ်စည်းပြီး အသင်းလူကြီးရှေ့ကို ခေါ်လာရတယ်၊ အင်္ဂလန်မှာ ဖရီးမေဆင်တစ်ယောက် အသင်းဝင်တစ်ယောက် အသင်းဝင်ဖြစ်ဖို့ အစစ်ဆေးခံနေပုံကို မင်းကို ပြရဦးမယ်"

ဟု ဆိုကာ သေတ္တာကို ဖွင့်ရပြန်၏။ ထို့နောက် သေတ္တာကို ဖွင့်ကာ ဓာတ်ပုံကို ထုတ်၍ တောက်တဲ့ကို ပြရပြန်၏။

တောက်တဲ့သည် ထိုပုံကို ကြည့်ပြီးနောက်. . .

"အစ်ကိုကြီးရယ် သေတ္တာကို တစ်ခါတည်း ဖွင့်ထားစမ်းပါဗျာ၊ ခင်ဗျားဟာက ဆတ်တငံ့ငံ့၊ ခင်ဗျားဟာက ရှမ်းဘုန်းကြီး အိပ်မက်စာအုပ် ဖတ်ရသလိုပဲ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းဘုန်းကြီး အိပ်မက်က ဘယ်လိုတုံးကွ၊ ငါမသိလို့ နည်းနည်း ပြောပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . .

"အစ်ကိုကြီးဆီကို စာတိုက်ကနေ အဲဒီစာမျိုး မလာဖူးဘူးလား၊ ရှမ်းဘုန်းကြီး အိပ်မက်ဖြစ်သည်၊ ဤစာကို ကိုးစောင်ဝေသောကြောင့် ညောင်ရွှေမှ လူတစ်ယောက် ထီပေါက်သွားသည်၊ မဝေသောကြောင့် အိမ်မီးလောင်သွားသည်။ နောက်တဖန် ပြန်၍ ဝေလိုက်သောကြောင့် အလုပ်တွင် ရာထူးတက်၍ အောင်ဘာလေသိန်းဆု ဆွတ်ခူးသွားသည် ဆိုတာမျိုးလေ အစ်ကိုကြီးရဲ့၊ သူဟာက ဝမ်းပဲသာရမလိုလို၊ ဝမ်းပဲ နည်းရမလိုလို"

ဟု ပြောလိုက်လေ၏။

"အဲဒါ ရွှေပေလွှာ ခေါ်တယ်ကွ၊ မြန်မာပြည်မှာ ပထမ ကမ္ဘာစစ်ပြီးတုန်းက စခဲ့တာပေါ့ကွာ၊ အစမှာတော့ အင်္ဂလိပ်လိုကွ၊ နောက်မှ မြန်မာလို ဖြစ်သွားတာ၊ ရှမ်းဘုန်းကြီးအိပ်မက်က တော့ နောက်အကျဆုံး ရွှေပေလွှာပေါ့ကွာ၊ လူနောက်တွေ လုပ်ထားတာပါ၊ အချိန်ရရင် ရွှေပေလွှာအကြောင်း ပြောပြဦးမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေတော့သတည်း။

□□□□□□□□□□





## အခန်း (၃)

တောက်တဲ့သည် ကျွန်ုပ်အား နင်းပေး၏။ ထို့နောက် ခြင်မကိုက်စေရန် ယပ်ခတ်ပေး၏။ ထိုအချိန်၌ တောက်တဲ့၏ အမေက. . .

"တောက်တဲ့ရေ၊ မအိပ်သေးဘူးလား"

ဟု လှမ်း၍ မေးလိုက်လျှင် တောက်တဲ့က. . .

"မအိပ်သေးဘူး အမေရဲ့၊ ခုမှ **ပသျှူးခေါင်းပြတ်** က ကောင်းတုန်း ရှိသေးတာ"

ဟု ပြောလိုက်လျှင် တောက်တဲ့၏ အမေက ကျွန်ုပ်အား. . .

"ဆရာရေ တောက်တဲ့က ဒါမျိုးစောင့်နေတာ၊ ကျွန်မဆီတောင် လာမှာမဟုတ်တော့ဘူး၊ ဆရာ့ဆီမှာပဲ နေတော့မယ်ထင်တယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း ဒါမျိုး စောင့်နေတာ၊ တောက်တဲ့လို သားလေးပဲ ဖြစ်ဖြစ်၊ တူလေးပဲဖြစ်ဖြစ် ရချင်လိုက်တာဗျာ"

ဟု ပြန်၍ ပြောလိုက်လေ၏။ တောက်တဲ့၏ အမေကလည်း အားကျမခံ

"သားကလေး လိုချင်ရင်တော့ တူကလေးရမှာ မဟုတ်တော့ဘူး၊ တူကလေး လိုချင်ရင်တော့ သားကလေးရမှာ မဟုတ်တော့ဘူးနော်"

ဟု အသံဝဲဝဲဖြင့် ပြန်၍ ပြောလေ၏။

"ဒါက ဒီလိုရှိပါတယ် တောက်တဲ့တို့ အမေရေ၊ ကိုယ့်မှာ မရှိတော့လည်း သားအဖြစ်ပဲရရ၊တူအဖြစ်ပဲရရ လိုချင်တယ် ပြောတာပါ၊ ကျိန်းသေကြီး သားဖြစ်ရမယ်၊ တူဖြစ်ရမယ် ပြောလို့ ဘယ်ဖြစ်မလဲ၊ ရချင်တာရဆိုပြီး ကံစမ်းမဲထိုးတဲ့ သဘောပေါ့ဗျာ"

ဟု ပြောလိုက်လျှင် တောက်တဲ့၏အမေက 'ခစ်ခနဲ' ရယ်လေ၏။

ထိုသို့ ရယ်ပြီးနောက်. . .

"လက္ခဏာဆရာပဲ ကိုယ့်ဟာကိုယ် တွက်ကြည့်ပေါ့၊ သားရမှာလား၊ တူရမှာလား မတွက်တတ်ဘူးလား"

ဟု မေးလိုက်လေ၏။

"ဆံပင်ညှပ်တဲ့သူဟာ ကိုယ့်ခေါင်းက ဆံပင်ရှည်လာရင် ကိုယ့်ဟာ ကိုယ် ညှပ်လို့မရဘူးဗျ၊ အဲဒီလိုပဲ ကိုယ့်ဟာကိုယ် တွက်ရတာ သိပ်ခက်တယ်၊ ဒါပေမဲ့ အမေက မှာဖူးတယ် အရင်လာတဲ့





ဝယ်သူကို ဈေးဦး မလှန်ရဘူးတဲ့၊ ဈေးတဲ့အောင် ရောင်းရတယ်လို့ဆိုပဲ၊ သားလေး အရင်လာရင် သားလေးပေါ့ဗျာ၊ တူလေး အရင်လာရင် တူလေးပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့၏ အမေက. . . .

"နှစ်ယောက်စလုံးလာရင် ဘယ့်နှယ့်လုပ်မတုံး"

ဟု မေးလိုက်ရာ. . .

"အဲဒါကတော့ မကျွေးနိုင်ဘူးဗျို့၊ကလေးကနှစ်ယောက်တောင်၊ ကျုပ်က ဝင်ငွေသိပ်ကောင်းတာ မဟုတ်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"အမေရယ် တော်ပါတော့ဗျာ၊ ပသျှူးခေါင်းပြတ် မရောက်ဘဲ နေတော့မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . .

"မင်းအတွက် ပသျှူးခေါင်းပြတ် က အရေးကြီးတယ်ကွ၊ ငါ့အတွက် မင်းလိုသားကလေးတစ်ယောက်၊ တူကလေး တစ်ယောက်ရဖို့ အရေးကြီးတယ်ကွ"

ဟု ပြောလိုက်ရလေ၏။ ထိုအခါ တောက်တဲ့က. . .

"အခု ပသျှူးခေါင်းပြတ်အကြောင်း ပြောစမ်းပါ၊ သားကလေး၊ တူကလေးတစ်ယောက် လိုချင်ရင် ရန်ကုန်ကျတော့ရှာတာပေါ့"

ဟု ပြောလိုက်သဖြင့် ကျုပ်ရော တောက်တဲ့အမေပါ ဝါးခနဲ ရယ်လိုက်ကြလေ၏။ တောက်တဲ့၏ အဒေါ်ကမူ အခန်းတွင်းမှ တစ်ယောက်တည်း ကျိတ်၍ ပြုံးနေဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး အစ်ကိုကြီးရဲ့၊ အစ်ကိုကြီး ပြောတဲ့ ဖရီးမေဆင်တွေက သူ့ဟာသူ အဖွဲ့အသင်းလုပ်တာကို ကျွန်တော်တို့ မြန်မာတွေက ဘာကြောင့် ခေါင်းဖြတ်တယ်လို့ စွပ်စွဲရတာတုံး၊ အဲဒါ ဖြေစမ်းပါဦး"

ဟု တောက်တဲ့က မေးလိုက်လေ၏။

"ဒါက ဒီလိုကွ၊ သူတို့အဖွဲ့မှာက ဒီဂရီတွေ အများကြီး ရှိတယ်၊ ဒီဂရီဆိုတာ အဆင့်တွေတက်တာပေါ့ကွာ၊ တတိယ ဒီဂရီမှာဆိုရင် လူကို သေတယ်လို့မှတ်ယူခိုင်းပြီး ကြမ်းပြင်ပေါ်မှာ ပက်လက်လှန်ခိုင်းတယ်၊ ပြီးတော့ ပိတ်ဖြူကြီးနဲ့ပတ်ပြီး ခေါင်းထဲ ထည့်တယ်၊ ပြီးတော့မှ ခေါင်းကိုဖုံးပြီး သတ်ပစ်လိုက်တဲ့ သဘောပဲ၊ အဲဒီလို အခမ်းအနားကျင်းပနေတာကို ဖရီးမေဆင်မှာ ခိုင်းထားတဲ့ ဒရိုင်ဘာ၊ ထမင်းချက်တွေက ချောင်းကြည့်ပြီး ခေါင်းဖြတ်တယ်လို့ ယူဆထားတာ၊ တကယ်သတ်ကုန်ပြီ၊ တကယ်ခေါင်းတွေ ဖြတ်ကုန်ပြီလို့ ထင်တာ၊ အထဲက လူက ဘာမှ မဖြစ်ဘူး၊ ဒီနေရာမှာ စည်းကမ်းတစ်ခုတော့ ရှိတယ်၊ ဓားနဲ့ ခုတ်ပြီးပြီးချင်း မေးခွန်း မမေးရဘူး။

ဘာဖြစ်လို့လဲဆိုတော့ သေသွားတဲ့လူဆိုတော့ မေးလည်း ဖြေနိုင်မှာ မဟုတ်လို့ပဲ၊ တအောင့်လောက်ကြာတော့မှ ခေါင်းကို





ဖွင့်တယ်၊ ခေါင်းထဲကလူရဲ့ မျက်နှာနဲ့တည့်တည့် မျက်နှာကျက်မှာ ချိတ်ဆွဲထားတဲ့ မှန်အိမ်ကလေးကို ကြိုးလျှော့ပြီး မျက်နှာနား ရောက်တဲ့အထိ ချပေးလိုက်တယ်၊ အဲဒီ မှန်အိမ်အလင်းရောင်ကို ခေါင်းထဲကလူက မြင်တာနဲ့ တစ်ပြိုင်နက် ဘဝသစ်ကို ရရှိပြီလို့ အဓိပ္ပာယ်ရတယ်၊အဲဒီ မီးရောင်ကို 'မေဆင်လိုက်' လို့ ခေါ်တယ်၊ အဲဒီအလင်းရောင်ကို မြင်တဲ့ အခါမှာ အထဲက လူဟာ အသက်ပြန်ရှင်လာတယ်လို့ ဆိုလိုတာပေါ့၊အဲဒီအခါကျမှ အပြင်ကလူက 'သင့်နာမည် ဘယ်သူလဲ' လို့ မေးရတယ်၊ အထဲကလူက 'နာမည်မရှိဘူး' လို့ ပြန်ဖြေတယ်။

ဖရီးမေဆင်အဖွဲ့က လူက ဒီလူကို နာမည်အသစ်ပေးရတယ်၊ အဲဒါကို မြန်မာအလုပ်သမားတွေက ချောင်းကြည့်ပြီး ခေါင်းတွေ ဖြတ်ကုန်တယ်လို့ ထင်ကုန်ကြတာပေါ့၊ အဲဒီမှာ သူတို့ပေးချင်တဲ့နာမည်တွေ ပေးပြီးတော့ အေးချမ်းတဲ့ ဖရီးမေဆင်အဖွဲ့ဟာ မြန်မာပြည်မှာ ပသျှူးခေါင်းဖြတ် အဖြစ်နဲ့ နာမည်ကြီးတော့တာပဲ၊ ဟောဒီမှာ ငါသိမ်းထားတဲ့ ပုံတွေ၊ ခေါင်းထဲ မဝင်ခင်ပုံ၊ ခေါင်းထဲဝင်ပြီးပုံ၊ လည်ပင်းနေရာလောက်ကို မှန်းပြီး ခေါင်းဖုံးကို ဓားနဲ့ခုတ်ဖို့ မှာကြားနေပုံတွေပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com





ခေါင်းထဲမဝင်ခင်ပုံ

လာဘ်မိုးရွှေစာပေ





ခေါင်းထဲဝင်ပြီးပုံ

လာဘ်မိုးရွှေစာပေ

www.burmeseclassic.com

www.burmeseclassic.com





ခေါင်းကိုတားနှင့်ခုတ်ရန် မှာကြားပုံ







တောက်တဲ့သည် ထိုပုံများကို ကြည့်ပြီးနောက် . . . .

"အစ်ကိုကြီးကတော့ ကပ်သီးကပ်သပ်တွေ စုထားပါတယ်၊ အံ့ရော"

ဟု ပြောလေ၏။

"အဲဒီလိုဆိုရင် မင်းကို ငါ ထူးထူးဆန်းဆန်းပုံတစ်ခု ပြဦးမယ်၊ အဲဒါက ၁၇၄၇ ခုနှစ်က တာဘော်လတန်ဆိုတဲ့ မြို့မှာ အသင်းချုပ်ကနေ စိန့်ဂျိမ်းအသင်းခွဲကို လူထုပရိသတ်နဲ့ အောင်လံလွှင့်ထူပေးနေပုံ ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com










"ပြီးတော့ နောက်ထပ်တစ်ပုံ ကြည့်လိုက်ဦး၊ (၁၈) ရာစုနှစ်မှာ လန်ဒန်ဖရီးမေဆင်အသင်းရဲ့ အသင်းပိုင်အသင်းကွဲများရဲ့ စာရင်းချုပ် ပုံပေါ့ကွာ"



နောက်ထပ်ပုံတွေလည်း ငါ့မှာ အများကြီး ရှိသေးတယ်ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"နောက်ပုံတစ်ခု ပြဦးမယ်၊ အဲဒါက (၁၈၇၅) ခုနှစ်၊ တော်ဝင် အဲလဘတ်ခန်းမမှာ သတ္တမအကျ်ဳဒွတ်ဘုရင် အင်္ဂလန်အသင်း




www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရဲ့ ခေါင်းဆောင်အဖြစ် ဖရီးမေဆင်အသင်းကို တက်ရောက်ပုံပဲကွ"



"နောက်ပြီး ဟောဒီမှာ (၁၈၈၃) ခုမှာ မီးလောင်ပျက်စီးသွားတဲ့ လန်ဒန်မြို့က တစ်ခုသော ဖရီးမေဆင်ခန်းမပုံပဲ၊ အဲဒါက ပန်းချီလက်ရာကွယ့်"

ဟု ဆိုကာ ပုံများကို ထုတ်ပြလေ၏။

ကောက်တဲ့သည် ပုံများကို ကြည့်၍ သဘောကျနေ၏။ ထို့နောက် တောက်တဲ့က. . . .









www.burmeseclassic.com

www.burmeseclassic.com



"ချမ်းလှပြီ၊ ဆယ့်နှစ်နာရီလည်း ထိုးတော့မယ်၊ ကျွန်တော် အိပ်တော့မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. . .

"ဒီမှာ အိပ်မှာလား"

ဟု မေးလိုက်လျှင် တောက်တဲ့က ပြုံး၍. . . .

"ကျွန်တော် ဒီမှာအိပ်လို့ မဖြစ်ဘူး၊ အမေက ကျွန်တော့်ကို လာနှိုးလိမ့်မယ်၊ အဲဒီအခါမှာ ကျွန်တော် မနိုးတော့ဘဲ အခြားလူတစ်ယောက်ယောက်နိုးမှာ စိုးရိမ်မယ်၊ ကျွန်တော့်အမေအတွက် အန္တရာယ်ရှိတယ်"

ဟု အတည်ပေါက်နှင့် ပြောဆိုကာ ၎င်း၏ အခန်းဘက်သို့ ပြန်သွားလေတော့သတည်း။

□□□□□□□□□□





## အခန်း (၄)

နောက်တစ်နေ့ ညနေတွင် ကျွန်ုပ်သည် ထမင်းစားပြီးနောက် စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ ထိုအချိန်၌ တောက်တဲ့သည် ကျွန်ုပ်ထံသို့ ကူးလာပြီး. . .

"အစ်ကိုကြီး မြန်မာပြည်မှာရော ပသျှူးခေါင်းပြတ် တွေ ရှိသလား"

ဟု မေးလိုက်၏။

"ရှိတယ်ကွ၊ ငါ့မှာသိမ်းထားတဲ့ အထောက်အထားတွေ အများကြီးပဲ၊ အဲဒီအထောက်အထားတွေထဲကနေပြီး (၇-၅-၁၉၂၆) ရက်နေ့မှာ ကိုထွန်းအုံဆိုတဲ့ ပသျှူးခေါင်းပြတ်တစ်ယောက်ကို အင်္ဂလန်ကနေ ချီးမြှင့်လိုက်တဲ့ အဆင့်ရာထူး လက်မှတ်တစ်စောင်ကိုပြမယ်"

ဟု ဆိုကာ ကျွန်ုပ်သည် ပသျှူးခေါင်းပြတ် ကိုထွန်းအုံ၏ လက်မှတ်ကို ထုတ်၍ပြလိုက်လေ၏။


တောက်တဲ့သည် ထိုလက်မှတ်ကို ကြည့်ပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com







ပသျှူးခေါင်းပြတ် ကိုထွန်းအုံ၏ ရာထူးတိုးလက်မှတ်ပုံ





"ဒီလိုအထောက်အထားနဲ့ ဆိုတော့ ယုံရတာပေါ့လေ"
ဟု ပြောလိုက်လေသည်။

"အထောက်အထားနဲ့ ပြမယ်ဆိုရင်တော့ နောက်တစ်စောင် ပြလိုက်ဦးမယ်၊ အဲဒါကတော့ (၁၃-၁-၁၉၂၈) သောကြာနေ့မှာ အယ်ချွန်ဖောင် ဆိုတဲ့ မြန်မာပြည်က ပသျှူးခေါင်းပြတ် တစ်ယောက်ကို အသင်းခေါင်းဆောင်ခန့်တဲ့ ခန့်အပ်စာပဲ ဟောဒီမှာကြည့်"
ဟု ဆိုကာ ကျွန်ုပ်သည် ထိုစာရွက်ကို တောက်တဲ့အား ထုတ်ပြလိုက်လေတော့၏။




အန်ချွန်ဖောင်အား အသင်းလူကြီး ခန့်အပ်သော လက်မှတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့သည် ထိုစာရွက်ကို ကြည့်ပြီးနောက်. . .

"ယုံပါပြီ အစ်ကိုကြီးရယ်၊ ပြီးတော့ ပသျှူးခေါင်းပြတ် ဆိုတာ အလွန်အင်မတန် စည်းကမ်းရှိပြီး၊ အလွန်အင်မတန် ခိုင်ခံ့တဲ့ အဖွဲ့အစည်းကြီးတစ်ခု ဖြစ်တယ်ဆိုတာရယ်၊ ကျွန်တော်တို့ ထင်ထားတဲ့ လူတွေကို ခေါင်းဖြတ်တယ်ဆိုတာရယ်၊ သေသေချာချာ သိရပါပြီ။

ကျွန်တော့် သူငယ်ချင်း အိုက်ဆန်နဲ့ အိုက်ပန်တို့ကို သေသေချာချာ ရှင်းပြလိုက်ပါ့မယ်၊ သူတို့လည်း ပသျှူးခေါင်းပြတ်တွေကို အကြောင်းမသိဘဲ ကြောက်နေကြတယ်၊ ကျွန်တော့် အမေကလည်း ဂယနဏမသိဘဲ ဒီဇင်ဘာလ သင်္ကြန်ပန်း ပေါ်ချိန်မှာ ခေါင်းဖြတ်သလေး ဘာလေးနဲ့ ကျွန်တော့်ကို ပြောတော့တာပဲ"

ဟု တောက်တဲ့က ပြောလေ၏။

"ဒါကတော့ ဒီလိုရှိတယ် တောက်တဲ့ရဲ့ မြန်မာပြည်က ပသျှူးခေါင်းပြတ် တွေက ဒီဇင်ဘာလမှာ အစည်းအဝေးပြုလုပ်လေ့ရှိတယ်၊ ဒါကို နားစွန်းနားဖျား ကြားပြီးပြောတာဖြစ်မှာပေါ့၊ အမှန်ကတော့ အဲဒီအသင်းမှာ ပသျှူးလည်းမပါဘူး၊ ခေါင်းလည်း မဖြတ်ဘူး။

ဖရီးမေဆင်ဆိုတဲ့ အသင်းပါကွာ၊ လူရည်တတ်တွေ စုစည်းထားတဲ့ အသင်းပါ၊ အန္တရာယ်လုံးဝမရှိပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ တောက်တဲ့ အမေက. . .





"ဟဲ့ကောင်လေး တောက်တဲ့၊ နင် မေးတာချည်းပဲ ဖြေနေရရှာတယ်၊ သူ့ဖာသာသူ စိတ်အေးလက်အေးနဲ့ စာလေးဘာလေး ဖတ်ပါစေလားကွယ်"

ဟု တစ်ဖက်ခန်းမှ လှမ်း၍ပြောလိုက်ရာ တောက်တဲ့က ကျွန်ုပ်အား မဲ့ပြလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က တောက်တဲ့အနီးသို့ ကပ်ကာ

"ဘာမှမဟုတ်ဘူးကွ၊ ငါ့အနားမှာ မင်းရှိနေတာကို မင်းအမေက မနာလိုဖြစ်နေတာ ဖြစ်လိမ့်မယ်၊ တကယ်က မင်းအမေက မင်းနေရာမှာ ရှိချင်ပုံရတယ်"

ဟု ခပ်တိုးတိုး ပြောလိုက်ရာ တောက်တဲ့က. . . .

"လူတွေဟာ ကိုယ့်ဟာ ကိုယ်တော့ ထင်ကြတာပဲ၊ ထင်တာဟာ ထင်တာပဲ ဖြစ်တယ်၊ တကယ်မဟုတ်ဘူး၊ ထင်တဲ့အတိုင်း တကယ်ဖြစ်မယ်ဆိုရင် လူတွေအားလုံး ထီပေါက်ကုန်ကြမှာပေါ့ အစ်ကိုကြီးရာ"

ဟု တောက်တဲ့က ပြန်၍ ပြောလေ၏။

"မင်းစကားက အဆန်းပါလား၊ ငါဖြင့် နားမလည်ပါဘူး"

ဟု ပြန်၍ ပြောလိုက်ရာ. . . .

"ဒီလိုလေ အစ်ကိုကြီးရာ၊ ထီထိုးတဲ့လူတွေဟာ ထီပေါက်မယ် ထင်လို့ ထီထိုးကြတာပေါ့၊ တကယ်ကျတော့ ထီထိုးတဲ့လူတိုင်း ထီမပေါက်ဘူးလေ အစ်ကိုကြီးရဲ့၊ အဲဒါကို ကြည့်ရင် ထင်တာနဲ့ တကယ်ဟာ တခြားဆိုတာ အစ်ကိုကြီး သဘောပေါက်သင့်ပါတယ်"

ဟု တောက်တဲ့က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ သိပ်ပြီးတတ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"တတ်တာမဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ လောကကြီးကို ရိုးရိုးလေး ကြည့်မြင်တတ်လို့ပါ။ လူတွေဟာ အကြောင်းအရာတစ်ခုကို ကြည့်မြင်တဲ့အခါမှာ ရိုးရိုးလေးကြည့်လေ့ မရှိကြဘူးဗျ၊ အကြောင်းအရာတစ်ခုကို ကြည့်တဲ့အခါမှာ ကိုယ်ထင်တာတွေ၊ ကိုယ်သိတာတွေကို ထည့်ထည့်ပြီး ကြည့်လေ့ရှိတယ် မဟုတ်လား"

ဟု တောက်တဲ့က ပြန်၍ ပြောလိုက်လေ၏။ ကျွန်ုပ်သည် တောက်တဲ့၏ စကားကြောင့် ပြုံးလိုက်လေ၏။

"မင်းနဲ့တော့ စကားပြောရမှာတောင် ငါတော့ ကြောက်လာပြီ တောက်တဲ့ရေ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တစ်ဖက်ခန်းမှ တောက်တဲ့၏ အမေက. . .

"ဆရာရေ တောက်တဲ့နဲ့ စကားပြောရင် ကြည့်ပြောနော်၊ သူက စုံထောက်လိုပဲ"

ဟု လှမ်း၍ ပြောလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်က. . . .

"ဘယ်လိုလဲ တောက်တဲ့တို့ အမေရေ၊ စုံထောက်လိုပဲဆိုတာ ခင်ဗျား ဘာကို ဆိုလိုတာလဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဒီလိုလေ ဆရာရဲ့၊ ရုပ်ရှင်တွေထဲမှာ စုံထောက်ပါလာရင် သိပ်ပြီး ကြည့်လို့ကောင်းတာပဲ၊ လူသတ်မှုတွေ ဘာတွေ ဖြစ်





နေတဲ့နေရာမှာ စုံထောက်တွေရောက်လာပြီး ပစ္စည်းအတိုအစတွေ ကြည့်တယ်၊ ဆေးလိပ်တိုတွေ ကြည့်တယ်၊ ပြီးလည်းပြီးရော သူ့ဖာသာသူ အသေးစိတ် စဉ်းစားတော့တာပဲ၊ စဉ်းစားပြီး ဟိုဆက် ဒီဆက်နဲ့ လုပ်လိုက်တာ တကယ့် လူသတ်တဲ့လူကို မိတော့တာပဲ"

ဟု တောက်တဲ့တို့ အမေက ပြောလေ၏။

"အဲဒါ စုံထောက် မဟုတ်ပါဘူး၊စီအိုင်ဒီက မဟုတ်လား အမေရဲ့"

ထို့ကြောင့် ကျွန်ုပ်က. . . .

"စီအိုင်ဒီ ဆိုတာက စုံထောက်ဌာနရဲ့ နာမည် ကွ၊ ဒီတော့ မြန်မာပြည်မှာက စီအိုင်ဒီကပဲပေါ့ကွာ"

ဟု ပြောလိုက်လေ၏။

"ရုပ်ရှင်မှာ ကျွန်တော် ခဏခဏ တွေ့ရတယ်၊ အစ်ကိုကြီးပြောတဲ့ စီအိုင်ဒီက စုံထောက်လည်း တွေ့ရပါတယ်၊ ထားပါတော့လေ၊ မြန်မာပြည်က စုံထောက်အကြောင်းပဲ ပြောပြပါ။ သူတို့က ဘယ်လိုလုပ်ပြီး စုံထောက်ကြတာလဲ၊ အမှုတွေက ဘာဖြစ်လို့ ပေါ်ရတာလဲ၊ အဲဒီစုံထောက်ဆိုတဲ့အကြောင်း ကျွန်တော် သိပ်ပြီးစိတ်ဝင်စားတာပဲ၊ ကျွန်တော့်ကို ရှင်းပြပါ"

ဟု တောက်တဲ့က ပြောလေ၏။

ထိုအခါ တောက်တဲ့တို့ အမေက တစ်ဖက်ခန်းမှနေ၍. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာရဲ့၊ ကျွန်မလည်း ကြားရအောင် ကျယ်ကျယ် လေး ပြောပြပါ၊ ကျွန်မလည်း အဲဒီစုံထောက်အကြောင်း သိပ် ပြီး သိချင်ထာပဲ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း တောက်တဲ့အနီးသို့ကပ်ကာ. . . .

"ဟော့ကောင် တောက်တဲ့ ငါ မပြောဘူးလား၊ မင်းအမေ စိတ် ဝင်စားနေတယ်"

ဟု ခပ်တိုးတိုးလေး ပြောလိုက်ရာ တောက်တဲ့က. . .

"ကျွန်တော့်အမေ စိတ်ဝင်စားနေတာ အစ်ကိုကြီးကို စိတ်ဝင် စားတာ မဟုတ်ဘူး၊ ပြဿနာကို ရိုးရိုးလေး ကြည့်စမ်း မြင် စမ်းပါ အစ်ကိုကြီးရယ်၊ ကိုယ်ဖြစ်ချင်တာတွေ ထည့်ထည့်ပြီး မကြည့်စမ်းပါနဲ့"

ဟု ပြောလေ၏။

"ဒီလိုလေကွာ၊ မင်းအမေက စုံထောက်အကြောင်း စိတ်ဝင်စား လို့ပါ၊ ကျွန်မလည်း နားထောင်ပါရစေဆိုပြီး၊ ဒီဘက်ခန်း ကူး လာမယ်၊ အဲဒီလိုကနေပြီး တဖြည်းဖြည်းနဲ့ ငါနဲ့ နီးစပ်သွားမယ် နောက်တော့ ငါ့ကို သူက ရှင့်ကို ကျွန်မက စိတ်ဝင်စားနေတာ ကြာပြီ့လို့ ပြောမယ်၊ အဲဒီအခါမှာ ငါကလည်း မင်းကို အားနာ ပြီး သူ့ရဲ့မေတ္တာကို လက်ခံလိုက်မယ်၊ နောက်ဆုံး ငါယူလိုက် မယ်ပေါ့ကွာ၊ အဲဒီအခါမှာ မင်းက ငါရဲ့ မယားပါသား ဖြစ် သွားပြီး၊ ငါကလည်း မင်းရဲ့ပထွေး ဖြစ်သွားမယ်၊ ရှင်းပြီးလား တောက်တဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .





"ခက်တာပဲဗျာ၊ကိုယ်ဖြစ်ချင်တာတွေ ထည့်ပြီးစဉ်းစားတာကိုး"

ဟု ပြောဆိုကာ ရယ်လေ၏။ တောက်တဲ့သည် လွန်စွာသဘော ကောင်း သူဖြစ်၏။ ကျွန်ုပ်က စိတ်ဆိုးအောင် ပြောသော်လည်း စိတ်မဆိုးဘဲ ရှိလေ၏။ တောက်တဲ့၏ အမေကမူ တစ်ဖက်ခန်းမှနေ၍. . .

"ဆရာရေ တောက်တဲ့ကတော့ မနားတမ်း မေးတော့မှာနော်"

တောက်တဲ့၏အမေသည် ရေနွေးကြမ်းတစ်အိုးနှင့် နှစ်ပြန် ကြော်ခေါ် တို့ဟူးကြော် တစ်ပန်းကန်ကို လာပို့လေ၏။

"ကဲ. . . အစ်ကိုကြီး နှစ်ပြန်ကြော်လည်းစား၊ အခါးရည်လေး လည်းသောက်၊ ကျွန်တော်မေးတဲ့ စုံထောက်အကြောင်းလည်း ပြော"

ဟု ပြောလေ၏။

"ဒီလိုရှိတယ် တောက်တဲ့ရဲ့၊ ငါက လမ်းမှာ လျှောက်ပြီး ဟော တဲ့ လက္ခဏာဆရာကွ၊ ရဲထဲလည်း မဝင်ဘူး၊ မင်းပြောတဲ့ စီအိုင်ဒီထဲကလည်း မဟုတ်ဘူး၊ အဲဒီတော့ မင်းပြောတာ ငါ ဘယ်လိုပြောရမလဲ မသိဘူး၊ ငါလည်း မင်းလိုပဲ စုံထောက် ဆိုတာကို ရုပ်ရှင်ထဲမှာ မြင်ဖူးတယ်၊ ဝတ္ထုထဲ ဖတ်ဖူးတယ်၊ အပြင်မှာ ငါနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ဒီအပြင် ဘာမှ မပိုဘူး၊ အဲဒီတော့ ငါက ဘယ်လိုလုပ်ပြီး စုံထောက်အကြောင်း ဘယ်လို ပြောပြရမှာတုံး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . .



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ပြန်ကြော်နဲ့ ရေနွေးကြမ်းလည်း ရောက်ရော အစ်ကိုကြီးက စကားတစ်မျိုးပြောပြီ၊ ဘာပဲဖြစ်ဖြစ် စုံထောက်အကြောင်းသိသလောက်တော့ ပြောပြ၊ မပြောရင် ကျွန်တော်တော့ မအိပ်ဘူး"

ဟု ပြောလေ၏။

"ဒီလို တောက်တဲ့ရဲ့ လူသတ်မှုဖြစ်တယ် ဆိုပါတော့၊ မင်းတို့ ငါတို့ အနေနဲ့ကတော့ လူသတ်မှုဖြစ်တယ်လို့ ပြောလေ့ရှိတယ်၊ ရဲအဖွဲ့မှာကျတော့ အဲဒီလို မပြောပြန်ဘူး၊လူသတ်မှုပဲ ဖြစ်ဖြစ်၊ ဘာအမှုပဲဖြစ်ဖြစ် အခင်းဖြစ်တယ်လို့ ပြောလေ့ရှိတယ်၊ အခင်းဖြစ်တဲ့နေရာဆိုတာ အမှုဖြစ်တဲ့ နေရာပေါ့ အင်္ဂလိပ်လိုတော့ (SEEN OF CRIME) လို့ ခေါ်တယ်၊ စုံထောက်တစ်ယောက်ဟာ လူသတ်မှုဖြစ်တယ်လို့ တစ်စုံတစ်ယောက်လာပြီး ပြောတာနဲ့ ကျင့်ထုံးနဲ့ ပုဒ်မ (၁၅၄) အရ တိုင်ချက်ရေးရတယ်ကွ၊ အဲဒီလိုရေးပြီးတာနဲ့ စောစောက သွားရောက်စစ်ဆေးပိုင်ခွင့် ဖြစ်တယ်၊ ဒါက ဘာကိုဆိုလိုတာလဲဆိုတော့ စုံထောက်မှာ တာဝန်ရှိတယ်လို့ ဆိုချင်တယ်၊ အခြားလူက အဲဒီနေရာကိုသွားပြီး ကြည့်ခွင့်လည်း မရှိဘူး၊ စစ်ဆေးခွင့်လည်း မရှိဘူး၊ ပြီးတော့ စုံထောက်ကို အခင်းဖြစ်ပွားတဲ့နေရာကို သွားရောက်ခွင့်၊ ကြည့်ရှုစစ်ဆေးခွင့် ဖြစ်တယ်၊ ဒါက ဘာကိုဆိုလိုတာလဲ ဆိုတော့ စုံထောက်မှာ တာဝန်ရှိတယ်လို့ ဆိုချင်တယ်၊ အခြားလူ





က အဲဒီနေရာကိုသွားပြီး ကြည့်ခွင့်လည်း မရှိဘူး၊ စစ်ဆေးခွင့်လည်း မရှိဘူး၊ ပြီးတော့ စုံထောက်ကို အခင်းဖြစ်ပွားတဲ့ နေရာကို သွားရောက်ခွင့် ကြည့်ရှုစစ်ဆေးခွင့်တွေ ပေးထားတာ မဟုတ်ဘူး၊ တရားခံကိုတွေ့ရင် တစ်ခါတည်း ဖမ်းဆီးနိုင်တဲ့ အခွင့်အာဏာကိုပါ ကျင့်ထုံးပုဒ်မ (၁၅၇) မှာ အပ်နှင်းထားတယ်"

ဟု ကျွန်ုပ်က ပြော လိုက်လျှင် တောက်တဲ့က. . . .

"ဒီလိုဆိုရင် အလွတ်စုံထောက် တစ်ယောက်ကို အခင်းဖြစ်ပွားတဲ့ နေရာကို သွားကြည့်ဖို့ စစ်ဆေးဖို့တရားခံကို ဖမ်းဆီးဖို့ ဘယ်ကျင့်ထုံး ဥပဒေနဲ့ ဘယ်အာဏာမျိုးတွေ အပ်နှင်းထားသလဲ"

ဟု ပြန်၍ မေးလိုက်လေ၏။

"အဲဒါက ငါလည်း မသိဘူး၊ ကြားလည်း မကြားဖူးဘူး၊ အလွတ်စုံထောက်ဆိုတာ မြန်မာပြည်မှာလည်း မရှိဘူး၊အဲဒီတော့ အမှုဖြစ်ပွားတဲ့ နေရာကိုလာလို့ရှိရင် ဝတ္တရားနှောင့်ယှက်မှုပဲ၊ နိုင်ငံခြားကတော့ အလွတ်စုံထောက်ကို လိုင်စင်ပေးတယ်လို့ ငါကြားဖူးတာပဲ၊အဲဒါလည်း ငါ့အနေနဲ့ သေချာမပြောနိုင်ဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"ထားလိုက်ပါတော့ အစ်ကိုကြီးရယ် ပြောမှာသာ ဆက်ပြောပါ"

ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



…ဖြစ်ပွားတဲ့ နေရာကို စုံထောက်ဟာ မြန်နိုင်သမျှ မြန် နိုင်အောင်သွားရတယ်ကွ၊အဲဒီလို သွားရတဲ့အကြောင်းကတော့ ငါးခု ရှိတယ်၊ ပထမအကြောင်းက အခင်းဖြစ်ပွားရာမှာ အရေးကြီးတဲ့ သဲလွန်စဖြစ်တဲ့ ခြေရာတို့၊ လက်ဗွေရာတို့၊ သွေး စွန်း သွေးစတို့၊ အပြောင်းအလဲမဖြစ်ခင် စုံထောက်က ရောက် ရှိသွားဖို့ လိုတယ်။

ဒုတိယအချက်ကတော့ အချိန်နောက်ကျမှ ရောက်သွားရင် ခိုင်လုံတဲ့သက်သေ၊ ထွက်ချက်တွေ မရနိုင်တော့ဘူး၊ အဲဒီ အတွက် မြန်နိုင်သမျှ မြန်အောင် ရောက်သွားဖို့လိုတယ်။

တတိယအချက်ကတော့ တရားခံဟာ သက်သေကိုအကြောင်း အမျိုးမျိုးနဲ့ ခြိမ်းခြောက်နိုင်တယ်၊ စည်းရုံးနိုင်တယ်၊ ဖျောက် ဖျက်နိုင်တယ်၊ အဲဒီလို မလုပ်နိုင်အောင် စုံထောက်ဟာ စော နိုင်သမျှ စောအောင် ရောက်သွားဖို့ လိုတယ်၊ စတုတ္ထအချက် ကတော့ တရားခံကိုယ်တိုင် ရှောင်တိမ်းဖို့ လုံလောက်တဲ့အချိန် မရနိုင်အောင် စုံထောက်က အခင်းဖြစ်ပွားရာ နေရာကို ရောက်သွားဖို့ စောစောစီးစီး ကြိုးပမ်းရတယ်၊ ပဥ္စမအချက်က တော့ လူသတ်မှုဆိုပါတော့ အဲဒီလူသတ်မှုဟာ ပစ္စည်းကို အကြောင်းပြုပြီး လူသတ်တယ် ဆိုပါတော့၊ တရားခံဟာ အ မှာ အကျုံးဝင်တဲ့ အဖိုးတန်ပစ္စည်းကို ထုခွဲရောင်းချ လုံလောက်တဲ့အချိန် ရနိုင်အောင် စုံထောက်က အခင်းဖြစ်ပွ





ရာကို မြန်နိုင်သမျှ မြန်အောင်သွားဖို့ လိုတယ်၊ ဒီငါးချက်ကို မြန်မာပြည်မှာရှိတဲ့ စုံထောက်တိုင်း နားလည်ပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"ဒီမှာ အစ်ကိုကြီး နိုင်ငံခြားရုပ်ရှင်တွေထဲမှာ စုံထောက်တွေကို တွေ့တဲ့အခါမှာ လက်ထဲမှာ သေတ္တာအနက်ကလေး တစ်လုံးပါ လာတာ တွေ့ရတယ်၊ အဲဒီသေတ္တာထဲမှာ ဘာတွေထည့်လာ တာလဲ"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"အဲဒီသေတ္တာအနက်ထဲမှာ အမှန်တကယ် ပါရမယ့်ပစ္စည်း အမျိုးပေါင်း သုံးဆယ့်ကိုးခု ရှိတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်. . .

"များလှချည့်လား အစ်ကိုကြီးရဲ့၊ ကျွန်တော့်ကို ပြောပြပါဦး"

ဟု တောက်တဲ့က ပြောလေ၏။ ထိုအခါ ကျွန်ုပ်သည် စုံထောက်သေတ္တာ တွင် ပါလေ့ရှိသော ပစ္စည်းအမျိုး သုံးဆယ့်ကိုးခုကို ပြောရလေတော့၏။

၁။ ရိုးပုံစံ စာရွက်များ(ဥပမာ ရှာဖွေပုံစံ)
၂။ စာရွက်လွတ်များ၊
၃။ စာအိတ်များ၊
၄။ မင်နှိပ်စက္ကူများ၊
၅။ ခဲတံ နီ၊ ပြာ တစ်ချောင်း၊
၆။ ရိုးရိုးခွေးတံဆိပ်ခဲတံ (သို့မဟုတ်) ခွေးတံဆိပ်ခဲတံကဲ့သို့ ခဲနက်သောခဲတံ။



www.burmeseclassic.com

www.burmeseclassic.com



၇။ အမွှေးကောင်းသော စုပ်တံနှစ်ချောင်း၊

၈။ ဂရေးနှင့် ဂရပ်ဖိုက်အမှုန့်ကို ပုလင်းငယ်တစ်လုံးစီတွင် ခွဲထည့် လိုက်၊

၉။ လက်ပုံနှိပ်မင်၊

၁၀။ မင်လိမ့်ရန် ဒလိမ့်တုံး၊

၁၁။ မှန်ပြားတစ်ချပ်(မင်သုတ်ရန်)

၁၂။ သေသူ၏လက်ကို ပုံစံယူရန်အတွက် ချည်နှောင်ရန် ပျဉ်ပြား တစ်ချပ်၊

၁၃။ ခြေပုံစံယူရန် ဘောင်တစ်ခု၊

၁၄။ အမဲဆီဘူးငယ် တစ်ဘူး၊

၁၅။ ဖယောင်းဖြူ ရိုးရိုးတစ်ပိဿာ၊

၁၆။ ပြင်သစ်ကျောက်မှုန့် လေးပေါင်၊

၁၇။ မှန်နှစ်ချပ်(၁၀ လက်မ × ၁၂ လက်မ)၊

၁၈။ ပုံဆွဲမင်၊

၁၉။ ခြေပုံစံလောင်းရန် ဒန်ခွက်ငယ်တစ်လုံး၊

၂၀။ လက်ကိုင်ပါသော မှန်ဘီလူးတစ်ခု၊





၂၁။ ပေငါးဆယ် အရှည်ရှိ ပေကြိုး တစ်ခွေ၊

၂၂။ သံလိုက်အိမ်မြှောင်၊

၂၃။ ဇာဂနာတစ်ချောင်း၊

၂၄။ ကတ်ကြေးငယ်တစ်ခု၊

၂၅။ ပလာယာတစ်လက်၊

၂၆။ လက်နှိပ်ဓာတ်မီး တစ်လက်၊

၂၇။ ဆပ်ပြာ တစ်တုံး၊

၂၈။ လက်သုတ်ပဝါတစ်ထည်၊

၂၉။ ချိပ်တောင့် အနည်းငယ်၊

၃၀။ ဖယောင်းတိုင် တစ်ထုပ်၊

၃၁။ မီးခြစ်၊

၃၂။ သက်သေခံပစ္စည်းများ ပူးချည်ရန် ကြိုးတစ်ထုံး၊

၃၃။ လက်ထိပ်တစ်ခု၊

၃၄။ မောင်းချဓား တစ်လက်၊

၃၅။ မှန်ဖြတ်ရန် စိန်၊

၃၆။ အခင်းဖြစ်ပွားရာဒေသ၏ မြေပုံ၊



www.burmeseclassic.com

www.burmeseclassic.com



၃၇။ ဂွမ်းတစ်လိပ်(ယမ်းထောင့်များ၊ ကျည်ဆန်များ သိမ်းဆည်းရာ ၌ ထုပ်ရန်)၊

၃၈။ ကင်မရာတစ်လုံး၊

၃၉။ မှတ်စုစာအုပ် တစ်အုပ်၊

တောက်တဲ့သည် ကျွန်ုပ်ရွတ်ပြသော ပစ္စည်းစာရင်းကို နားထောင်ပြီးနောက်. . . .

"အစ်ကိုကြီး ဥစ္စာကလည်း သေနတ်လည်း မပါ,ပါလား"

ဟု မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"သေနတ်က သေတ္တာထဲ ထည့်ထားလို့ ဘယ်ဖြစ်မလဲကွ၊ ရန်သူနဲ့ တွေ့တဲ့အခါ သေသွားမှာပေါ့၊ သေနတ်က ခါးမှာလေကွာ"

ဟု ပြော လိုက်ရာ တောက်တဲ့က. . . .

"ဟုတ်တယ် ဟုတ်တယ်"

ဟု ပြောလိုက်လေတော့သတည်း။

□□□□□□□□□□





## အခန်း (၅)

ကျွန်ုပ်သည် နှစ်ပြန်ကြော်ကို စားလိုက် ရေနွေးကြမ်းကို သောက်လိုက် လုပ်နေ၏။

ကျွန်ုပ်သည် ပြောရမည့် အကြောင်းအရာများကို မပြောဘဲ အချိန်ဆွဲနေချိန် ဖြစ်၏။

တောက်တဲ့သည် ကျွန်ုပ်၏မျက်နှာကို ကြည့်ရင်း အံတကြိတ်ကြိတ် လုပ်နေ၏။ ကျွန်ုပ်လည်း မသိချင်ဟန်ပြုကာ ရေနွေးကြမ်းကို ဆက်၍ သောက်နေ၏။ ထိုအခါ တောက်တဲ့က. . . .

"ဘယ်လိုလဲ အစ်ကိုကြီး၊ ရေနွေးတစ်ကရား ကုန်တော့မယ် အစ်ကိုကြီးရဲ့၊ ကက်ဆက်က အသံမထွက်ပါလား"

ဟု ခပ်ငေါ်ငေါ် ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ် တောက်တဲ့ရဲ့၊ ငါ့ရဲ့ ကက်ဆက်က ယောက်ျား ဖွင့်လို့ အသံမပြည်ဘူးကွဲ့၊ မိန်းမဖွင့်မှ အသံပြည်တာ"

ဟု ခပ်တိုးတိုးလေး ပြောလိုက်လေ၏။

ထိုအခါ တောက်တဲ့က. . . .

"ကျွန်တော် ကြားဖူးတာက နေရှင်နယ်ကက်ဆက်၊ ဆန်ညို ကက်ဆက်၊ ဖီးလစ်ကက်ဆက်၊ အဲဒါမျိုးပဲ ကြားဖူးတယ်၊ အခု အစ်ကိုကြီး ကက်ဆက်က နှာဘူးကက်ဆက်ပါလား"

ဟု ပြောကာ ရယ်လေတော့၏။

ကျွန်ုပ်သည် တောက်တဲ့၏ သွက်လက်ဖျတ်လတ်ပုံ၊ အကင်းပါး ပုံ၊ ချေပတတ်ပုံတို့ကို သဘောကျမိသေးတော့၏။ထိုအချိန်၌ တောက်တဲ့ ၏ အမေက တစ်ဖက်ခန်းမှနေ၍. . . .

"ပြောတော့လေ ဆရာရဲ့၊ မပြောသေးဘူးလား"

ဟု အသံ ဝါစာလေးနှင့် တောင်းဆိုလိုက်လေ၏။

"ပြောမလို့ ခင်ဗျားကို စောင့်နေတာ၊ ခင်ဗျား အဆင်သင့်ဖြစ် ရင် ပြောမယ်"

ဟု ပြန်၍ ဖြေဆိုလိုက်လျှင် တောက်တဲ့သည် ကျွန်ုပ်အနီးသို့ကပ်ကာ လေသံတိုးတိုးဖြင့်. . . .

"နှာဘူးကက်ဆက်"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်ကလည်း တောက်တဲ့၏ ခေါင်းကို လက်ဖြင့် ပုတ်လိုက် ၏။ ပြီးလျှင် စုံထောက်တွေအကြောင်းကို ပြောရလေတော့၏။





"စုံထောက်တစ်ယောက်ဟာ ရာဇဝတ်မှု ဖြစ်ပွားတဲ့နေရာကို သွားပြီးကြည့်တဲ့အခါမှာ ဆောင်ပုဒ်နှစ်ခုရှိတယ်၊ အဲဒီ ဆောင်ပုဒ်နှစ်ခုကို ရင်မှာပိုက်ပြီးသွားရတယ်၊ အဲဒီ ဆောင်ပုဒ် တွေကတော့ (တစ်) ရာဇဝတ်မှု ကျူးလွန်သူတိုင်း တစ်နည်း မဟုတ် တစ်နည်းဖြင့် သဲလွန်စများ ထားခဲ့လေ့ရှိသည်၊ (နှစ်) မည်သည့်အမှု၌မဆို သက်သေခံ အထောက်အထား ရှိစမြဲ ဖြစ်သည်၊ ဆံချည်မျှင်ကဲ့သို့သော သေးဖွဲသည့် သဲလွန်စ ကလေးသည် အမှုကြီးတစ်ခုလုံးကို ပေါ်ပေါက်စေနိုင်သည်၊ ထို့ကြောင့် သက်သေခံပစ္စည်းကို ရသမျှ ရှာဖွေပါ၊ (သုံး) အရာ ဝတ္ထုနှစ်ခုကို တွေ့တိုင်း ထိတွေ့ကြောင်း အမှတ်အသားများ ကျန်ရစ်ခဲ့တတ်သည်။ (လေး) အရာဝတ္ထုတစ်ခုသည် အခြား တစ်ခုနှင့် မည်သည့်နည်းနှင့်မျှ ထပ်တူထပ်မျှ မဖြစ်နိုင်ပေ၊ (ငါး) လူတစ်ယောက်သည် အလုပ်တစ်ခုကို လုပ်ကိုင်ရာ၌ ယခင်က လုပ်ကိုင်လေ့ရှိသည့်အတိုင်းပင် လုပ်တတ်မြဲ ဖြစ် သည်၊ (ခြောက်) ရာဇဝတ်မှုကျူးလွန်သူများသည် ရိုးရိုးလူ သတ္တဝါများသာ ဖြစ်ကြသည်။တန်ခိုးရှင်၊ သိဒ္ဓိရှင်များ မဟုတ် ကြ၊ (ခုနစ်) အဖြစ်အပျက်တစ်ခုကို မည်သူမျှ တိကျမှန်ကန်စွာ ပြန်လည်ပြောဆိုနိုင်ခြင်း မရှိကြဆိုတဲ့ ဆောင်ပုဒ်ခုနစ်ခု ဖြစ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ တောက်တဲ့ရယ်၊ အဲဒီအချက်တွေဟာ အရေးကြီးတာပေါ့၊ အဲဒီထက် အရေးကြီးတဲ့ကိစ္စ ရှိသေးတယ်၊ အဲဒါကိုတော့ အင်္ဂလိပ်လို 'ပရီကွန်ဆိဗ်သီဆိုရီ' လို့ခေါ်တဲ့ ကြိုတင်မှန်းဆ တရားခံဖော်ထုတ်ခြင်းကိစ္စပဲ၊ စုံထောက်တစ်ယောက်ဟာ အဲဒီနယ်မြေကို ကျွမ်းကျင်တယ် ဆိုပါတော့ အဲဒီနယ်မြေမှာလည်း 'ငနီ' ဆိုတဲ့ လူဆိုးတစ်ယောက်ရှိတယ် ဆိုပါတော့၊ အဲဒီနယ်မြေမှာ လူသတ်မှုတစ်ခု ဖြစ်တယ်လို့ ကြားတာနဲ့ သူ့ရဲ့ခေါင်းထဲမှာ လူသတ်သမားဟာ 'ငနီ' ဖြစ်မှာပါပဲလို့ ကြိုပြီး အတွေးပေါက်တတ်တယ်၊ အဲဒါကို 'ပရီကွန် ဆိဗ်သီအိုရီ' လို့ ခေါ်တယ်၊ အဲဒါဟာ အစဉ်သဖြင့် လွဲမှားတဲ့အချက်ပဲ၊ ခေါင်းထဲကို အဲဒီအတွေး ဝင်လာရင်လည်း ဖျောက်ပစ်ရတယ်၊ ဖျောက်မပစ်ဘဲ အဲဒီအတိုင်း ဆက်တွေးရင် အမှုမှန်ကို မပေါ်တော့ဘူး၊ တစ်ခုပြီး တစ်ခု ဆက်မှားတော့တာပဲ၊ အဲဒီအမှားကို ဘယ်သူတွေ ကျူးလွန်တတ်သလဲဆိုတော့ အလုပ်မှာ သိပ်ပြီး စိတ်ဝင်စားတဲ့စုံထောက်တွေ ကျူးလွန်လေ့ရှိတယ်၊တရားခံကို မြန်မြန်ပေါ်ချင်တဲ့ဆန္ဒကြောင့် ဖြစ်တယ်"

ဟု ကျွန်ုပ်က ရှင်းပြလိုက်ရာ တောက်တဲ့က. . . .

"မှန်တာပေါ့ အစ်ကိုကြီးရယ်၊ ဘာမှ မမြင်ရ မတွေ့ရသေးဘဲ တရားခံကို တန်းပြီးပြောတာတော့ မှားသွားနိုင်တာပေါ့၊ အဲဒီလို မှားသွားရင် အမှားခံရတဲ့တရားခံဟာ သိပ်ပြီးနစ်နာတာပေါ့"

ဟု ပြောလိုက်လေ၏။





"နောက်ပြီးတော့ အခင်းဖြစ်ပွားရာနေရာကို သွားရောက်ကြည့်ရှုတဲ့ စုံထောက်ဟာ ပတ်ဝန်းကျင်တစ်ခုလုံးကို ပိုက်စိပ်တိုက်ပြီး ကြည့်ရတယ်၊ ကြည့်တာကလည်း ဟိုနေရာကြည့်လိုက်၊ ဒီနေရာ ကြည့်လိုက် မလုပ်ရဘူး၊ အစီအစဉ်အတိုင်း ကြည့်ရတယ်၊ အခင်းဖြစ်ပွားတဲ့နေရာကို နာရီလက်တံ လှည့်သလို ညာရစ်လှည့်ပြီး ကြည့်တာဟာ အကောင်းဆုံးပဲ၊ ပြီးတော့ ကြည့်တဲ့နေရာကိုလည်း နာရီဒိုင်ခွက်လို သဘောထားပြီး အမှတ်စဉ်တွေ ပေးထားရမယ်၊ ဆယ့်နှစ်နာရီ နေရာ၊ သုံးနာရီနေရာ၊ ခြောက်နာရီ နေရာ၊ ကိုးနာရီ နေရာဆိုပြီး ထောင့်တွေသတ်မှတ်ရမယ်၊ ပြီးတော့မှ တစ်နာရီ၊ နှစ်နာရီ၊ လေးနာရီ၊ ငါးနာရီ၊ ခုနစ်နာရီ၊ ရှစ်နာရီ၊ ဆယ်နာရီ၊ ဆယ့်တစ်နာရီ စတဲ့ နာရီဒိုင်ခွက်အတိုင်း နေရာတွေကို အမှတ်စဉ်ပေးရမယ်၊ ပြီးတော့ တစ်နာရီကနေ ဆယ့်နှစ်နာရီနေရာအထိကို တစ်ကွက်ချင်း အသေးစိတ် ကြည့်သွားရမယ်၊ တစ်နေရာ မပြီးသေးဘဲ နောက်တစ်နေရာကို မကြည့်ရဘူး၊ အဲဒီလို ကြည့်တဲ့အခါမှာ မှတ်စုထုတ်ရမယ်၊ အမှုဖြစ်ပွားသည့်နေရာ၊ လူဆိုးဝင်လာသည့်လမ်းကြောင်း၊ သဲလွန်စနှင့် သက်သေခံပစ္စည်းများရသည့်နေရာ၊ ပြီးတော့ 'နဂ္ဂတစ်ရီပို့' လို့ခေါ်တဲ့ ရှိသင့်လျက် ပျောက်ကွယ်နေသော အချက်များ၊ ဥပမာ အိမ်အဝင်မှာ လူနှစ်ယောက်ရဲ့ ခြေရာကိုတွေ့ပြီး ပြန်ထွက်တဲ့နေရာမှာ ထူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ ခြေရာကိုသာတွေ့ပြီး ခြေရာတစ်ခု ပျောက်နေတာ တွေ့ရင် အဲဒါကို နဂ္ဂတစ်ရီပို့ လို့ ခေါ်တယ်၊ တခြား ဥပမာတစ်ခုကတော့ မရှိသင့်တဲ့နေရာမှာ ရှိနေတဲ့ ပစ္စည်းကိုလည်း နဂ္ဂတစ်ရီပို့ထဲ ထည့်ရတယ်၊ ဥပမာ မိန်းမတွေချည်းနေတဲ့ အိမ်မှာ ယောကျ်ားဆောင်းဦးထုပ်တစ်လုံး တွေ့တယ်ဆိုပါတော့ အဲဒါဟာ နဂ္ဂတစ်ရီပို့ တစ်ခုပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ တောက်တဲ့က. . . .

"တော်တော် အသေးစိတ်တာပဲ အစ်ကိုကြီးရ"

ဟု ပြောလေ၏။

"ဒီလိုရှိတယ် တောက်တဲ့ရေစုံထောက်တစ်ယောက်ဟာ အခင်းဖြစ်ပွားတဲ့နေရာကို ရောက်ရှိသွားတယ် ဆိုပါတော့၊ အဲဒီမှာ အသတ်ခံရလို့ သေနေတဲ့ အလောင်းကြီးတစ်လောင်းကို တွေ့နေတယ် ဆိုပါတော့၊ သေနေတဲ့ အလောင်းကိုတွေ့ရင် စုံထောက်ဟာ သေတာ ဘယ်လောက်ကြာပြီလဲဆိုတာကို ခန့်မှန်းရတယ်၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ စုံထောက်တွေ ခန့်မှန်းတဲ့နည်းကတော့ ကြွက်သား အကြောအခြင်တွေ လျော့သွားတဲ့ အလောင်းကိုတွေ့ရင် ၁ နာရီကနေ ၄ နာရီအတွင်း သေနေ





တာလို့ သတ်မှတ်ကြတယ်၊ ခန္ဓာကိုယ် တောင့်တင်းနေရင်တော့ ၁ နာရီ ၁၆ မိနစ်ကနေ ၇ နာရီအတွင်း သေတာလို့ သတ်မှတ်ကြတယ်၊ အသားတွေ ညိုပုတ်ပုတ် ဖြစ်နေရင်တော့ သေတာ ၂၆ နာရီထက် အောက်မလျော့ဘူးလို့ ဆုံးဖြတ်ကြတယ်၊ ယင်ကြီးဥပြီး လောက်တွယ်ရင်တော့ ၃၉ နာရီ လို့ ဆုံးဖြတ်ကြတယ်၊ အလောင်းတစ်ကိုယ်လုံး ဖူးယောင်နေပြီ ဆိုရင်တော့ ၇၂ နာရီလောက် ရှိပြီလို့ ဆုံးဖြတ်ကြတယ်၊ လူဟာ သေသွားတဲ့အခါမှာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးတွေဟာ မြင့်ရာကနေ နိမ့်ရာကို စီးဆင်းတဲ့ သဘောရှိ[illegible] စီးဆင်းလို့မရတဲ့ နေရာလည်းရောက်ရော သွေးတွေက အရောင်ပြောင်းသွားတယ်၊ အဲဒါကို စုံထောက်က အကဲခတ်ရတယ်၊ အဲဒါကို အကဲခတ်ပြီးတော့ အမှုရဲ့ အသွားအလာကို ဆုံးဖြတ်ရတယ်ကွ၊ အဲဒါကိုသိရင် သေပြီးမှအလောင်းကို သိနိုင်တယ်၊ နောက်ပြီး ဆေးရုံရောက်လို့ ခွဲစိတ်တဲ့အခါမှာ အစာအိမ်ထဲကအစာကို ကြည့်ခြင်းအားဖြင့် အစာစားပြီး ဘယ်လောက်အကြာမှာ အသတ်ခံရတယ်ဆိုတာကို သိနိုင်တယ်။

ပြီးတော့ နောက်ဆုံး ဘယ်အစာကို စားခဲ့တယ်ဆိုတာ သိနိုင်တယ်၊ ဥပမာ ရှားပါးတဲ့ အစားအသောက်မျိုးဆိုရင် အရပ်



www.burmeseclassic.com

www.burmeseclassic.com



ဒေသကို ချင့်ချိန်နိုင်တယ်၊ ငါးဖယ်သုတ်နဲ့ ထန်းရည်ကို စား သောက်ပြီး အသတ်ခံတဲ့လူတစ်ယောက်ကိုကြည့်ပြီး သေသူ ဟာ မသေခင်မှာ ငါးထပ်ကြီးဘုရားလမ်းက ငါးဖယ်သုတ်နဲ့ ထန်းရည်ရောင်းတဲ့ဆိုင်ကို ရောက်ခဲ့တယ်ဆိုတာ စဉ်းစားနိုင် တဲ့အတွက် အမှုတစ်ခု ပေါ်ပေါက်ဖူးတယ်"

ဟု ကျွန်ုပ်က ရှည်လျားစွာ ပြောလိုက်လျှင် တောက်တဲ့က. . . .

"အစ်ကိုကြီး တော်တော် စာရင်းရှုပ်တဲ့ အလုပ်ပဲနော်"

ဟု ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့အမေက တစ်ဖက်ခန်းမှနေ၍ ကျွန်ုပ်အား. . . .

"ရှင်က လက္ခဏာဆရာပဲ၊ ဘယ်လိုလုပ်ပြီး စုံထောက်တွေ အကြောင်း သိနေရတာတုံး"

ဟု မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က တောက်တဲ့အနီးသို့ ကပ်သွား ပြီးလျှင် လေသံတိုးတိုးဖြင့်. . . .

"ဟဲ့ကောင်လေး၊ မင်းအမေ ငါ့ဘဝကို စိတ်ဝင်စားနေပြီကွ"

ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"အစ်ကိုကြီးဘဝကို စိတ်ဝင်စားတာပါ၊ အစ်ကိုကြီးကို စိတ်ဝင် စားတာ မဟုတ်ပါဘူး"

ဟု ပြန်၍ မေးလိုက်ရာ တောက်တဲ့က. . .





"ဘဝမှာ လူမှုမဟုတ်ဘဲ အစ်ကိုကြီးရဲ့၊ လူရဲ့ အရိပ်နဲ့ တူတယ်၊ မှန်ထဲမှာထင်တဲ့အရိပ်ကို ကြည့်ပြီး အဲဒါလူလို့ ပြောလို့ မရဘူး၊ အဲဒါ အရိပ်ပဲ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . . . .

"ဒီလိုဆိုရင် မင်းအမေဟာ ငါ့ရဲ့အရိပ်ကို သဘောကျနေပြီ အရိပ်ကနေ အကောင်အထည်ကို သဘောကျမယ်၊ နောက်ဆုံး မှာ သူနဲ့ ငါနဲ့ အိမ်ထောင်ကျသွားဖို့ ရှိတယ်"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . . .

"တော်တော်လေး ပြောရခက်ပါလား အစ်ကိုကြီးရယ်၊ အစ်ကို ကြီးရဲ့ ရောဂါသက်သာဖို့ ကျွန်တော် ဘယ်လိုလုပ်ပေးရမလဲ"

ဟု ဂရုဏာသက်သော လေသံဖြင့် ကျွန်ုပ်အား ပြောလိုက်ရာ ကျွန်ုပ်မှာ ယ်လိုက်ရလေတော့သတည်း။


□□□□□□□□□□



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၆)

## တောက်တဲ့နှင့် လက်ပုံစံ (၇) မျိုး

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် အိပ်ရာမှ အစောကြီးထခဲ့၏။ ကိုယ်လက်လှုပ်ရှားအနည်းငယ်လုပ်၏။ ပြီးလျှင် ရေမိုးချိုး၏။ ထို့နောက် ကျွန်ုပ်သည် လက္ခဏာဟောရာတွင် အသုံးပြုသော ပစ္စည်းကလေးများကို လွယ်အိတ်၌ ထည့်၏။ ထိုအချိန်၌ တောက်တဲ့ ရောက်လာပြီးလျှင်. . . .

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး မသွားနဲ့ဦးနော်၊ အမေက ထမင်းကြော် ကျွေးမလို့
တဲ့၊ ထမင်းကြော်နေတယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်သည် တောက်တဲ့အနီးသို့ကပ်ကာ ခပ်တိုးတိုးလေသံဖြင့်. . . .

"ဘာပဲဖြစ်ဖြစ် တောက်တဲ့ရေ မင်းအမေကတော့ ငါ့အပေါ်မှာ
စေတနာတွေ ရေစီးကမ်းပြိုလိုက်နေပြီဆိုတာ သေချာပါတယ်ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"အစ်ကိုကြီးရောဂါက တော်တော်ဆိုးတာပဲ၊ ကျားဆောင်းတဲ့
ခမောက်နဲ့၊ ငါးပြေမဝတ်တဲ့ ကိုယ်ကြပ်ဘောလီအကျီကို ပြား
ပြီးသောက်မှ ပျောက်မယ်ထင်တယ်"

ဟု ပြန်၍ ပြောလေ၏။ ကျွန်ုပ်မှာ တောက်တဲ့၏ စကားကြောင့် ရယ်ရ သေးတော့၏။မျှားမကြာမီ၌ပင် တောက်တဲ့၏ အမေသည် ထမင်းကြော် နှစ်ပန်းကန်နှင့် ရေနွေးခရား ယူလာလေ၏။ ကျွန်ုပ်နှင့် တောက်တဲ့သည် ထမင်းကြော် စားကြလေ၏။ ရေနွေးကြမ်းလည်း သောက်ကြလေ၏။ ထိုသို့ စားသောက်ရင်း တောက်တဲ့က. . . . .

"အစ်ကိုကြီး ဒီကနေ့ အစ်ကိုကြီး လက္ခဏာဟောတဲ့ ဆိုင်ကို
ကျွန်တော်လိုက်မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. . . .

"ကောင်းတာပေါ့ ငါ့လူရယ်၊ ငါ့မှာကလည်း လက်တိုလက်
တောင်းခိုင်းရမယ့်လူမရှိတော့ မင်းလိုက်လာတာ အတော်ပဲပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။





ထမင်းကြော် စားပြီးနောက် ကျွန်ုပ် သွားသောအခါ၌ တောက်တဲ့သည် ကျွန်ုပ်နှင့်အတူ လိုက်လာလေ၏။ လက္ခဏာဟောပြောသော နေရာသို့ ရောက်သောအခါ ကျွန်ုပ်၏ ပိတ်ဆိုင်းဘုတ်ကို တွေ့ရ၏။ ကျွန်ုပ်၏ လက္ခဏာဆိုင်သည် တောင်ကြီးမြို့ ဈေးအနီးရှိ သမဝါယမ နှံထောင့် စကြံ သမ်းတွင် ဖြစ်၏။

ကျွန်ုပ်သည် ပိတ်ဆိုင်းဘုတ်ကို ချိတ်ရ၏။ အခင်းများကို ခင်းရ၏။ ခေါက်စားပွဲလေးကို ချရ၏။

ထို့နောက် လက်ကိုင် ကိုင်းပါသော မှန်ဘီလူး၊ ပေတံ၊ ခဲတံ၊ စာရွက်လွတ်များကို စားပွဲပေါ် သို့ တင်ရ၏။ ထိုသို့ ပြုပြီးနောက် အမွှေးတိုင် တစ်တိုင်ထွန်းကာ အောက်ပါ **မနုစာရီမန္တန်** ကို ကြေးဖလားတွင် ရေထည့်၍ ရွတ်ရ၏။

**ဩောင်းနမော ဗုဒ္ဓဿ ဩောင်းနမော ဓမ္မဿ**
**ဩောင်းနမော သံဃဿ။**

ရတနာသုံးပါး တန်ခိုးအားဖြင့် ငါကား ကိုးကွယ် လွှန်တင့်တယ်သည့်၊ အံ့ဖွယ်ထင်ရှား မြတ်ဘုရား၏ ကိုယ် စားတော်မှာ ကိုးကွယ်ပါသည်။

သမ္မာဒိဋ္ဌိ ကောင်းဘိအယူ၊ ကြည်ဖြူရှင်လက်၊ ဆရာမြတ်၏ တပည့်အရင်းလျှင်ခြင်းပျံ့လို့ငြီး၊ ရန့်ကြိုင် သည် မဏ္ဍိုင်ထိပ်ပန်း၊ ရှင်လန်းညွှတ်ခ၊ ပုံနှိုင်းချ၍ ဘုရား သာသနာတွင်း၌သာလျှင်၊ ကြုံရှာခဲ့ပြီ၊ မယ်ဒေဝီလည်း



www.burmeseclassic.com

www.burmeseclassic.com



ပီပီသသ နားဝနားခေါင်၊ ထင်မြင်အောင်လျှင် ကြံဆော
ပြသ၊ သွတ်သွင်းပါသည်။

ထူးခြားတွင်ဘိ၊သမာဓိနှင့်ရှိသည့်အသျှင်၊ ပျော်ပ
ရွှင်သည့်၊ ငါလျှင် မေတ္တာပို့သတည်း။

ဩဘင်းနမာမိ၊ နမာမိ၊ ဝန္ဒာမိ သဗ္ဗဒါ။

အို . . . . သံသရာတည်းဟူသော ဘဝအဆက်
ဆက် ဖြစ်လျက်များစွာ သင်္ချာသင်္ချေ၊ မရေတွက်သ
ဒေဝါစန္ဒီ နတ်သမီး သားကြီး ငါက ဓ်ခါ၏တည်း၊ မယ
ဘွားမိခင် ငါ့ထိပ်တင် ငါလျှင်ခေါ်ပေ၊ မအေမိုး သူ မိနတ
သူ၊ ရွှင်မူနွဲ့နွဲ့ လာပါခဲ့လော့။

ဉာ်၊ ပုဗ္ဗေဟိ ပုဗ္ဗေဟိ၊ ရှေးရှေးသော ဘဝက မာတ
အမိ ဖြစ်ဖူးသောသူ မနုစာရီနတ်သမီးသည် မေ ငါ
ပုရေဟိ၊ ရှေ့ကနေပါလော့၊ မေ ငါအား သူ့အတ္တ် ကော
သောအကျိုးကို ဒေထပေးပါလော့၊ ထက်ရပ်မြင့်စွ
ဝတိံသာက၊ မာတာမိခင် ကျွန့်အရှင်၊ အလျှင်တဆေ
ဩဘင်းဒေဝတာ၊ ဒေဝတု တိဋ္ဌတု တိဋ္ဌတု၊ ဉာ်မနုစာ
သည်သွင်ပြီး နတ်သမီး နှုတ်သီးလျှာဖျား၊ အစော
ထားသည် စကားသာထိုးတိုးစေသော ဉာ်ဗုဒ္ဓစက္ခု၊ မ
စက္ခု၊ သံဃစက္ခု၊ သောတဖိဝှာ၊ သမ္မာတေဖ်၊ သမ္မာပုည
သမ္မာကမ္မံ၊ နိယံမကွာ၊ သက်တရာသည်၊ ရှည်စေသော





မြှတ်သားအခေါင် ဥသျှောင်အပါး၊ နှုတ်လျှာဖျားက၊ စောင့်
ထ မနုစာရီ အညီမယွင်း နှလုံးသွင်း၍ စွဲရင်းနှင့်ဉာဏ်၊
ပဋ္ဌိဘာန်ကို အကြဲပေးတတ်၏။ ကိုယ်စောင့်နတ်လည်း
လက်နှင့်မကွာ လိုရာသမျှ ‘တ’တိုင်းရ၍၊ မြင်က မျက်နှာ၊
လူတကာသည်၊ မေတ္တာဆပွား၊ ကျုပ်အသံ၊ ထရံကြားက
သားနှင့်အတူ ညီမူတကွ၊ နမအလား၊ ချစ်သနားသည့်၊
စီးပွား ကျုပ်ကိုဆောင်စေသော် ကိုယ်၌ ရောဂါဘေးများ
စွာလည်း၊ လျှင်စွာယခု ပျောက်စေသော် လျှောက်ပတ်
ထူးခြား၊ရသာများနှင့် ဝတ်စားစုံစွာ၊နံ့သာဆီမီး၊ ပန်းလည်း
ဆိုရာ၊ ပြင်ဆင်ပါသည်။ မာတာထွင်ပြီး၊ နတ်သမီးလည်း၊
သီးသီးရာရာ၊ သုံးဆောင်ပါ၍ သားမှာ ယခု၊ ကျွန်ုပ်မှုကို
အောင်ဆု မိခင်ပေးစေသော်၊ မိစ္ဆာစုန်းနတ် အရပ်ရပ်ကို၊
ထပ်ထပ်နိုစွ၊ တွေ့ကာလလည်း၊ ငါက သူကိုနိုင်စေသော်၊
သူတစ်ဆ ကိုယ်ဆယ်ဆ သိန်းသန်း မောက်စေသော်။
ဉာ်၊ မနုစာရီဒေဝီ အကြီးနတ်သမီး၊ သားကြီးခေါ်ရာ လာလည်း
လျင်စွာလာ ချဉ်းလည်း လျင်စွာချဉ်း။ကပ်လည်း လျင်စွာကပ်။

ကျွန်ုပ်သည် ထိုမန္တန်ကို ရွတ်ပြီးနောက် ကြေးဖလားထဲမှ ရေကို
ဆိုင်ရှေ့တွင် ပက်ဖျန်းလိုက်လေ၏။ ထို့နောက် ဗေဒင်စားပွဲလေးတွင်
ထိုင်လိုက်၏။ တောက်တဲ့မှာမူ ကျွန်ုပ်၏အနီး၌ ထိုင်လေ၏။ ထိုအချိန်
၌ မိန်းမတစ်ယောက်သည် ဆိုင်ဝတွင် လာရောက် ရပ်ပြီးလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"လက္ခဏာ ကြည့်ချင်လို့ပါရှင့်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ဝင်ခဲ့ပါ ဝင်ခဲ့ပါ"

ဟု ပြောလိုက်ရာ အသက် (၃၀) အရွယ်ရှိ မိန်းမချောတစ်ဦးသည် ခါးကို လှုပ်လှီလှုပ်လှဲ့ပြု၍ ဆိုင်တွင်းသို့ ဝင်လာလေ၏။ ထို့နောက် ကျွန်ုပ်၏ ရှေ့တွင် ထိုင်၏။ ကျွန်ုပ်သည် ၎င်း၏ နာမည်ကို မေး၏။ မွေးသက္ကရာဇ်ကို မေး၏။

၎င်းက ဖြေ၏။ ကျွန်ုပ်က စာရွက်လွတ်တွင် လိုက်လံရေးမှတ်လိုက်ရ၏။ ၎င်း၏အမည်မှာ **'တင်နွယ်ရီ'** ဟူ၍ ဖြစ်၏။

၎င်းသည် မတ်လ (၁၆) ရက်နေ့တွင် မွေးသူဖြစ်ကြောင်းလည်း သိရ၏။ထို့နောက် ကျွန်ုပ်သည် ၎င်းအား လက်ဝါးဖြန့်ခိုင်းပြီးလျှင် ၎င်း၏ လက်ဝါးကို အကဲခတ်ကြည့်ရှု၏။ ထို့နောက် ဂြိုဟ်ခုံခေါ် လက်ဝါးပေါ်မှာ အသားဆိုင်များကို ကြည့်ရှု၏။ ပြီးလျှင် လမ်းကြောင်းများကို ကြည့်ရှုပြီးနောက် အင်္ဂါဂြိုဟ်ခုံမှဖြတ်၍ အိမ်ထောင်ရေး လမ်းကြောင်းကလေး တစ်ကြောင်းကို ထောက်၍ပြပြီးလျှင် ၎င်းတင်နွယ်ရီအား. . . .

"အိမ်ထောင် တစ်ဆက်တော့ကွဲမှာ သေချာတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တင်နွယ်ရီက ကျွန်ုပ်အား ပြုံးပြ၏။ ထိုသို့ ပြုံးပြသောအခါ၌ သူ၏လှပသော သွားတက်ကလေးနှစ်ခုကို တွေ့ရ၏။

"ဆရာက သိပ်မှန်တာပဲ၊ကျွန်မ ပြီးခဲ့တဲ့လကပဲ ဒိုင်ဘို့ လုပ်လိုက်တယ်"





ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်သည် တနင်္လာဂြိုဟ်ခုံ ခေါ် လက်ဝါးစောင်း၏ အောက်ခြေမှာ ကန့်လန့်အစင်းကြောင်းလေးကို ထောက်ပြပြီးလျှင်. . . .

"မတင်နွယ်ရီ ရပ်ဝေးမြေခြား ခရီးသွားဖို့ ရှိတယ်နော်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တင်နွယ်ရီက. . . .

"အဲဒါလည်း မှန်မှာပါပဲ၊ ကျွန်မ နိုင်ငံခြားကိုသွားဖို့ ပြင်ဆင်ထားတယ်၊ ကျွန်မ ရန်ကုန် သက်န်းကျွန်းကပါ၊ တောင်ကြီးမှာ အဒေါ်တစ်ယောက်ရှိလို့ ခဏလာတာ"

ဟု ပြန်၍ ပြောလေ၏။ ကျွန်ုပ်သည် တင်နွယ်ရီ၏ လက္ခဏာအား တစိမ့်စိမ့် ဟောပြောလေ၏။ တင်နွယ်ရီသည် လွန်စွာသဘောကျနေ၏။ ထို့ကြောင့်. . . .

"ဆရာ ဒီလောက် မှန်တာ အခုလို လမ်းဘေးမှာ မဟောသင့်ဘူး၊ ရန်ကုန်မှာ ဆိုင်နဲ့ တိုက်ခန်းနဲ့ ဟောသင့်တယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"မတင်နွယ်ရီ ပြောတဲ့ကိစ္စက သိပ်ခက်မဲ့ကိစ္စ မဟုတ်ပါဘူး၊ မကြာခင် ဖြစ်လာမှာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထို့နောက် တင်နွယ်ရီသည် ကျွန်ုပ်အား ငွေတစ်ဆယ်တစ်မတ်ကိုပေး၏။ နှုတ်ဆက်ခါ ထွက်သွားလေတော့၏။ ထိုအခါ ကျွန်ုပ်အနီးတွင် ထိုင်နေသော တောက်တဲ့ကလေးက

"အစ်ကိုကြီး ဒီပညာကို တကယ်တတ်တာပဲ၊ အစက ကျွန်တော်က အစ်ကိုကြီး ဖြီးနေတာ အောင့်မေ့လို့"

ဟု ပြောသဖြင့် ကျွန်ုပ်က. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ တော်တော်ရိုက်ဖို့ကောင်းတဲ့ ကောင်ပဲ၊ ဒါပေမဲ့ အခု မရိုက်သေးဘူး၊ မင်းအနေနဲ့ ငါနဲ့ အိမ်ထောင်ကျပြီးမှ မင်းကို ရိုက်မယ်"

ဟု ပြောလိုက်ရာ တောက်တဲ့က. . .

"ကျားဆောင်းတဲ့ ခမောက်နဲ့ ငါးပြေမဝတ်တဲ့ ဘော်လီအင်္ကျီကိုတော့ အမြန်ဆုံးရှာမှပဲ၊ ဒါမှ အစ်ကိုကြီးရောဂါ သက်သာမှာ"

ဟု ပြောလိုက်လေ၏။ ထိုအချိန်မှာပင် အသက် (၄၀) အရွယ် လူကြီးတစ်ဦး ရောက်လာပြန်လေ၏။ ထိုလူကြီး၏အမည်မှာ 'ဦးက' ဟူ၍ဖြစ်၏။ ၎င်း၏မွေးရက်မှာ အင်္ဂလိပ် (၈) ရက်ဖြစ်၏။ ကျွန်ုပ်သည် စာရွက်လွတ်ပေါ်၌ အလုံးစုံလိုက်၍ ရေးမှတ်ပြီးလျှင် ထိုလူကြီး၏ လက္ခဏာကို စစ်ဆေးလိုက်၏။ ထို့နောက် ကျွန်ုပ်က. . . .

"မိတ်ဆွေကြီးရဲ့ လက္ခဏာဟာ 'ဒုက္ခကဏ္ဍရ' ဆိုတဲ့ လက္ခဏာပဲ၊ ဘဝကို ခက်ခဲပင်ပန်းစွာ လျှောက်လှမ်းခဲ့ရကြောင်း လက္ခဏာလမ်းကြောင်းတွေက ပြနေတယ်၊ ပြီးတော့ အကျဉ်းထောင်ကို တစ်ကြိမ်တစ်ခေါက် ရောက်ခဲ့ရကြောင်း၊ အသက်လမ်းကြောင်းဘေးက လေးထောင့်ကွက်က ဖော်ပြနေတယ်၊ လက်ချောင်းပေါ်က ဗွေတွေဟာ ခရုဗွေတွေကြီးပဲ ဖြစ်နေတယ်၊ အဲဒီတော့ ထောင်ထဲရောက်တာဟာ ဆိုးလို့ မိုက်လို့





ရောက်တာတော့ မဖြစ်တန်ကောင်းဘူး၊ တခြားပုဒ်မနဲ့ ရောက်တာ ဖြစ်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် (၄၂) နှစ်လောက်မှာ အတော်ကောင်းစားဖို့ ရှိတယ်၊ အချစ်ရေး အိမ်ထောင်ရေးကတော့ မကောင်းရှာဘူး"

ဟု ကျွန်ုပ်က ပြောလိုက်၏။ ထိုအခါ 'ဦးက' က. . . .

"ခင်ဗျား ခုပြောတဲ့အထိတော့ ရာခိုင်နှုန်း (၁၀၀) မှန်တယ်၊ ခင်ဗျားပြောသလို အသက် (၄၂) နှစ်မှာ ကြီးပွားချမ်းသာခဲ့ရင်တော့ လာပြီး ကျေးဇူးဆပ်ပါ့မယ်"

ဟု ပြောကာ ငွေတစ်ဆယ်တစ်မတ်ပေး၍ ထွက်သွားလေတော့၏။ ထိုအခါ တောက်တဲ့က. . . .

"အစ်ကိုကြီး တကယ်တော်တာပဲ၊ ဘယ်လောက်တော်သလဲဆိုရင် ကျွန်တော့်အမေအကြောင်း မပါသေးတဲ့အထိ လူတော်တစ်ယောက်လို့ အသိအမှတ် ပြုရမှာပဲ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က . . . .

"ဟဲ့ ကောင်လေး၊ မင်း အဲဒီလိုလုပ်နေတာနဲ့ မင်းအမေတော့ လင်ကောင်းသားကောင်းရမယ့် ကံဇာတာက လွဲရတော့မယ်၊ မိုက်လှချည်လား တောက်တဲ့ရယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချက်ကလေး မပါရင် အစ်ကိုကြီးကို ကျွန်တော် တော်တော် ကြည်ညိုမိမှာ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က ၎င်း၏ခေါင်းကို လက်ဖြင့်လှမ်း၍ ပုတ်လိုက်လေ၏။ မျှားမကြာမီ၌ မိန်းမကြီးတစ်ဦး ဝင်လာပြန်၏။ ကျွန်ုပ်သည် ထိုမိန်းမကြီးအား နာမည်များ မွေးသက္ကရာဇ်များ မေးမြန်း၏။ ထို့နောက် လက်ဝါးကို စစ်ဆေး၏။ သောကြာဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ကို ဂုံးတံတားသဖွယ် ဆက်ထားသော လမ်းကြောင်းခုံးခုံးကလေးကို တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"အားမနာတမ်း ဟောမယ်နော်၊ အဒေါ်ကြီးက ငယ်ငယ်တုန်းက အတော့်ကို ကဲမယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုမိန်းမကြီးက. . . .

"ဘာပြောကောင်းမလဲ ဆရာကြီးရယ်"

ဟု ဆိုလေ၏။ ထို့နောက် ကျွန်ုပ်က အိမ်ထောင်ရေးလမ်းကြောင်းကို စစ်ဆေးကာ. . . .

"အိမ်ထောင်ဆက်ကလည်း များမယ်"

ဟု ဟောလိုက်ပြန်ရာ ထိုမိန်းမကြီးက. . . .

"ဘာပြောကောင်းမလဲ ဆရာကြီးရယ်"

ဟု ပြောပြန်လေ၏။





"အခုတော့ တော်တော့်ကို ဒုက္ခရောက်နေတယ်"

ဟု ကျွန်ုပ်က ဟောလိုက်ပြန်ရာ. . . .

ထိုမိန်းမကြီးက. . . .

"ဘာပြောကောင်းမလဲ ဆရာလေးရယ်၊ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့"

ဟု ဝန်ခံလေ၏။

ထို့နောက် ကျွန်ုပ်သည် ထိုမိန်းမကြီး၏ လက္ခဏာကို အသေးစိတ် ဟောပြောခဲ့လေ၏။ ထိုမိန်းမသည် ကျွန်ုပ် ဟောသမျှကို ဘာပြောကောင်းမလဲဟု ပြန်၍ဖြေလေ၏။

ထို့နောက် ငွေတစ်ဆယ်တစ်မတ်ပေးကာ ထွက်သွားလေတော့၏။ ထိုအခါ၌ ကျွန်ုပ်က တောက်တဲ့အား. . . .

"ဟေ့ကောင် တောက်တဲ့၊ ငါဟောတာ မှန်တယ် မဟုတ်လား"

ဟု မေးလိုက်ရာ တောက်တဲ့ကလေးက. . . .

"ဘာပြောကောင်းမလဲ အစ်ကိုကြီးရာ"

ဟု ပြန်၍ ဖြေသဖြင့် ကျွန်ုပ်မှာ တောက်တဲ့၏ သွက်လက်ပုံကို သဘောကျရသေးတော့၏။

ထို့နောက် တောက်တဲ့က လက္ခဏာပညာကို သူတတ်လိုသည်ဟု တောင်းပန်၏။ ထိုအခါ ကျွန်ုပ်လည်း ကမ္ဘာကျော် လက္ခဏာဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရှိရေးသော အခြေခံလက္ခဏာ စာအုပ်တစ်အုပ်ကို မြန်မာ ဘာသာပြန်ထားသည့်စာအုပ်အား တောက်တဲ့ဖတ်ရန်အတွက် ပေးလိုက်လေ၏။ တောက်တဲ့သည် စာအုပ်ရသည်နှင့် တစ်ပြိုင်နက် သဲသဲမဲမဲကြီး ဖတ်လေတော့၏။ ဖတ်ရင်း ဖတ်ရင်းနှင့်လည်း သူ၏လက်ကို မကြာမကြာ ကြည့်၏။ ထိုမျှနှင့် မကျေနပ်သေးဘဲ ကျွန်ုပ်၏ လက်ကိုလည်း ဆွဲယူ၍ ကြည့်ပြန်၏။ ထိုသို့ ကြည့်ပြီးလျှင်. . . .

"အစ်ကိုကြီးလက်က ဒီစာအုပ်ထဲမှာ ပြထားတဲ့ အဘိဓမ္မာလက်ဆိုတာနဲ့ အတော်ကလေး တူတယ်၊ ဒါပေမဲ့ ကျွန်တော့်လက်ကတော့ အခြေခံလက်ပုံစံ (၇) မျိုးထဲမှာ ဘယ်လက်ပုံစံထဲပါမှန်း မသိဘူး အစ်ကိုကြီးရယ်၊ ခွဲခြားရ သိပ်ပြီးခက်တာပဲ"

"အဲဒီလိုခက်နေရင် လက္ခဏာဟောစားလို့ ရမှာမဟုတ်ဘူး။ ကိုယ့်ရှေ့ကို လက္ခဏာကြည့်ဖို့ လူတစ်ယောက် ရောက်လာတာနဲ့ သူ့ရဲ့လက်ကိုကြည့်ပြီး လက်ပုံစံ (၇)မျိုးအနက် ဘယ်ပုံစံထဲပါတယ်ဆိုတာ ပထမဆုံး ဆုံးဖြတ်ရမှာ မဟုတ်လား"

ဟုဆိုကာ စာအုပ်ထဲတွင် ပါသော လက်ပုံစံ (၇) မျိုးကို စိတ်ဝင်စားခြင်း မရှိလှပါ။

လက္ခဏာ စတင်လေ့လာစဉ်က ကျွန်ုပ်သည် ဤလက်ပုံစံ (၇) မျိုးကို လေ့လာခဲ့ပါ၏။





ယခု တောက်တဲ့တွေ့သော ဒုက္ခသည် ကျွန်ုပ် တွေ့ဖူးပြီးသော ...ကျအမျိုးအစားပင် ဖြစ်၏။ အချို့သောလက်မှာ အဘိဓမ္မာ လက်ပုံစံ ... ထည့်ရမလိုလို၊ ကန်တော့ချွန်လက်ပုံစံထဲ ထည့်ရမလိုလို ရောထွေး...သာ လက်ပုံစံထဲ ထည့်ရမလိုလို၊ စိတ်ညစ်စရာကြီး ဖြစ်နေတတ်၏။ ...တာက်တဲ့ပြသော လက္ခဏာပုံစံ (၇) မျိုးကို ကျွန်ုပ်သည် ကြည့်ရှုလိုက်...၏၊ ထို့နောက် ကျွန်ုပ်က. . .

"ခက်နေပြီလား"

...ု ပြောလိုက်လေ၏။ တောက်တဲ့သည် ခေါင်းကို အသာအယာ ညိတ်...၏။

လက္ခဏာကျမ်း စာအုပ်တွင်ပါသော လက်ပုံစံ (၇) မျိုးမှာ. . .


(၁) အခြေခံလက်
(၂) လေးထောင့်လက်
(၃) ထိပ်ကားသောလက်
(၄) အဘိဓမ္မာဆန်သောလက်
(၅) ကန်တော့ချွန်လက်
(၆) စိတ်ကူးယဉ်လက်
(၇) ရောထွေးသောလက်

ဟူ၍ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် လက္ခဏာ လေ့လာသူ တော်တော်များများသည် ဤ လက်ပုံစံ (၇) မျိုးကို လွယ်လွယ်ကူကူပင် မှတ်ယူကြ၏။

သို့ရာတွင် ထိုလက်ကပုံစံ (၇) မျိုးမှာ ခွဲခြားရ အလွန်ခက်ပေသည်။

ပါရမီရှင်ဖြစ်သော ကမ္ဘာကျော်လက္ခဏာ ဆရာကြီးကိုင်ရိုအဖို့ လွယ်ကူမည် ဖြစ်သော်လည်း သာမန်လူအဖို့ ခက်ခဲလှပေသည်။ လက်ပုံစံ (၇) မျိုးကို ခွဲပြရသည်မှာ အထုပ်တစ်ထုပ်တည်းတွင်ပါသော ဖယောင်းတိုင် နှစ်တိုင်ကို ခွဲခြားရဘိသကဲ့သို့ ရှိလှ၏။ တစ်ခုနှင့်တစ်ခု ဆင်တူနေသောကြောင့် မှတ်သားရလည်းခက်၏။ ဆုံးဖြတ်ရလည်း ခက်၏။ အချို့ လက္ခဏာဆရာများသည် လက်ပုံစံ (၇) မျိုးကို ပါးစပ်ဖြင့် ရွတ်ဆိုပြတတ်၏။ တကယ်ခွဲပြပါဆိုလျှင် ကောင်းစွာ မခွဲခြားတတ်ပေ။ ကျွန်ုပ်လက္ခဏာဆရာမဖြစ်မီက လက္ခဏာဆရာ တစ်ယောက်ထံတွင် ကျွန်ုပ်၏ လက်ကို ပြကြည့်၏။

ပထမအကြိမ် ပြသောအခါ ကျွန်ုပ်၏လက်ကို စိတ်ကူးယဉ်လက်ဟု ပြော၏။ အချိန်အတော်ကြာ၍ ထပ်မံပြကြည့်သောအခါ၌ အဘိဓမ္မာလက်ဟု ပြော၏။

အခြားသော လက္ခဏာဆရာတစ်ဦးကမူ ရောထွေးသောလက်ဟု ဖြေပြန်၏။

ကျွန်ုပ်သည် ဤပညာပေါ်၌ များစွာအထင်သေးသွားခဲ့လေ၏။

ယခုလည်း တောက်တဲ့သည် လက်ပုံစံ (၇) မျိုးပေါ်၌ အခက်အခဲ တွေ့ရလေ၏။ များမကြာမီ၌ အထင်သေးပေတော့မည်။





ထို့ကြောင့် ကျွန်ုပ်သည် တောက်တဲ့အား ထိုလက်ပုံစံ (၇)မျိုး အကြောင်းကို ဆက်၍ မပြောတော့ဘဲ နှုတ်ပိတ် ရေငုံနေလိုက်တော့၏။ ညနေပိုင်းသို့ ရောက်သောအခါ၌ ဆိုင်ပိတ်၍ အိမ်သို့ ပြန်လာခဲ့ကြလေ၏။ အိမ်သို့ ပြန်လာသောအခါ၌ တောက်တဲ့က. . .

"မပြန်ပါနဲ့ဦး အစ်ကိုကြီးရယ်၊ ဈေးထဲမှာ လျှောက်ပြီး ပတ်ကြရအောင်ဗျာ"

ဟု ပြောသဖြင့် ကျွန်ုပ်က. . .

"ပတ်လို့ မဖြစ်ပါဘူးကွ၊ မင်းအမေ မျှော်နေရောမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . .

"ကျွန်တော့် အမေက ဘယ်သူ့ကို မျှော်နေမှာလဲ"

ဟု ပြန်၍ ပြောသဖြင့် ကျွန်ုပ်က. . . .

"မင်းကို မျှော်မှာပေါ့ကွ"

ဟု ဖြေလိုက်လျှင် တောက်တဲ့က. . .

"ဒါတော့ အမှန်ပဲ"

ဟု ပြောကာ ကျွန်ုပ်၏ မျက်နှာကို မော့ ကြည့်လိုက်လေ၏။ ကျွန်ုပ်သည် ၎င်း၏ ခေါင်းကို လက်ဖြင့်ပုတ်ရင်း. . .

"လူလည်ကလေး"

ဟု ပြောလိုက်မိလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

ကျွန်ုပ်သည် ကျွန်ုပ်၏ လက္ခဏာဆိုင်လေးသို့ ထွက်လာခဲ့လေ၏။ တောက်တဲ့မှာမူ ကျွန်ုပ်၏ ပစ္စည်းများကို ထမ်းပိုး သယ်ဆောင်လျက် ကျွန်ုပ်နှင့်အတူ လိုက်ပါလာလေ၏။ ဈေးအနီးသို့ ရောက်သောအခါ၌ တောက်တဲ့က. . . .

"ဒီမှာ အစ်ကိုကြီး လက္ခဏာပညာမှာ လက်ပုံစံ (၇) မျိုးဆိုတာ ခွဲခြားဖို့ သိပ်ခက်တယ်ဆိုတာတော့ ကျွန်တော် သဘော ပေါက်ပါပြီ"

ဟု ပြောလေ၏။

"သဘောပေါက်ရင် ပြီးရောပေါ့ကွာ"

ဟု ကျွန်ုပ်က သူ၏ စကားကို ပိတ်လိုက်လေ၏။

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မဟုတ်ဘူးလေ အစ်ကိုကြီးရဲ့ ခွဲခြားရခက်တဲ့ လက်ပုံ
ကို အစ်ကိုကြီးအနေနဲ့ ဘယ်လို မှတ်ထားသလဲဆိုတ
ကျွန်တော်က သိချင်တာ"

ဟု တောက်တဲ့က ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . .

"ငါ့အနေနဲ့ ပြောရရင် ငါ့ရဲ့လက္ခဏာဖတ်တဲ့နည်းမှာ လက်ပုံ
(၇) မျိုး မဟုတ်ဘူးကွ၊ လက်ပုံစံဆယ့်ခြောက်မျိုး သတ်မှ
ထားတယ်"

ဟု ပြောလိုက်ရာ တောက်တဲ့က. . .

"ခုနစ်မျိုးတည်းတောင် ခွဲရခက်ပါတယ် ဆိုနေမှ အစ်ကိုကြ
ဥစ္စာက ဆယ့်ခြောက်မျိုးတောင်ဆိုတော့ ပိုပြီးမခက်ဘူးလား

ဟု မေးလိုက်လေ၏။

"အေး. . ငါ့ရဲ့ ဆယ့်ခြောက်မျိုးက ခုနစ်မျိုးလောက် မခက်ဘ
ကွ၊ လွယ်အောင်လုပ်ထားတဲ့ စနစ်တစ်ခုပဲ၊ ငါ့ရဲ့ ကိုယ်ပို
တီထွင်ထားတဲ့ စနစ်ကလေးပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"ဒါဖြင့် အဲဒီစနစ်ကို **အောင်ထွန်းစနစ်** လို့ နာမည်ပေး
မကောင်းဘူးလား"

ဟု ပြောလိုက်လေ၏။





"အဲဒီလို နာမည်ပေးရင်လည်း ရပါတယ်၊ ဒါပေမဲ့ ငါ တီထွင်ထားတဲ့ စနစ်လေးက ဘာမှကြီးကြီးကျယ်ကျယ် မဟုတ်လေတော့ နာမည်တပ်ဖို့ မလိုပါဘူးကွာ၊ လက္ခဏာဟောစားတဲ့ အလုပ်မှာ လွယ်လွယ်ကူကူဖြစ်အောင် စီစဉ်ထားတဲ့ သာမန်အစီအစဉ်ကလေးပါ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"အဲဒီ အစ်ကိုကြီးရဲ့ သာမန်အစီအစဉ် ဆယ့်ခြောက်မျိုးကို ကျွန်တော့်ကို ပြောပြပါ"

ဟု ပြောလေတော့၏။

"ဒီလိုကွ၊ ပထမဆုံး ကြည့်ရမှာက လက်ထိပ်က ဗွေတွေပဲကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဗွေကို ဘယ်လိုကြည့်ရမှာလဲ အစ်ကိုကြီးရဲ့"

ဟု တောက်တဲ့က မေးလိုက်လေ၏။

"လက်ထိပ်ကဗွေမှာ အကြမ်းဖျင်းအားဖြင့် နှစ်မျိုးရှိတယ်ကွ၊ အဲဒီနှစ်မျိုးဟာ **ခရုဗွေ** နဲ့ **ခရုပျက်ဗွေ** ရယ်လို့ ဖြစ်တယ်ကွ၊ ခရုဗွေဆိုတာကတော့ ဝိုင်းဝိုင်းစက်စက်ကလေး ဖြစ်နေတာကို ခေါ်တာပဲ၊ ခရုပျက်ဗွေ ဆိုတာက ဝိုင်းဝိုင်းစက်စက်ကလေး မဖြစ်ဘဲ ခုံးခုံးကလေးဖြစ်နေတဲ့ ဗွေကိုခေါ်တာ၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းမှာ ခရုဝွေများရင် အစက်ကလေးတစ်စက် မှတ်သားရတယ်၊ ခရုဝွေနည်းပြီး ခရုပတ်ဝွေများရင် အစက်နှစ်စက် မှတ်သားရတယ်"

ဟု ကျွန်ုပ်က ပြောပြလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"ဒီအချက်ကတော့ ရှင်းပါပြီ၊နောက်ထပ် ပြောပါဦး"

ဆိုလေ၏။

"နောက်တစ်ချက်ကတော့ လက်ဝါးပြင် ရှည်သွယ်သွယ် ဖြစ်ခြင်းနဲ့ ပုဝိုင်းဝိုင်းဖြစ်ခြင်းပါပဲ၊ ရှည်သွယ်သွယ်ဖြစ်ရင် အစက်တစ်စက်နဲ့ မှတ်သားရတယ်၊ ပုဝိုင်းဝိုင်း ဖြစ်ရင် အစက်နှစ်စက်နဲ့ မှတ်သားရတယ်"

ဟု ကျွန်ုပ်က ရှင်းပြလိုက်လေ၏။

"ဒီအချက်ဟာလည်း ရှင်းတယ်"

ဟု တောက်တဲ့က ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း. . . .

"တတိယအချက်ကတော့ လက္ခဏာလမ်းကြောင်းတွေ ရှုပ်ရှုပ်ထွေးထွေးရှိခြင်းနဲ့ လက္ခဏာလမ်းကြောင်း ရှင်းရှင်းရှိနေခြင်းကို ခွဲခြားရတယ်၊ ရှုပ်ရှုပ်ထွေးထွေး ရှိနေရင်တော့ အစက်နှစ်စက်နဲ့ မှတ်သားရတယ်"

ဟု ပြောလိုက်လေ၏။





တောက်တဲ့သည် လွန်စွာ သဘောကျနေ၏။ ထို့ကြောင့်. . .

"ဒီအချက်ကတော့ လွယ်ပါတယ်"

ဟု ပြောလိုက်လေ၏။

"လွယ်ရင် နောက်တစ်ချက် ပြောမယ်၊ အဲဒီအချက်ကတော့ လက္ခဏာရှင်ရဲ့ အင်္ဂလိပ်မွေးရက်ကို မေးရမယ်၊ မွေးရက်ဟာ (မ) ဖြစ်နေရင် အစက်တစ်စက်နဲ့ မှတ်သားရမယ်၊ မွေးရက်ဟာ (စုံ) ဖြစ်နေရင် အစက်နှစ်စက်နဲ့ မှတ်သားရမယ်၊ အဲဒီလောက် လုပ်တတ်ရင် လက်ပုံစံ ခွဲခြားတတ်ပြီ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ တောက်တဲ့က. . . .

"အဲဒီလေးမျိုးတော့ ကောင်းကောင်း သိပါပြီ၊ ဒါပေမဲ့ မခွဲခြားတတ်သေးဘူး အစ်ကိုကြီးရဲ့၊ ခွဲခြားတတ်အောင် လုပ်ပေးပါဦး" ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် စာရွက်တစ်ရွက်ကို ယူ၍ သင်္ကေတဆယ့်ခြောက်မျိုးကို အောက်ပါအတိုင်း ရေးပြလိုက်လေတော့၏။

တောက်တဲ့သည် ကျွန်ုပ်ရေးပြသော ဇယားပုံကို ကြည့်ပြီးနောက်. . . .



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| စနေအဆိုး (ကာဆာ) | စနေအကောင်း (တြိတိသျှ) |
| ကြာသပတေးအဆိုး (လေတိသျှ) | ကြာသပတေးအကောင်း (အကွစ်သျှူး) |
| အင်္ဂါအဆိုး (ရှုဘီယပ်) | အင်္ဂါအကောင်း (ပြူအာ) |
| တနင်္ဂနွေအဆိုး (ဖော်ကျူးအာမိုင်နာ) | တနင်္ဂနွေအကောင်း (ဖော်ကျူးထာမိုင်နာ) |
| သောကြာအဆိုး (အမစ်သျှူး) | သောကြာအကောင်း (ပြူအာ) |
| ဗုဒ္ဓဟူးအဆိုး (ကွန်ဂျမ်းသျှူး) | ဗုဒ္ဓဟူးအကောင်း (အယ်ဘတ်) |
| တနင်္လာအဆိုး (ဗီယ) | တနင်္လာအကောင်း (ပေါ်ပြူလပ်) |
| ကိတ် (ကောဒ) | ရာဟု (ကတ်ပွတ်) |





"အစ်ကိုကြီး ရေးပြတဲ့ ဗယားပုံစံကိုတော့ တွေ့ပါပြီ၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ လက်ပုံစံဆယ့်ခြောက်မျိုးကို မခွဲခြားတတ်သေးဘူး၊ အဲဒါထပ်ပြီး ပြောပြပါဦး"

ဟု ဆိုလေ၏။

"ကဲ. . . ဒီလိုလုပ်ကွာ၊ ငါ့ရဲ့ လက်ကို ကြည့်ပြီး ခွဲကြည့်ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့သည် ကျွန်ုပ်၏ လက်ငါးချောင်း ထိပ်မှဖွေများကို စစ်ဆေးလေ၏။ ထိုသို့ စစ်ဆေးပြီးနောက်. . . .

"ဟာ. . . အစ်ကိုကြီးလက်ထိပ်က ဖွေတွေဟာ အားလုံး ခရုတွေချည်းပါပဲလား"

ဟု တောက်တဲ့က ပြောလိုက်လေ၏။

"ဟုတ်ပြီ တောက်တဲ့ရေ၊ နောက်ထပ် ဘာကို ကြည့်မလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"လက်ဟာ ရှည်မျောမျော ဖြစ်နေသလား၊ ပုဝိုင်းဝိုင်း ဖြစ်နေသလား ကြည့်ရမှာပေါ့၊ အခု အစ်ကိုကြီးလက်က ရှည်မျောမျောပဲ"

ဟု ပြောလေ၏။

"အေး. . . ဟုတ်ပြီ၊ နောက်တစ်ချက် ဘာကို ကြည့်ရမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"လက္ခဏာလမ်းကြောင်း ရှုပ်သလား၊ ရှင်းသလား ကြည့်ရမှာပေါ့၊ အစ်ကိုကြီးလက်က လက္ခဏာလမ်းကြောင်းတွေဟာ ရှုပ်နေတာပဲ"

ဟု တောက်တဲ့က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ တောက်တဲ့ရေ၊ နောက်ဆုံး တစ်ချက်ပဲ ကျန်တော့တယ်၊ အဲဒါက ဘာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ တောက်တဲ့က. . .

"အင်္ဂလိပ်မွေးရက်ဟာ (စုံ)လား၊ (မ)လား ကြည့်ရမယ်လေ၊ အစ်ကိုကြီးက အင်္ဂလိပ်လို ဘယ်နှစ်ရက်မှာ မွေးတာလဲ"

ဟု တောက်တဲ့က မေးလိုက်လေ၏။

"ငါက အင်္ဂလိပ် (၂၅) ရက်နေ့မှာ မွေးတာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"(၂၅) ရက်ဆိုတာ မဂဏန်းပဲ အစ်ကိုကြီးရဲ့"

ဟု ပြန်၍ ပြောလေ၏။

"မှန်တယ် တောက်တဲ့ရေ၊ စောစောက မင်းရထားတဲ့ အချက်အလက်တွေကို စာရွက်တစ်ရွက်မှာ ချရေးပြီး လက်ပုံစံသင်္ကေတ ဖော်ရမယ်ကွယ့်"

ဟု ကျွန်ုပ်က ပြောလိုက်သဖြင့် တောက်တဲ့လည်း အောက်ပါအတိုင်း သင်္ကေတကို ဖော်လေ၏။

၁။ အစ်ကိုကြီးရဲ့ လက်ချောင်းထိပ်မှာ ခရုဗွေက များတယ်၊ ဒါကြောင့် အစက်တစ်စက် ပေးရမယ်။

၂။ အစ်ကိုကြီးရဲ့ လက်ပုံစံဟာ ရှည်မျောမျော ဖြစ်တယ်၊ ဒါကြောင့် အစက်တစ်စက် ပေးရမယ်။






၃။ အစ်ကိုကြီးရဲ့ လက်ဝါးပြင်မှာ လက္ခဏာလမ်းကြောင်းတွေဟာ ရှုပ်တယ်။ ဒါကြောင့် အစက်တစ်စက်ပဲ ပေးရမယ်။

၄။ အစ်ကိုကြီးရဲ့ မွေးရက်ဟာ မဂဏန်း ဖြစ်တယ်။ ဒါကြောင့် အစက်တစ်စက်ပဲ ပေးရမယ်။

တောက်တဲ့သည် သူ၏သင်္ကေတကို သူ့ဘာသာသူ ကြည့်ပြီးနောက် . . . . .

"ဒီမှာ အစ်ကိုကြီး၊ အစ်ကိုကြီးရဲ့ လက်ဝါးပြင် အချက်လေးချက်ကို ဖော်လိုက်တဲ့အခါမှာ (မ) ဂဏန်းလေးလုံး တွေ့ရတယ်။



အဲဒီ သင်္ကေတဟာ အစ်ကိုကြီးရေးပြတဲ့ ဇယားမှာ ရှာလိုက်တဲ့အခါ တနင်္လာ အဆိုးသင်္ကေတနဲ့ သွားပြီး တူနေတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ တောက်တဲ့ရယ်၊ အစ်ကိုကြီးရဲ့ လက်ပုံစံ ဆယ့်ခြောက်မျိုးမှာ အစ်ကိုကြီးရဲ့လက်ဟာ တနင်္လာအဆိုး 'ဝိယ' ဆိုတဲ့ ပုံစံ ဖြစ်နေတယ်၊ အဲဒီလို ခွဲခြားတတ်ရင် လက်ပုံစံ ဆယ့်ခြောက်မျိုး ခွဲခြားတတ်သွားပြီကွ၊ လက်ပုံစံ ခုနစ်မျိုး ခွဲရတုန်းကလို ယောင်ဝါးဝါး မဖြစ်တော့ဘူး၊ တိတိကျကျ ခွဲခြားတတ်သွားပြီ၊ အစ်ကိုကြီးလက်ကို မင်းဆီမှာ ဘယ်နှစ်ခါပဲ လာပြပြ နှစ်တွေဘယ်လောက်ကြာပြီးမှ လာပြီးပြပြ အပြောင်းအလဲ မရှိနိုင်တော့ဘူး၊ တနင်္လာအဆိုး လက်ပုံစံဆိုတာ တန်းပြီး ခွဲခြားနိုင်ပြီ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . .

"ဟုတ်တယ် အစ်ကိုကြီးရေ၊ဒီစနစ်က အတော်ကောင်းပါလား၊ လွယ်လည်း အလွန်လွယ်တယ်၊ တစ်ခုတော့ ရှိတယ်၊ တနင်္လာအဆိုးသင်္ကေတရဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်တော့်ကို သင်ပေးရဦးမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"မင်းအမေနဲ့ ငါနဲ့ အိမ်ထောင်မကျသေးခင်အထိတော့ မင်းကို ငါ သင်ပေးရဦးမှာပဲ"

ဟု ကျွန်ုပ်က ကျီစားလိုက်ရာ တောက်တဲ့က. . .

"အစ်ကိုကြီး ရောဂါက တော်တော် ဆိုးတယ်၊ ငါးပြေမဝတ်တဲ့ ဘောလီအင်္ကျီ၊ ကျားဆောင်းတဲ့ ခမောက်ရယ်ကို ပြာချပြီ





ထန်းလျက် သုံးပိဿာနဲ့ နယ်ရမယ်၊ ပြီးရင် အဲဒီအထဲမှာ နေပူသုံးကျပ်သား ထည့်ရမယ်၊ ပြီးတော့မှ ရှောက်သီးလုံးလောက် သုံးလုံးလုံးပြီး အာမထိ လျှာမထိ မြိုရမယ်၊ အဲဒါဆိုရင်တော့ အစ်ကိုကြီးရောဂါ ရှင်းရှင်း ပျောက်ပါပြီ"

ဟုပြန်၍ ပြောသဖြင့် ကျွန်ုပ်သည် ရယ်မောကာ တောက်တဲ့၏ ဦးခေါင်းကို လှမ်း၍ ပုတ်လိုက်လေတော့၏။

ထိုအချိန်၌ အသက်သုံးဆယ်ကျော်အရွယ် မိန်းမတစ်ဦးသည် ဆိုင်အတွင်းသို့ ဝင်လာ၏။ ပြီးလျှင် ကျွန်ုပ်အား. . . .

"ကျွန်မ လက္ခဏာကြည့်မလို့ပါ၊ ဟောဒီပစ္စည်းကလေးတွေ ခဏထားခဲ့ပါရစေ၊ ဈေးထဲမှာ ကျန်တဲ့ပစ္စည်းတွေကို ကျွန်မ သွားပြီး ယူလိုက်ဦးမယ်၊ ပြီးရင် ဆရာ့ဆီမှာ လက္ခဏာ ကြည့်ဦးမယ်"

ဟု ဆိုကာ ကြိမ်ဆွဲခြင်းနှစ်လုံးကို ကျွန်ုပ်ဆိုင်၌ ထားခဲ့၍ ထွက်သွားလေတော့၏။

ထိုအခါ၌ တောက်တဲ့က. . . .

"ဒီအစ်မကြီးဟာ အပျို မဟုတ်ဘူး၊ အိမ်ထောင်ရှိတယ်"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က. . .

"ခြင်းတောင်းထဲက ဆေးတံသောက်ဆေးဘူးကိုတွေ့လို့ မင်း ပြောတာပါကွာ၊ ဒီအချက်ဟာ မသေချာပါဘူး၊ ဒီခေတ် လူငယ်တွေဟာ ဆေးတံသောက်တဲ့လူ နည်းတယ်ကွ၊ အဲဒီတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



အမေအတွက် ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ တကယ်လို့ မင်း
စဉ်းစားမယ်ဆိုရင်တော့ ဟောဟိုက ကလေးကစားစရာ
ကလေးကိုကြည့်ပြီး စဉ်းစားသင့်တာပေါ့"

ဟု ဆိုကာ ကြိမ်လက်ဆွဲခြင်းထဲမှ ကလေးကစားစရာ ချိန်ခွင်နှ
ဘောလုံးကလေးကို ကျွန်ုပ်က ညွှန်ပြလိုက်လေ၏။ထိုအခါ တောက်တဲ့

"ဟုတ်တယ် အစ်ကိုကြီးရေ၊ ကလေးကနှစ်ယောက်တော
တစ်ယောက်က မိန်းကလေး၊ တစ်ယောက်က ယောကျ်ားလေ
ဘောလုံးကန်ပြီး ကစားရတဲ့အရွယ်ဆိုတော့ ငါးနှစ် ခြော
နှစ်လောက် ရှိပြီ၊ ချိန်ခွင်ကလေးနဲ့ ကစားမယ့်ကလေးကတော
သုံးနှစ် လေးနှစ် သမီးပေါ့"

ဟု ပြောလိုက်လေ၏။

"နေဦး တောက်တဲ့ရဲ့၊ ဟောဒီမှာ မိန်းမစီး ဖိနပ်တစ်ရန်
တယ်ကွ၊ အတော်ကလေး သေးတယ်၊ ခုနက ထွက်သွား
မိန်းမလေး စီးမယ်ဆိုရင် ဒီဖိနပ်နဲ့ မတော်နိုင်ဘူး၊ အဲဒီတေ
ဒီဖိနပ်ရှင်ဟာ သူ့ညီမလည်း ဖြစ်နိုင်တာပေါ့ကွာ၊ အဲဒီလို
ရင်တော့ ကလေးနှစ်ယောက်ဟာ ညီမရဲ့ ကလေးတွေလည်း
ဖြစ်နိုင်တယ်ကွ၊ ဒီအချက်ဟာ အရေးတကြီး စဉ်းစားရမ
အချက်ပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က .....





"ဒီလိုလည်း ဖြစ်နိုင်တယ် အစ်ကိုကြီးရေ၊ ညီအစ်မနှစ်ယောက်
အတူနေကြမယ်၊ အစ်မကြီးက ကလေးနှစ်ယောက်နဲ့ မုဆိုးမ
ဆိုပါတော့၊ ညီမကတော့ အပျို၊ သူတို့ နှစ်ယောက် အတူနေကြ
တယ်၊ အဲဒီမှာ အခန်းလွတ်ကလေးတစ်ခန်း ရှိလေတော့
လက္ခဏာ ဆရာတစ်ယောက်ကို ငှားထားမယ်၊ ဆေးတံဆေး
ဘူးကလေးဟာ အဲဒီလက္ခဏာဆရာက လူကြုံ မှာလိုက်တာ
လည်း ဖြစ်နိုင်တယ်၊လက္ခဏာဆရာကလည်း အစ်မကြီးလိုလို
ညီမလိုလို ချိန်နေတယ် ဆိုပါတော့"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က.....

"ဟော့ကောင် တောက်တဲ့၊ ဒါကတော့ မင်း ငါ့ကို စောင်းပြီး
ပြောလိုက်သလိုပဲ"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . . .

"စောင်းပြီး ပြောတာ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ လူတွေရဲ့
အဖြစ်အပျက်တွေဟာ ဆင်တူရိုးမှား ဖြစ်လေ့ရှိတယ် မဟုတ်
လား"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကွဲကွာ အဲဒါတွေ ထားလိုက်ပါတော့၊ အဲဒီမိန်းမ ဘယ်က
လာတယ်ဆိုတာ မင်းအနေနဲ့ ပြောနိုင်သလား"

ဟု မေးလိုက်ရာ တောက်တဲ့က ပြုံးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးဘက်က မတွေ့ရဘူး၊ ကျွန်တော့်ဘက်မှာ တွေ့ရ တယ်၊ 'ကောင်းဘို့' လို့ ကြိမ်ခြင်းတောင်းမှာ ရေးထားတယ်၊ ကျွန်တော် ကောင်းဘို့ကို ရောက်ဖူးတယ်၊ အရင်က မေမေနဲ့ အတူတူ ဈေး ခဏ ခဏ သွားပြီး ရောင်းခဲ့တာပေါ့။

ခုန အစ်မကြီးကိုလည်း ကျွန်တော် ကောင်းကောင်း သိပါ တယ်၊ သူ့နာမည်က မမြလေးစိန် တဲ့၊ သူ့ညီမက လှလေးစိန် တဲ့၊အဲဒီလှလေးစိန်မှာ ကလေးနှစ်ယောက် ရှိတယ်၊ ယောကျ်ား ကလေး တစ်ယောက်၊ မိန်းကလေး တစ်ယောက်ပါ။လှလေးစိန် ယောကျ်ားက အရင်က ဈေးဝယ်လိုက်၊ အဆိပ်ပြီးဆေး ရောင်းတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မြွေကိုက်လို့ သေပြီ၊ သူတို့ ညီအစ် မှာ အဖေရှိတယ်၊ အဲဒီအဘိုးကြီးက ဆေးတံသောက်တယ်၊ အစ်ကိုကြီး စဉ်းစားတာမှန်ပါတယ်၊ အစ်ကိုကြီးဟာ လက္ခဏာ ပညာလည်း တတ်တယ်၊ အကင်းလည်း ပါးတယ်ဆိုတော့ မသိ ရင် လက္ခဏာပါရမီရှင်လို့တောင် ထင်နိုင်တာပေါ့၊ ဒါပေမဲ့ အစ်ကိုကြီးဟာ ပါရမီရှင်မဟုတ်ပါဘူး၊ လူလည်ကျတာ သက် သက်ပါပဲ၊ ကျွန်တော် တစ်ခုပဲ စိုးရိမ်တယ်"

ဟု တောက်တဲ့က ပြောလိုက်လေ၏။

"ဘာကို စိုးရိမ်တာလည်း တောက်တဲ့ရေ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။





"အစ်ကိုကြီးနဲ့ ကျွန်တော့်အမေ ငြိသွားမှာကိုပဲ စိုးရိမ်တာပါပဲ"

ဟု တိုက်ရိုက်တဲ့တိုး ကျွန်ုပ်အား တောက်တဲ့က ပြောလိုက်လေ၏။

"အဲဒီလို ငြိသွားမှာကို မင်းက ဘာဖြစ်လို့ စိုးရိမ်ရတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ကျွန်တော် အစ်ကိုကြီးကို ဆရာသမားတစ်ယောက်လို၊ မိတ်ဆွေကောင်းတစ်ယောက်လို ခင်မင်ချင်ပါတယ်၊ ဒါပေမဲ့ ပထွေးတော့ မတော်ချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီး က ညာဏ်နီ ညာဏ်နက်များတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော့်ကို ဒုက္ခပေးမှာပဲ၊ ကျွန်တော်ကလည်း အစ်ကိုကြီး အဲဒီလို ဒုက္ခမပေးနိုင်အောင် ကြိုတင်ကာကွယ်ထားရမယ်၊ အကောင်းဆုံးကာကွယ်နည်းဟာ ဒီလောကကြီးထဲမှာ အစ်ကို ကြီးမရှိတဲ့နည်းဟာ အကောင်းဆုံးပါပဲ၊ ကျွန်တော် အဲဒီလို မလုပ်ချင်ဘူး၊ ဒါကြောင့် အစ်ကိုကြီးအနေနဲ့ အဲဒီကိစ္စကို လေးလေးနက်နက် စဉ်းစားစေချင်တယ်"

ဟု တောက်တဲ့က ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. . . .

"ဒီလောကကြီးရဲ့ အလယ်မှာ မင်းရဲ့ အမေဟာ မုဆိုးမအဖြစ် နဲ့ မျက်နှာငယ်ငယ်နဲ့ လျှောက်လှမ်းနေရတယ်၊ အဲဒါကို ငါက ကူညီမှာလေကွာ၊ မင်းက ကျေးဇူးမတင်ဘူးလား"

ဟု ပြန်၍ ပြောလိုက်ရာ တောက်တဲ့က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ကူညီစရာ နည်းလမ်းတွေ အပုံကြီးရှိတဲ့အထဲက ဒီနည်းလမ်းကို ရွေးတာတော့ ဘယ်ကောင်းမလဲ အစ်ကိုကြီး၊ ပြီးတော့ အစ်ကိုကြီးဟာ အရည်အချင်း ရှိပါတယ်၊ ကျွန်တော့် အမေဟာ နုံနုံအအ ဖြစ်ပါတယ်၊ စစ်တုရင်စကားနဲ့ပြောရင် အစ်ကိုကြီးက စစ်ကဲရုပ်လောက် ရှိတယ်၊ ကျွန်တော့်အမေဟာ နယ်ရုပ်ကလေးလောက်ပဲ ရှိတယ်၊ အဲဒီတော့ စစ်ကဲကို နယ်နဲ့ခွေထား၊ ထောက်ထားသလိုဖြစ်နေရင် အစ်ကိုကြီးဘဝအတွက် မကောင်းပါဘူး"

ဟု ပြောလိုက်လေ၏။

"မင်းကတော့ အတော်ကို နားလည်တဲ့ ကလေးပဲ၊ ငါ ကတိပေးပါတယ်ကွာ၊ ငါ့ဖက်က ထိန်းသိမ်းပါ့မယ်၊ မင်းအမေကိုလည်း မင်းကထိန်းပါ၊ အဲဒီလို ထိန်းတဲ့ကြားက နီးစပ်ကုန်ရင်တော့ သူ့အပြစ်လည်း မဟုတ်ဘူး၊ ငါ့အပြစ်လည်း မဟုတ်ဘူး၊ မင်းအပြစ်လည်း မဟုတ်ဘူး၊ ကံတရားကို အပြစ်ပုံချရမှာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"ကံတရားဆိုတဲ့ အကြောင်းကို ကျွန်တော် ပြောချင်တယ်၊ ကံတရားဆိုတာနဲ့ ပတ်သက်လို့ အစ်ကိုကြီးတို့ နားလည်တာ ကျွန်တော် နားလည်တာ မတူဘူး"

ဟု အရွယ်နှင့် မလိုက်သော စကားကို တောက်တဲ့က ဆိုလိုက်သဖြင့် ကျွန်ုပ်၏မျက်လုံးများသည် ပြူးဝိုင်း၍ သွားလေတော့သတည်း။

□□□□□□□□□□

လာဘ်မိုးရွာစာပေ



## အခန်း (၈)

ညနေ (၄း၀၀) နာရီထိုးသောအခါ၌ နှင်းများကျလာသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွား၏။ ချမ်းလည်း လွန်စွာမှ ချမ်းအေးလှသဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏လက္ခဏာဆိုင်ကလေးကို ပိတ်လိုက်လေတော့၏။ တောက်တဲ့ကလေးသည် ကျွန်ုပ်အား ဝိုင်း၍ကူညီ၏။ ထို့နောက် ကျွန်ုပ်သည် ပစ္စည်းထည့်ထားသော ထင်းရှူးသေတ္တာကလေးကိုဆွဲ၍ တောက်တဲ့ကလေးအား ခြင်းတောင်းတစ်လုံးကိုင်ရန် ပေးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦး ဈေးအတွင်းသို့ ဝင်ပြီးလျှင် ဝက်ခြေထောက် (၄) ချောင်း ဝယ်၏။ ထိုသို့ ဝယ်ပြီးနောက် စကားတပြောပြောနှင့် ပြန်လာခဲ့ကြလေ၏။

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့သည် လမ်းတစ်လမ်းလုံး ကံတရားအကြောင်းကို ပြောလာ၏။ တောက်တဲ့၏ တရားအယူအဆမှာ ကျွန်ုပ် ယူထားသော အယူအဆနှင့် မတူပေ။ တစ်မျိုးတစ်ဖုံ ထူးခြားနေ၏။ သို့ရာတွင် ကျွန်ုပ်က ငြင်းဆိုခြင်း မပြုဘဲ. . . .

"ဒီမှာ တောက်တဲ့ ငါတို့ အခုနေတာက ကံဘုံကွ၊ ကံပေါ်မှာ တော်တော်ကလေး အကြောင်းခံတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ. . .

"ကံဘုံဆိုတော့ ဘာဖြစ်သလဲ အစ်ကိုကြီး"

ဟု ပြန်မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကံဘုံဆိုတော့ကွာ ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုး ဖလ ရမယ်၊ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုး ဖလတွေရမယ်၊ ဒါကြောင့် မင်းတို့ ငါတို့ဟာ မကောင်းတဲ့ ကံသီးကံပွင့်တွေ မရလေအောင် ကောင်းတာတွေပဲ လုပ်ရမယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဒီလိုဆိုရင် အစ်ကိုကြီးကို ကျွန်မတော် မေးမယ်၊ သူ့အသက်သတ်တာဟာ ကောင်းမှုလား မကောင်းမှုလား"

ဟု တောက်တဲ့က မေးလိုက်လေ၏။

"ဒါကတော့ကွာ မေးနေစရာ မလိုပါဘူး၊သတ်တယ်ဆိုကတည်းက ဘယ်ကောင်းမလဲ"

ဟု ကျွန်ုပ် ပြန်၍ ပြောလျှင် တောက်တဲ့က. . .





"ဘာဖြစ်လို့ မကောင်းတာလဲ အစ်ကိုကြီး"

ဟု တောက်တဲ့က ပြန်၍ မေးလေ၏။

'မင်းပဲ စဉ်းစားကြည့်လေကွာ၊ သတ်တယ်ဆိုကတည်းက လူကိုသတ်ရင်လည်း တစ်ဖက်ကလူသေပြီ တိရစ္ဆာန်ကို သတ်ရင်လည်း အသတ်ခံရတဲ့ တိရစ္ဆာန်ဟာ သေပြီဆိုတော့ ဘယ်မှာ ကောင်းမှာလဲကွာ"

ဟု ကျွန်ုပ်က ရှင်းပြလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"သေသွားလို့ မကောင်းတာလား"

ဟု ထပ်၍ မေးလေ၏။

"ဟုတ်တယ်ကွ"

ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . .

"မနေ့က ခြံထဲမှာ တီကောင်တစ်ကောင်ရဲ့ ခါးလည်တည့်တည့်ကို ကျွန်တော်ဟာ ဂေါ်ပြားနဲ့ ထိုးမိတယ်၊ အဲဒီ တီကောင်ဟာ မသေဘူး၊ပျူနှစ်ကောင်ဖြစ်သွားတယ်၊ တစ်ကောင်က တစ်ဖက်ကို သွားတယ်၊ တစ်ကောင်က တစ်ဖက်ကိုသွားတယ်၊ အဲဒါကို ကော အစ်ကိုကြီး ဘယ်လို ပြောမလဲ"

ဟု ကျွန်ုပ်အား ပြန်၍ မေးလိုက်ရာ ကျွန်ုပ်က. . . .

"ဟေ့ကောင် တောက်တဲ့ ကပ်သီးကပ်သပ်တွေ မမေးနဲ့ကွာ၊ မင်းနဲ့ ကြာကြာနေရင်တော့ ငါ့ဆံပင်တွေ ဖြူလာဖို့ရှိတယ်"

ဟု ပြောလိုက်ရာ တောက်တဲ့ကလေးသည် အားရပါးရ ရယ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့ကလေးသည် ဤသို့ ကပ်သီးကပ်သပ် မေးတတ်သည်မှအပ ချစ်စရာကောင်းသော ကလေးတစ်ယောက် ဖြစ်၏။ ကျွန်ုပ်တို့ နှစ်ဦးသည် ဤသို့လျှင် ရယ်မောရှ် အိမ်သို့ ပြန်လာကြရာ အိမ်သို့ ရောက်လျှင် တောက်တဲ့၏ အဒေါ်က. . . .

"သားအဖနှစ်ယောက် ဘာတွေများ ရယ်စရာတွေ့လို့ ရယ်လာကြတာလဲ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က. . . .

"ဘယ်ကလာ သားအဖရမှာလဲ တူအရီးပါ"

ဟု ပြန်၍ ပြောလိုက်ရာ တောက်တဲ့၏ အဒေါ်က ကျွန်ုပ်အား မျက်စောင်းထိုးလိုက်ပြီးလျှင်. . . .

"ငါးရံ့နှစ်ကောင် ဖမ်းချင်တဲ့ လက္ခဏာဆရာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ငါးရံ့နှစ်ကောင်ဟာ လက်နဲ့ဖမ်းရင်တော့ ခက်ကောင်းခက်မှာပေါ့ဗျာ၊ ပိုက်နဲ့ဖမ်းရင်တော့ ဘယ်လွတ်လိမ့်မတုံး"

ဟု ပြန်၍ ပြောလိုက်လျှင် တောက်တဲ့၏ အဒေါ်က. . . .

"ဖမ်းကြည့်စမ်းပါဦး"

ဟု နှုတ်ခမ်းစူ၍ ပြောလိုက်လေ၏။

"အခုတော့ မဖမ်းသေးဘူး၊ ဖမ်းဖို့ ပိုက်ယက်နေတယ်၊ ပိုက်ယက်ပြီးရင်တော့ ဖမ်းရမှာပဲ၊ နှစ်ကောင်ကိုမိရင်တော့ တစ်ကောင်ကို ဆန်လှော်နဲ့ ရေများများထည့်ချက်ပြီး ငရုတ်ကောင်းမှုန့်နိုင်နိုင် ခပ်သောက်မယ်၊ တစ်ကောင်ကိုတော့ ပုံမပျက်ကြော်ပြီး အမြီးကနေခေါင်းအထိ အရိုးပါဝါးစားပစ်မယ်"





ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်ရာ တောက်တဲ့၏ အဒေါ်က 'ဟင်း' ဟု တစ်လုံးတည်း ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. . . .

"ဟုတ်ပါတယ်၊ နှစ်ကောင်စလုံး ဟင်းချက်စားမှာပါ"

ဟု ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ တောက်တဲ့အဒေါ်က ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက်. . . .

"အဲဒီလို အပြောကောင်းလို့ ရှင့်ရဲ့ လက္ခဏာဆိုင်ရာမှာ မိန်းမတွေ ဝိုင်းနေတာထင်တယ်"

ဟု ပြောလိုက်လေ၏။

"အဲဒါတော့ ခင်ဗျား မဟုတ်တာပြောတာ ကျုပ်ဆီမှာ လက္ခဏာလာကြည့်တဲ့လူဟာ အများစုက ယောကျ်ားတွေပဲဗျာ"

ဟု ပြန်၍ ပြောလိုက်လေ၏။ တောက်တဲ့သည် ဈေးခြင်းတောင်းအား အိမ်နောက်ဖေးတွင်ရှိသော ၎င်း၏မိခင်အား ပေးလိုက်လေ၏။ ချမ်းအေးလွန်းလှသဖြင့် ကျွန်ုပ်သည် ရေမချိုးနိုင်တော့ပေ။ ထို့ကြောင့် ရေနွေးအိုးတည်၍ ရေနွေးဖတ် တိုက်ရလေတော့၏။ ပြီးလျှင် ကျွန်ုပ်သည် စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေမိလေတော့၏။ ညမီးထွန်းချိန်သို့ ရောက်သောအခါ၌ တောက်တဲ့၏အမေသည် ကျွန်ုပ်အား ဝက်ခြေထောက်စွပ်ပြုတ် ရှောက်သီးသုပ် စသည်တို့ဖြင့် ထမင်းကျွေးလေ၏။ ချမ်းအေးသောကာလ ဖြစ်သဖြင့် ဤသို့ ချဉ်ချဉ်စပ်စပ် ပူပူ ဟင်းလျာများကို ချက်ကျွေးသောကြောင့် အထူးစား၍ ကောင်းလေတော့၏။ ထိုအချိန်၌ တောက်တဲ့၏ အမေက. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဆရာ စားလို့ကောင်းရဲ့လား"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကျုပ်ဘကြီး တစ်ယောက်တော့ ဂျပန်ခေတ်တုန်းက ရှောက်သီးသုပ်နဲ့ ဝက်ခြေထောက်စွပ်ပြုတ်စားပြီး မိန်းမရတော့တာပဲ"

ဟု ကျွန်ုပ်က မဆီမဆိုင် ပြောလိုက်ရာ တောက်တဲ့၏ အမေက. . . .

'အလို' ဟု ယောင်၍ပင် အော်လိုက်လေ၏။ တောက်တဲ့၏ အဒေါ်ကမူ ကျွန်ုပ်၏စကားကို သဘောကျသဖြင့် တခစ်ခစ် ရယ်လေ၏။ တောက်တဲ့ကမူ. . . .

"ရှောက်သီးသုပ်နဲ့ ဝက်ခြေထောက်စွပ်ပြုတ်စားတာနဲ့ အစ်ကိုကြီးရဲ့ ဘကြီးက ဘယ်လိုလုပ်ပြီး အိမ်ထောင်ကျသွားတာလဲ"

ဟု မေးလိုက်လေ၏။

"ဒီလိုကွ၊ ဂျပန်ခေတ်တုန်းက ငါ့ဘကြီးတစ်ယောက်ဟာ လှေတစ်စီးနဲ့ မြစ်ဝကျွန်းပေါ်ဘက်မှာ အထည်တွေ လျှောက်ပြီးရောင်းတာဟေ့၊ တစ်နေ့ရာလည်းရောက်ရော မုဆိုးမအိမ်မှာဝင်ပြီးတည်းတော့တာ အဲဒီမိန်းမက ငါ့ဘကြီးကို ဝက်ခြေထောက်စွပ်ပြုတ်နဲ့ ရှောက်သီးသုပ်နဲ့ ထမင်းကျွေးတာဟေ့ ငါ့ဘကြီးက စားလို့ကောင်းလွန်းလို့ ဒီဟင်းမျိုး အမြဲစားလို့ရအောင် ဒီမိန်းမကိုယူမှ ဖြစ်မယ်ဆိုပြီး အဲဒီအိမ်က မပြန်ဘဲနေတော့တာပဲ၊ အဲဒီမှာတင် ငါ့ဘကြီးနဲ့ အဲဒီမုဆိုးမ အိမ်ထောင်ကျတော့တာပဲ"





ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့၏အဒေါ်က ရယ်လေ၏။ တောက်တဲ့ကမူ. . . .

"အစ်ကိုကြီး အခုပြောပြတဲ့ ဇာတ်လမ်းက ကောင်းပါတယ်၊ ဒါပေမဲ့ ဇာတ်လမ်းထဲမှာ တစ်ခုလိုဦးမယ် ထင်တယ်၊ အဲဒီမုဆိုးမရဲ့ သားလေးက အစ်ကိုကြီးရဲ့ ဘကြီးကို အိပ်နေတုန်းဓားနဲ့ထိုးလို့ အစ်ကိုကြီး ဘကြီးသေသွားတယ်ဆိုတာ မပါဘူးလား"

ဟု ပြောလိုက်လျှင် တောက်တဲ့၏ အမေသည် အားရပါးရ ရယ်လေတော့၏။

ထိုအခါ ကျွန်ုပ်က. . .

"အဲဒီမုဆိုးမမှာ မင်းပြောသလောက် ရိုင်းစိုင်းမယ့် သားကလေး တစ်ယောက် မရှိဘူးကွ"

ဟု ပြန်၍ ပြောလိုက်လေ၏။

ကျွန်ုပ်က ထိုသို့ပြောလိုက်ရာ တောက်တဲ့နှင့် တောက်တဲ့အမေလည်း ရယ်၏။ တောက်တဲ့အဒေါ်လည်း ရယ်၏။ ကျွန်ုပ်လည်း ရယ်မိတော့၏။ ထမင်းစားပြီးသောအခါ၌ ကျွန်ုပ်သည် ရေနွေးကြမ်းနှင့် ထန်းလျက်ဖြူဆုပ်ကို စားသောက်နေ၏။ တောက်တဲ့သည် ထမင်းဝိုင်းကို ဝိုင်း၍ သိမ်းပြီးနောက် ကျွန်ုပ်၏ အနီးသို့ ရောက်လာလေ၏။

တောက်တဲ့သည် ကျွန်ုပ်၏အနီးသို့ ရောက်လာ၏။ ဤသို့ ရောက်လာပြီးလျှင်. . . .

"အစ်ကိုကြီး ကျွန်တော့်ကို လက္ခဏာအကြောင်း ပြောပြပါဦး"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောရတာပေါ့ကွာ"

ဟုဆိုကာ ကျွန်ုပ် သိမ်းဆည်းထားသော မှတ်စု မှတ်ရာများ အနက်မှ ပုံတစ်ပုံကို ထုတ်ပြလိုက်လေ၏။ ထိုပုံမှာ (၁၆) ရာစုနှစ်အတွင်း ဂျစ်ပစီ လက္ခဏာဆရာမတစ်ဦးက အီတလီ လူငယ်တစ်ဦးအား လမ်းတွင်ရပ်၍ လက္ခဏာကြည့်ပေးနေပုံ ဖြစ်၏။ ထို့နောက် (၁၅) ရာစုနှစ်တွင် ထုတ်ဝေခဲ့သော လက္ခဏာစာအုပ်တစ်အုပ်၏ အဖွင့်စာမျက်နှာတစ်ခုကို ရိုက်ထားသည့် ဓာတ်ပုံအား ထုတ်ပြလိုက်လေ၏။ ထို့ပြင် (၁၆) ရာစု လက္ခဏာသစ်ထွင် ပန်းချီပုံတစ်ပုံကိုလည်း တောက်တဲ့အား ပြလိုက်လေ၏။










၁၅ ရာစုနှစ်တွင် ထုတ်ဝေခဲ့သော လက္ခဏာစာအုပ်၏ အဖွင့်စာမျက်နှာ

ထို့နောက် ကမ္ဘာကျော်လက္ခဏာ ဆရာကြီးကိုင်ရို လက္ခဏာဟောပြောခဲ့သည့် လက္ခဏာဟောခန်းပုံကိုလည်း တောက်တဲ့အား ထုတ်ပြလိုက်လေတော့၏။ တောက်တဲ့သည် ထိုပုံများကို ကြည့်ပြီးနောက် ကျွန်ုပ်အား. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဂြိုဟ်ခုံနေရာတွေ ကျွန်တော် မသိသေးဘူး အစ်ကိုကြီး" ဟု ပြောသဖြင့် ကျွန်ုပ်သည် လက်ဂြိုဟ်ခုံနေရာများ ဖော်ပြသည့်ပုံအား တောက်တဲ့အား ထုတ်ပြလိုက်လေ၏။ ထို့နောက် တောက်တဲ့က လမ်းကြောင်းများ သိလိုသည်ဟု ပြောသဖြင့် လမ်းကြောင်းများပါသောပုံကို ပြလိုက်ရလေ၏။ ပြီးလျှင် တောက်တဲ့က အသက်လမ်းကြောင်း အသက်ပိုင်းပုံကို သိလိုသည်ဟု ပြောပြန်သဖြင့် အသက်လမ်းကြောင်းများ အသက်ပိုင်းထားပုံကို ပြသည့်ပုံအား ပြရပြန်လေ၏။ တောက်တဲ့သည် ထိုပုံများကို အသေးစိတ်ကြည့်ပြီးနောက် လိုက်လံမှတ်သားနေလေတော့၏။



သစ်ထွင်းပန်းချီ





ထိုအခါ ကျွန်ုပ်က. . .

"မင်းကိုတော့ ပထမဦးဆုံး ရှားပါးတဲ့ လက္ခဏာပုံတွေ ပြရမှာပဲ၊ ပြီးတော့မှ လက္ခဏာပုံတွေနဲ့ ဖြစ်တတ်တဲ့ သဘောတွေကို ရှင်းပြရမှာပဲ၊ မင်းက သိပ်ပြီးဉာဏ်ကောင်းတဲ့ ကောင်ဆိုတော့ မကြာခင်မှာပဲ လက္ခဏာပညာ တတ်သွားမှာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"နောက်ထပ် ပုံတွေရှိသေးသလား"

ဟု မေးလေ၏။

"အများကြီး ရှိသေးတယ်ကွ၊ လူတွေရဲ့ အဖြစ်အပျက်နဲ့တွဲပြီး မှတ်ထားတဲ့ လက္ခဏာပုံတွေလည်း ရှိသေးတယ်၊ တချို့လူတွေဟာ သက်ရှိထင်ရှားရှိနေသေးတော့ သူတို့အကြောင်းကို လူမသိစေချင်ဘူးပေါ့ကွ၊ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ လက္ခဏာအကြောင်း ဆောင်းပါးတွေရေးရင် ထည့်ရမှာပဲကွ၊ အဲဒီပုံတွေကို သုံးရမှာပဲ"

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"တစ်နေ့ နည်းနည်း နည်းနည်း ကျွန်တော့်ကို ပြသွားပါ အစ်ကိုကြီးရယ်၊ ကျွန်တော် မှတ်နိုင်ပါတယ်"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com






ကိုင်ရို

လာဘ်မိုးရွာစေပေ









လာဘ်မိုးရွာစေပေ

www.burmeseclassic.com

www.burmeseclassic.com







အသက်ပိုင်းထားပုံ








ဂြိုဟ်ခုံ

"မင်းကိုလည်း လက္ခဏာပုံတွေ နည်းနည်း နည်းနည်းနဲ့ ပြသွားမယ်၊ မင်းအမေကိုလည်း တစ်နေ့ နည်းနည်း နည်းနည်း လူပျိုစကား ပြောသွားရမှာပဲ"

ကျွန်ုပ်က နောက်ရာ တောက်တဲ့က. . . .

"အဲဒီအကြောင်းမပါရင် အစ်ကိုကြီး စကားမပြောတတ်ဘူးလား"

ကျွန်ုပ်အား မျက်နှာထိမျက်နှာထားနှင့် ပြောလိုက်လေတော့သည်။


□□□□□□□□□



www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၉)

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ဗေဒင်လက္ခဏာဟောရန် အတွက် ကျွန်ုပ်၏ဆိုင်သို့ ထွက်လာခဲ့လေ၏။ ကျွန်ုပ်နှင့်အတူ တောက်တဲ့ ိုသည့် ကောင်လေးလည်း ပါလာလေ၏။ ဆိုင်သို့ရောက်လျှင် တောက်တဲ့ကလေးသည် ကျွန်ုပ်အား ကူညီ၍ ဆိုင်ခင်းပေး၏။ ဆိုင် င်းပြီးသောအခါ၌ တောက်တဲ့ကလေးက ကျွန်ုပ်အား. . . .

လာဘ်မိုးရွာစေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာအစ်ကိုကြီး. . . အစ်ကိုကြီးပြောတဲ့ ဉာဏ်လမ်းကြောင်း ဒါမှမဟုတ် ဦးခေါင်းလမ်းကြောင်းအကြောင်း ကျွန်တော့်ကို ပြောပြပါဦး"

ဟု ပူဆာလေ၏။ ထိုအခါ ကျွန်ုပ်က. . . .


"ဉာဏ်လမ်းကြောင်းက ပုံသဏ္ဌာန်အမျိုးမျိုး ရှိတယ်ကွ၊ လမ်းကြောင်း စတဲ့နေရာ၊ လမ်းကြောင်းဆုံးတဲ့ နေရာတွေလည်း တစ်ခုနဲ့တစ်ခု မတူကြဘူး၊ ဒါပေမဲ့ ဉာဏ်လမ်းကြောင်းကို နားလည်ရမယ့် အချက်တစ်ခုတည်းကိုပဲ ပိုင်ပိုင်နိုင်နိုင် မှတ်ထားကွ၊ အဲဒါက ဘာလဲဆိုတော့ လမ်းကြောင်း တိုခြင်း၊ ရှည်ခြင်းနဲ့ လမ်းကြောင်း ကွေးခြင်း၊ ဖြောင့်ခြင်းပဲကွ၊ လမ်းကြောင်း အတိုအရှည်ဟာ ဉာဏ်ရည်ဉာဏ်သွေး အနိမ့်အမြင့်ကို ဖော်ပြတယ်၊ လမ်းကြောင်းကွေးခြင်း၊ ဖြောင့်ခြင်းကတော့ ဉာဏ်ရည်ဉာဏ်သွေး အမျိုးအစားကို ဖော်ပြတယ်၊ လမ်းကြောင်းတိုရင် ဉာဏ်ရည်ဉာဏ်သွေး နိမ့်တယ်ကွ၊ လမ်းကြောင်းရှည်ရင် ဉာဏ်ရည် ဉာဏ်သွေး မြင့်တယ်ကွ၊ လမ်းကြောင်းဖြောင့်ရင် လက်တွေ့လုပ်လို့ရတဲ့အပေါ်မှာပဲ ဉာဏ်က ကျက်စားတယ်၊ လမ်းကြောင်း ကွေးရင်တော့ လက်တွေ့လုပ်လို့ မရဘဲ စိတ်ကူးလို့ရတဲ့အပေါ်မှာပဲ ဉာဏ်က ကျက်စားတယ်၊ ဒီအချိန်ကို သိထား





ရင် ဉာဏ်လမ်းကြောင်းနဲ့ ပတ်သက်ပြီး ထွေထွေထူးထူး လေ့လာစရာ မရှိပါဘူး၊ ဟိုးရှေးရှေးတုန်းက အင်္ဂလန်က စစ်ဗိုလ်လေးတစ်ယောက်ဟာ လက္ခဏာဆရာကြီးကိုင်ရိုဆီမှာ လက္ခဏာမေးတယ်ကွ၊ သူ့ရဲ့ ဉာဏ်လမ်းကြောင်းဟာ ရှည်ပြီး ဖြောင့်တဲ့ အမျိုးအစားဖြစ်တယ်၊ ဒါပေမဲ့ လမ်းကြောင်းရဲ့ တစ်ဝက်လောက်မှာ ကျွန်းကြီးဖြစ်နေတယ်၊ ကျွန်းကြီးဆိုတာကို မင်းနားလည်အောင် ပြောပြရဦးမယ်၊ စပါးစေ့နဲ့ သိပ်ပြီး တူတာကွ၊ မင်းကိုငါ နမူနာပုံတစ်ခု ဆွဲပြမယ်"

ဟု ဆိုကာ ကျွန်ုပ်သည် လမ်းကြောင်းပေါ်မှ ကျွန်းပုံစံကို ရေးပြလိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တောက်တဲ့က. . . .

"အစ်ကိုကြီးရဲ့ စကားကို ဆက်ပါဦး၊ ဉာဏ်လမ်းကြောင်းရဲ့ တစ်ဝက်လောက်မှာ ကျွန်းပုံစံကြီးပါတော့ အစ်ကိုကြီးပြောတဲ့ လက္ခဏာ ဆရာကြီးကိုင်ရိုက အဲဒီအင်္ဂလိပ်စစ်ဗိုလ်ကလေးကို ဘယ်လိုဟောလိုက်သလဲ"

ဟု မေးလေ၏။

"အဲဒီစစ်ဗိုလ်ကလေးကို လက္ခဏာဆရာကြီးကိုင်ရိုက အသက် (၃၅) နှစ်မှာ ခေါင်းမှာ ဒဏ်ရာရမယ်လို့ ဟောလိုက်တယ်ဗျာ၊ အမှန်လည်းပဲ အသက် (၃၅) နှစ်မှာ ခေါင်းကို သေနတ်မှန်ပြီး သေဆုံးသွားတယ်"

ဟု ကျွန်ုပ်က ရှင်းပြလိုက်လျှင် တောက်တဲ့ဆိုသော လူငယ်ကလေးက

"ဒီလိုဆိုရင် ဉာဏ်လမ်းကြောင်းမှာ ကျွန်းပုံပါတာတွေ့ရင် ခေါင်းမှာ ဒဏ်ရာရမယ်လို့ ဟောရမှာပေါ့"

ဟု မေးလိုက်လေ၏။

"အမှန်ပဲ တောက်တဲ့ရေ၊ ကျွန်းပါရင် ဒဏ်ရာရမယ်လို့ ဟောရမယ်၊ ဒဏ်ရာမရရင်လည်း ဦးခေါင်းပိုင်းကို ဒုက္ခပေးမယ်လို့ ဟောရမယ်၊ အဲဒီမှာ တစ်ခုသိထားရဖို့က လက်ညှိုးအောက် တည့်တည့်လောက် ဉာဏ်လမ်းကြောင်းပေါ်မှာ ကျွန်းပါရင် ဦးခေါင်းပိုင်း 'နား' နေရာနဲ့ ဆိုင်တယ်၊ လက်ခလယ်အောက် တည့်တည့်လောက်မှာ ကျွန်းပါရင် မျက်စိကို ဒုက္ခပေးတတ်





တယ်၊ လက်သူကြွယ်အောက်တည့်တည့်မှာ ကျွန်းပါရင် လည်ချောင်းကို ဒုက္ခပေးတတ်တယ်၊ လက်သူကြွယ်ကိုလွန်ပြီး ကျွန်းပါရင်တော့ နှာခေါင်းကို ဒုက္ခပေးတတ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ပညာရပ်က နည်းနည်းအနုစိတ်လာပြီနော် အစ်ကိုကြီး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ပညာရပ်က အနုစိတ်လာသလို မင်းအမေက ငါ့အပေါ်ကို ထားတဲ့ မေတ္တာတွေကလည်း နည်းနည်း အနုစိတ်လာပြီ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"လက္ခဏာအကြောင်းပြောရင် လက္ခဏာကိုပဲ ပြောပါ အစ်ကိုကြီးရာ၊ ကျွန်တော့်အမေ မပါ,ပါစေနဲ့"

ဟု ကန့်ကွက်လေ၏။

"ဒီလိုရှိတယ် တောက်တဲ့ရဲ့၊ မင်းအမေက မုဆိုးမဆိုပေမယ့် ငါ့မျက်စိမှာ သိပ်လှတယ်ကွ၊ အထူးသဖြင့် သူ့ခြေမျက်စိဟာ ငါ့ရဲ့နှလုံးသားကို လှုပ်ရှားအောင် လုပ်ခဲ့တာပဲ၊ ခြေမျက်စိမြင့်တဲ့ မိန်းမဟာ ဉာဏ်ရည် ဉာဏ်သွေး နည်းတယ်ကွ၊ ပြီးတော့ သူ့ခြေမျက်စိဟာ အဖုအထစ်ရှိတယ်လို့တောင် မထင်ရအောင် ချောမွတ်တယ်ကွ၊ ဒီအချက်ဟာ သိပ်ပြီးကောင်းတဲ့အချက်ပဲ၊ အလွယ်မှတ်ထားဖို့က ခြေမျက်စိငယ်ရင် ဉာဏ်ရည်ဉာဏ်သွေး ကောင်းတယ်ပေါ့ကွာ၊ အဲဒီတော့ ခြေမျက်စိကိုလည်း ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းနဲ့အတူ တွဲဖက်ပြီး သုံးသပ်ရမှာပေါ့၊ ခြေမျက်စိကြီးတဲ့လူဟာ မသိတာကို အသိလုပ်ပြီး ငြင်းခုန်တတ်တယ်ကွ၊ ဒါကြောင့် သာမုဒ္ဒြိက ဆရာက. . .

မညီညွတ်ဘဲ ကဲကဲမြင့်မြင့်၊ မတင့်တယ်ဘိ၊ ခြေမျက်စိကား၊ မသိနိုးနား၊ သိဝိုးဝါးဖြင့်၊ ညှိုးထားရန်တု၊ ငြင်းခုံပြု၏၊ အဖုအရစ်၊ ခြေဆစ်ပျက်စွေ့ မရှိမထင်၊ အကြင်မိန်းမ၊ ငြိမ်းလေစွရှင့် လို့ ဆိုထားတယ်ကွ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . .

“ကျမ်းနဲ့ ဂန်နဲ့ ပြောတော့လည်း လက်ခံရမှာပေါ့ အစ်ကိုကြီးရာ” ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .

“နောက်တစ်ခု မင်းအမေကို ငါ သဘောကျတဲ့အချက် ရှိသေးတယ်၊ အဲဒါကတော့ ဖနောင့်ပဲကွ၊ သူ့ရဲ့ဖနောင့်လုံးလုံးလေးဟာ အပေါ်ကိုလည်း သိပ်ပြီး မမြင့်ဘူးကွ၊ ရှည်လည်း သိပ်မရှည်ဘူး၊ တိုလည်း သိပ်မတိုဘူး၊ ဖနောင့်အဝန်းဟာ ညီညီလုံးလုံးလေးကွ၊ သူ့ဖနောင့်လေးဟာ ငါ့ရဲ့ မေတ္တာကို မရမက ယူမယ်လို့ ပြောနေတဲ့အတိုင်းပဲ၊ ဖနောင့်မြင့်တဲ့သူဟာ ဉာဏ်နည်းတယ်ကွ၊ ဖနောင့်ကြီးရင်တော့ ဘဝမှာ တစ်ကိုယ်ရည်တကာယ နေရတတ်တယ်၊ ဖနောင့်ရှည်ရင် ဆင်းရဲတယ်၊ ဖနောင့်ဟာ အလုံးအဝန်းညီပြီး မတိုမရှည် မနိမ့်မမြင့်ဖြစ်နေရင် ကျက်သရေနဲ့ ပြည့်စုံတယ်၊ ဖနောင့်မြင့်တဲ့လူဟာ ဉာဏ်





ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရို၏ လက္ခဏာဟောခန်း



လမ်းကြောင်း တိုတတ်တယ်၊ ဖနောင့်ရှည်တဲ့ လူဟာ ဉာဏ်လမ်းကြောင်း ရှည်သွယ်ပြီး ကွေးညွတ်တတ်တယ်ကွ၊ ဖနောင့်အလုံးကြီးရင်တော့ ဉာဏ်လမ်းကြောင်း ဖြောင့်တတ်တယ်ကွ၊ ဖနောင့်အလုံးအဝန်း ညီရင်တော့ ဉာဏ်လမ်းကြောင်းဟာ မဖြောင့်လွန်း၊ မကွေးလွန်း ရှိတတ်တယ်၊ ဖနောင့်ကို မြင်ရုံနဲ့ ဉာဏ်လမ်းကြောင်းကို အကဲခတ်လို့ ရပါတယ်ကွာ၊ အဲဒါကြောင့် သာမုဒ္ဒြိက ဆရာက. . . .



www.burmeseclassic.com

www.burmeseclassic.com



နစ်နစ်အောက်စွင့်၊ ဖနောင့်မြင့်က ကိုယ်ကျင့်ပျက်စီး၊ ဖနောင့်ကြီးက အထီးကျန်မည်၊ ဖနောင့်ရှည်က၊ ပင်ပန်းစွ ရှင့်၊ သမပကျို၊ ဖနောင့်ညီသော်၊ သေသနီနတ်၊ မိသက် မှတ်တည့် လို့ ဆိုထားတယ်ကွ"

ဟု ကျွန်ုပ်က ဆိုလိုက်လျှင် တောက်တဲ့က. . .

"ကျမ်းနဲ့ ဂန်နဲ့ဆိုတော့လည်း လက်ခံရမှာပေါ့ အစ်ကိုကြီးရာ၊ ဒါပေမဲ့ ကျွန်တော့်အမေအကြောင်း မပါဘဲနဲ့ ပြောစမ်းပါ အစ်ကိုကြီးရာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"ဒီလိုရှိတယ် တောက်တဲ့ရေ၊ မိန်းမတွေမှာ ကိုယ်နံ့အမျိုးမျိုး ရှိတယ်ကွ၊အကြမ်းအားဖြင့် (၅)မျိုးလောက် ရှိတယ်၊ လက်ဖက် တို့ ကြောင်ပန်းတို့ လို စားတဲ့ အရသာရှိတဲ့ အနံ့မျိုးလည်း မိန်းမတွေမှာ ရှိတတ်တယ်၊ ဆပ်ပြာတို့၊ ငရုတ်သီးတို့ လို စပ်ရှားရှား နိုင်တဲ့ အနံ့မျိုးလည်း ရှိတတ်တယ်၊ စပါးနံ့ လို မွှေးသည်လည်း မဟုတ်၊ မမွှေးသည်လည်းမဟုတ် အနံ့ မျိုးလည်း ရှိတတ်တယ်၊ ငါးညှီနံ့ လို ဟောင်တောင်တောင် အနံ့မျိုးလည်း ရှိတတ်တယ်၊ ကြာညိုနံ့ လို အမှားတင်စားလေ့ ရှိတဲ့ ကောက်ညှင်းပေါင်း လို အနံ့မျိုးလည်း ရှိတတ်တယ်၊ ခါးတဲ့ကိုယ်နံ့ ရှိတဲ့ မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ်၊ ဉာဏ်လမ်းကြောင်း တိုတတ်တယ်၊ စပ်ရှားရှား ကိုယ်နံ့ရှိတဲ့





လူဟာ ဉာဏ်လမ်းကြောင်း ရှည်ပြီး ဖြောင့်တတ်တယ်၊ ငါး ညှီနံ့လို ဟောင်တောင်တောင်ရှိတဲ့ မိန်းမဟာ ဉာဏ်လမ်း ကြောင်း အဖျားကော့တတ်တယ်၊ ရက်စက်တဲ့သဘော မျော ကွာ၊ ကြာညိုနံ့သင်းတဲ့ ကိုယ်နံ့ ရှိတဲ့သူဟာ ဉာဏ်လမ်းကြောင်း မတရားသွယ်ညွှတ်တတ်တယ်၊ စိတ်ကူးအလွန်ယဉ်တတ် တယ် ပေါ့ကွာ၊မင်းအမေရဲ့အနံ့ကတော့စပါးအနံ့ကွ၊ ဒါကြောင့် သူ့ဉာဏ်လမ်းကြောင်းဟာ မတိုလွန်း၊ မရှည်လွန်း၊ မကွေးလွန်း၊ မဖြောင့်လွန်း ရှိလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . .

"ကျွန်တော့်အမေရဲ့ ကိုယ်နံ့ဟာ စပါးနံ့ရှိကြောင်း အစ်ကိုကြီး က ဘယ်လိုလုပ်ပြီး သိတာလဲ"

ဟု မေးလေ၏။

"ဟိုတစ်နေ့က ဈေးထွက်ခါနီးမှာ ဈေးတောင်း ငါ့ကို ပင့်ခိုင်း တယ်လေကွာ၊ အဲဒီမှာ ငါက သူ့ကိုယ်နံ့ကို သတိထားမိတာပေါ့၊ အဲဒီလိုသတိထားပြီး အနံ့ခံကြည့်တော့မှ သူ့ကိုယ်နံ့ဟာ စပါးနံ့ ရှိကြောင်း သိရတယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . .

"နေစမ်းပါဦး အစ်ကိုကြီးရာ၊ စပါးအနံ့ကို ကျွန်တော် မသိဘူး၊ ဘယ်လိုအနံ့မျိုးလဲ"

ဟု မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com









"စပါးနံ့ဟာ သေသေချာချာ ရှူကြည့်ရင်း စကားဝါပန်းအနံ့နဲ့ တူတယ်ကွ၊ ဒါပေမဲ့ စကားဝါပန်းအနံ့က ပြင်းတယ်၊ စပါးအနံ့က သင်းတယ်၊ ဒါကြောင့်. . .

*စကားစံပယ်၊ လှိုင်ကြွယ်ဖျံ့မွှေး၊ မူလေးခေတ္တာ၊ ယင်းမာရွှေပွင့်၊ ညှာတွေလင့်သည်၊ လေသင့်ပန်းတူ၊ လှမဥ္စူဟူ၊ သုမပြိုင်ဘွယ်၊ လရုံကြွယ်သို့၊ မိမယ်ဖုန်းရှိ လို့ သာမုန္ဒြီက*

ဆရာက ဆိုထားတယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ကျမ်းနံ့ဂန်နံ့ဆိုတော့လည်း လက်ခံရမှာပေါ့ အစ်ကိုကြီးရာ" ဟု ပြောလိုက်လေ၏။

ထိုအချိန်မှာပင် ကျွန်ုပ်ထံသို့ လူတစ်ယောက်လာ၍ လက္ခဏာ ကြည့်လေ၏။ ကျွန်ုပ်သည် ထိုသူ၏လက္ခဏာကို မှန်ဘီလူးဖြင့် သေချာစွာ စစ်ဆေးလေ၏။ ထို့နောက် ကျွန်ုပ်က ထိုသူအား. . . .

"ခင်ဗျားဟာ လုပ်ငန်းနှစ်မျိုးလုပ်တယ် မဟုတ်လား၊ ဝင်ငွေနှစ်မျိုးမဟုတ်လား"

ဟု ပြောလိုက်ရာ ထိုသူက ဟုတ်မှန်ကြောင်း ဝန်ခံလေ၏။ သူသည် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်သကဲ့သို့ မြန်မာဆေးပညာနည်းဖြင့် ဆေးကုသောလုပ်ငန်းလည်း လုပ်ကြောင်း၊ လုပ်ငန်းနှစ်ခုလုံးလည်း အောင်မြင်ကြောင်း ပြောလေ၏။ ထိုလူ ပြန်သွားသောအခါ၌ တောက်တဲ့က ကျွန်ုပ်အား. . . .



www.burmeseclassic.com

www.burmeseclassic.com





၁၇ ရာစုနှစ်ထုတ် လက္ခဏာကျမ်းတစ်စောင်၏
အဖွင့်စာမျက်နှာတစ်ခု





"အစ်ကိုကြီး အစ်ကိုကြီး၊ အဲဒါ ဘာကို ကြည့်ပြီး ပြောတာလဲ" ဟု မေးလေ၏။ ကျွန်ုပ်က. . . .

"ညာဏ်လမ်းကြောင်း နှစ်ခွဖြစ်တာကို ကြည့်ပြီး ပြောတာကွ" ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"ကျွန်တော်လည်း ထင်သားပဲ"
ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်သည် ဥရောပတိုက်ရှိ ရှေးဟောင်းလက္ခဏာ ပညာရပ်များအကြောင်းကို ပြောပြသည့်အပြင် ထိုပညာရပ်နှင့် ပတ်သက်သော အထောက်အထားပုံများကိုလည်း တောက်တဲ့အား ထုတ်၍ပြလေ၏။


တောက်တဲ့သည် ထိုပုံများကို ကြည့်ပြီးနောက် လက္ခဏာ ပညာရပ်များကို လွန်စွာအံ့သြ၍နေလေတော့၏။

□□□□□□□□□□



www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၁၀)

ကျွန်ုပ်သည် ငှားရမ်းနေထိုင်သော အခန်းကျဉ်းကလေးထဲတွင် အုပ်တစ်အုပ်ကို ဖတ်ရှုနေလေ၏။ စာအုပ်မှာ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်း၏။အကြောင်းအရာကောင်းသော်လည်း အရေးအသား ညံ့ဖျင်း သောကြောင့် ဖတ်ရင်းနှင့် အိပ်ငိုက်လာ၏။ ထိုအချိန်၌ တောက်တဲ့ သော ကောင်လေး ရောက်လာပြီးလျှင် . . . .

“အစ်ကိုကြီး ဘာစာအုပ်ဖတ်နေတာလဲ”

မေးလေ၏။

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝတ္ထုစာအုပ်ပါကွာ၊ ဇာတ်လမ်းဇာတ်ကွက်နဲ့ အချက်အလက် ကလေးတွေကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ အရေးအသား က သိပ်ပြီးညံ့တယ်ကွယ့်၊ အဲဒါကြောင့် ဖတ်ရတာပျင်းစရာကြီး ဖြစ်နေတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ပျင်းစရာကောင်းရင်လည်း မဖတ်ဘဲနေပေါ့ အစ်ကိုကြီးရာ၊ ဘယ်သူက ရိုက်ပြီး ဖတ်ခိုင်းနေလို့တုံး"

ဟု ပြောလေ၏။

"ဒီလို တောက်တဲ့ရဲ့ လူမှာက စိတ်နှစ်မျိုး ရှိတယ်ကွယ့်၊ အဲဒီ စိတ်နှစ်မျိုးဟာ အလိုအလျောက် လုပ်ချင်တဲ့စိတ်နဲ့ အတင်း စေခိုင်းမှ လုပ်ချင်တဲ့စိတ်ပေါ့ကွာ၊ အင်္ဂလိပ်လိုတော့ **'ဘောလ်လန်တာရီမိုင်း'** နဲ့ **'အမ်ဘော်လန်တာရီမိုင်း'** လို့ ခေါ်တယ်ကွယ့်၊ ဘော်လန်တာရီမိုင်းဆိုတာက ဘယ်သူ့ မတိုက်တွန်းရဘူး၊ ဘယ်သူကမှလည်း အတင်းမစေ ခိုင်းရဘူး သူ့အလိုအလျောက် လိုလိုချင်ချင် လုပ်ချင်တဲ့စိတ်ကို ပြောတာ အမ်ဘော်လန်တာရီမိုင်းကတော့ အတင်းတိုက်တွန်းမှ တစ်





တစ်ယောက် စေခိုင်းမှ မလုပ်ချင်လုပ်ချင်နဲ့ လုပ်ရတဲ့စိတ်မျိုး ကို ခေါ်တာကွယ့်၊ ဥပမာ ကျောင်းသားအရွယ် ကလေးငယ် တစ်ယောက်ကို ကြည့်၊ လမ်းပေါ်မှာ ဆင်းပြီးဆော့ဖို့ကို တိုက် တွန်းစရာမလိုဘူး။ သူ့ရဲ့ ဘော်လန်တာရီမိုင်းကိုက ဆင်းပြီး ဆော့ချင်နေတယ်၊ ဒါပေမဲ့ ကျောင်းစာကျက်ဖို့ကိုတော့ လူကြီး မိဘက စေခိုင်းရလိမ့်မယ်၊ အဲဒီလို စေခိုင်းရင်တော့ ကလေး က ကျောင်းစာကို ဖတ်မှာမဟုတ်ဘူး၊ ဒါဆိုရင် မင်း သဘော ပေါက်ပြီး အလွယ်မှတ်ဖို့ကတော့ **'အလွယ်တကူစိတ်'** နဲ့ **'မလွယ်ကူစိတ်'** ပေါ့ကွာ၊ လူဟာ အလွယ်တကူ စိတ်ရဲ့ ဦးဆောင်မှုတွေကိုပဲ လုပ်နေရင်ကြာတော့ လူညံ့ဖြစ်လာတယ်၊ မတ်တတ်ရပ်နေမလား၊ ထိုင်နေမလားဆိုရင် ထိုင်နေတာကို ပိုပြီးနှစ်သက်ကြတယ်၊ ထိုင်နေမလား၊ လှဲနေမလားဆိုရင် လှဲ နေတာကို ပိုပြီးနှစ်သက်ကြတယ်၊ ရုပ်ရှင်ကြည့်မလား၊ ပုတီး စိပ်မလားဆိုရင် ရုပ်ရှင်ကြည့်တာကို ပိုပြီးနှစ်သက်ကြလိမ့်မယ်၊ အလုပ်လုပ်မလား၊ နားမလားဆိုရင် နားတာကို ပိုပြီး နှစ်သက် ကြလိမ့်မယ်၊ အဲဒါဟာ အလွယ်တကူစိတ်နဲ့ စေ့ဆော်မှုတွေကွ၊



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူစိတ်ရဲ့ စေ့ဆော်မှုတွေကိုချည်းပဲ လိုက်ပြီးလုပ်နေ
မယ်ဆိုရင် အဲဒီလူတစ်ယောက်ဟာ အချိန်ကြာလာတာနဲ့အမျ
လူပျင်း၊ လူပျော့၊ လူညံ့ တစ်ယောက် ဖြစ်လာတတ်တယ်၊
ဒါကြောင့် လူဟာ လူပျင်း၊ လူပျော့၊ လူညံ့ မဖြစ်ရလေအောင်
ကိုယ်မလုပ်ချင်တဲ့ အလုပ်တွေကို ကိုယ့်ဘာသာကိုယ် အမိန့်
ပေးပြီး စေခိုင်းရတယ်၊ ဒါဟာ စိတ်လေ့ကျင့်ခန်း တစ်မျိုးပဲ၊
ဥပမာကွာ ပျင်းစရာကောင်းတဲ့ စာအုပ်ဆိုရင် သဘာဝ
အတိုင်းပြောရင် မဖတ်ချင်အူးပေါ့၊ ဒါပေမဲ့ ကိုယ့်စိတ်ကို
ကိုယ်ဆုံးမပြီး အဲဒီပျင်းစရာကောင်းတဲ့စာအုပ်ကို မပြီးမချင်း
ဖတ်ရမယ်ကွ၊ အလုပ်လုပ်ဖို့ ငြီးငွေ့တဲ့အခါမျိုးမှာ အနားယူ
ချင်တာဟာ သဘာဝပဲ၊ ဒါပေမဲ့ ငါ အနားမယူဘူး၊ အလုပ်ကို
ဆက်လုပ်မယ်ဆိုပြီး ပျင်းတဲ့စိတ်ကို အနိုင်အထက် လုပ်ယူပြီး
နှိပ်ကွပ်ရတယ်ကွ၊ အဲဒါဟာ စိတ်ရဲ့လေ့ကျင့်ခန်းပဲ၊ အခုလည်း
ဒီစာအုပ်ဟာ ပျင်းစရာကောင်းတယ်ဆိုတာ ငါသိပါတယ်ကွာ၊
ဒါပေမဲ့ စိတ်လေ့ကျင့်ခန်းလုပ်တဲ့အနေနဲ့ မပြီးမချင်း ငါ ဖတ်
နေတာကွ၊ လွှင့်ပစ်ချင်စိတ်ပေါ်လာတာကတော့ သုံးကြိမ်





လောက် ရှိပြီကွ၊ ဒါပေမဲ့ လွှင့်မပစ်ဘဲ ဒီစာအုပ်ကို ပြီးအောင် ဖတ်နေတာဟာ ငါ့အဖို့တော့ အရေးကြီးတဲ့ လေ့ကျင့်ခန်းတစ်ခုပဲ"

ဟု ကျွန်ုပ်က ရှည်လျားစွာ ရှင်းပြလိုက်လေ၏။ ထိုအချိန်မှာပင် တစ်ဖက်ခန်းမှနေ၍ တောက်တဲ့အမေ မုဆိုးမ မိန်းမချောကလေးက. . . .

"ဒီမှာဆရာ မနက်စာ စားပြီးမှ ဆိုင်ကိုသွားနော်၊ ဒီနေ့မနက်စာက ဆရာသိပ်ပြီးသဘောကျမှာ ငါးသလောက်ပေါင်းထားတယ်၊ မယ်ဇလီဟင်းချိုချက်ထားတယ်၊ဂေါ်ဖီရွက်နဲ့ ကြက်သည်း ကြက်မြစ် ကြော်ထားတယ်၊ ပြီးတော့ ရှောက်သီးလည်း သုပ်ထားတယ်"

ဟု လှမ်း၍ ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က တောက်တဲ့၏ခေါင်းကို လက်ဖြင့် ပုတ်ပြီး. . . .

"ဒီမှာ တောက်တဲ့ မင်းအမေကတော့ သူ့ရဲ့အလှပိုက်ကွန်နဲ့ တင် မကဘူး၊ အရသာ ပိုက်ကွန်နဲ့ပါ ငါ့ကို ဖမ်းနေပြီ၊ သိပ်မကြာတဲ့ အချိန်မှာ မင်းဟာ ငါရဲ့မယားပါသား ဖြစ်သွားဖို့ ရှိတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ တောက်တဲ့သည် ကျွန်ုပ်အား မော့ကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အစ်ကိုကြီး အစ်ကိုကြီးရဲ့ စိတ်လေ့ကျင့်ခန်းမှာ အဲဒီကိစ္စကိုပါထည့်ပြီး လေ့ကျင့်ရင် ကောင်းမယ်ထင်တယ်၊ ကျွန်တော့်အမေနဲ့ ကျွန်တော့်အဒေါ်ကို အစ်ကိုကြီး ရိသဲ့သဲ့ လုပ်ချင်တာဟာ **'ဘော်လန်တာရီမိုင်း'** ဗျ၊ အဲဒါကို ငါဟာ တောက်တဲ့ရဲ့ အမေနဲ့ အဒေါ်ကို စိတ်နဲ့တောင် မပြစ်မှားပါဘူးလို့ အစ်ကိုကြီးရဲ့စိတ်ကို အစ်ကိုကြီးဘာသာ ဆုံးမပြီး စောင့်ထိန်းလိုက်မယ်ဆိုရင် အဲဒီစိတ်ဟာ **'အမ်ဘော်လန်တာရီမိုင်း'** လို့ခေါ်တယ် အစ်ကိုကြီး၊ ထူးခြားပြောင်မြောက်တဲ့ စိတ်လေ့ကျင့်ခန်းတစ်ခုဖြစ်သွားလိမ့်မယ်"

ဟု ပြောသဖြင့် ကျွန်ုပ်သည် တောက်တဲ့၏ ကျောကုန်းကို 'အုန်း'ခနဲ ထုလိုက်လေ၏။ ထမင်းစားချိန်သို့ ရောက်သောအခါ၌ တောက်တဲ့၏ အမေသည် ကျွန်ုပ်အား မြိန်ယှက်ဖွယ်ရာကောင်းသော ထမင်းဟင်းလျာများကို ကျွေးမွေးလေ၏။ ကျွန်ုပ်သည် ထမင်းစားရင်း တောက်တဲ့၏ အမေအား. . . .

"ရှမ်းပြည်နယ်က မိန်းမတွေ ငါးသလောက် မပေါင်းတတ်ဘူး အောက်မေ့နေတာ၊ အခုတော့ဗျာ ငါးသလောက်ပေါင်း





ကျွမ်းကျင်ပါတယ်ဆိုတဲ့ မြစ်ဝကျွန်းပေါ်က မိန်းမတွေတောင် တောက်တဲ့အမေနဲ့ ငါးသလောက်ပေါင်း ပြိုင်ပေါင်းမယ်ဆိုရင် မရှုမလှ ရှုံးသွားဖို့ ရှိတယ်၊ ကျုပ်လည်း ငါးသလောက်ပေါင်း အများကြီး စားဖူးပါတယ်၊ ဒါလောက် ကောင်းတာကိုတော့ ဒီတစ်ကြိမ်ဟာ ပထမဦးဆုံးစားဖူးတာပါပဲ၊ ဒီ ငါးသလောက် ပေါင်းလက်ရာတစ်ခုတည်းနဲ့ကိုပဲ တောက်တဲ့တို့ အမေကို တစ်သက်လုံး လေးစားနေရမှာပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့တို့ အမေက. . . .

"ကျွန်မ လုံးဝ ငါးသလောက် မပေါင်းတတ်ဘူး၊ ဟိုဖက်တစ်အိမ်ကျော်မှာ မြစ်ဝကျွန်းပေါ်ဘက်က မိန်းမကြီးတစ်ယောက် ရောက်နေတယ်၊ သူပေါင်းပေးတာပါ၊ တစ်သက်လုံး လေးစားချင်ရင်တော့ အဲဒီအဒေါ်ကြီးကိုပဲ လေးစားပါ"

ဟု ပြောလိုက်သဖြင့် တောက်တဲ့သည် တခစ်ခစ် ရယ်လေတော့၏။ ကျေနပ်အောင် ရယ်ပြီးနောက်. . . .

"ဒီမှာ အစ်ကိုကြီး ကြမ်းပေါက်ကျရင် နှုတ်လို့ရတယ်၊ စကားကျရင် နှုတ်လို့ မရတော့ဘူး၊ အခု အစ်ကိုကြီးစကားကို ပြန်ပြီး နှုတ်ကြည့်စမ်းပါ၊ ရမှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ကျွန်ုပ်သည် အရှက်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထမင်းကို ကပျာကသီ စားရ၏။ ပြီးလျှင် ကျွန်ုပ်၏ ပစ္စည်းများကိုယူကာ ကျွန်ုပ်၏ လက္ခဏာဆိုင်ကလေးသို့ ထွက်လာခဲ့လေ၏။ တောက်တဲ့ လည်း ကျွန်ုပ်နှင့်အတူ လိုက်ပါလာလေ၏။ လမ်းတွင် တောက်တဲ့ ကလေးက လေတချွန်ချွန်နှင့် ပါလာ၏။ ကျွန်ုပ်က သီချင်းလေးညည်း၍ လျှောက်လာခဲ့ကြလေ၏။ မြေဖြူရွာထိပ်သို့ ရောက်သောအခါ၌ တောက်တဲ့က. . . .

"အစ်ကိုကြီးကို ကျွန်တော် တစ်ခုမေးမယ်"

ဟု စကားစလေ ၏။ ထိုအခါ ကျွန်ုပ်က. . . .

**"မင်းမေးတိုင်း ငါက ဖြေရမှာလား"**

ဟု ပြန်၍ ပြောလိုက်ရာ တောက်တဲ့က. . .

"အလကားသက်သက် လူမုန်းမခံချင်ပါနဲ့ အစ်ကိုကြီးရာ၊ မေးရင် ဖြေစမ်းပါ၊ လူမုန်းမခံချင်ပါနဲ့၊ လူမုန်းများတယ်ဆိုတာ မကောင်းပါဘူး"

ဟု တောက်တဲ့က ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .





"ကဲပါကွာ. . . . မင်းမေးချင်တာ မေးပါတော့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဒီလိုပါ အစ်ကိုကြီး၊ ကျွန်တော့်ကို လက္ခဏာပညာ သင်ပေးမယ်ဆိုရင် သင်ပေးတော့လေ"

ဟု ပြောလေ၏။

"မင်းကို သင်ပေးခဲ့တာပဲ၊ ဂြိုဟ်ခုံတွေအကြောင်း လက်ပုံစံတွေအကြောင်း ရှင်းပြပြီးပြီလေကွာ၊ နောက်ထပ် ဘာကို ရှင်းပြရဦးမှာလဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"လမ်းကြောင်းတွေအကြောင်း မရှင်းပြရသေးဘူး"

ဟု တောက်တဲ့က ပြောလေ၏။

"ကဲ. . . ကဲ. . . ဒီလိုဆိုလည်း ဆိုင်ကျရင် ငါ ရှင်းပြပါ့မယ်"


ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ဆိုင်သို့ ဆက်၍ လျှောက်လာခဲ့လေ၏။ ဆိုင်သို့ရောက်သောအခါ၌ ကျွန်ုပ်က တောက်တဲ့အား စာရွက်အလွတ်တစ်ခုပေါ်တွင် အောက်ပါပုံကို ဆွဲကာ ရှင်းပြခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com









(က) (က) ■ ညအသက်လမ်းကြောင်း၊

(ခ) (ခ) ■ ညဦးခေါင်းလမ်းကြောင်း၊

(ဂ) (ဂ) ■ ညအသက်ကူလမ်းကြောင်း၊

(ဃ) (ဃ) ■ ညနှလုံးလမ်းကြောင်း၊

(င) (င) ■ ညအောင်မြင်ရေးလမ်းကြောင်း၊

(စ) (စ) ■ ညကံလမ်းကြောင်း၊

(ဆ) (ဆ) ■ ညဒုစရိုက်လမ်းကြောင်း၊

(ဇ) (ဇ) ■ ညအိမ်ထောင်ရေးလမ်းကြောင်း၊

(ဈ) (ဈ) ■ ညသောကြာခါးပတ်လမ်းကြောင်း၊

(ည) (ည) ■ ညဖြတ်လမ်းကြောင်း၊

(ဋ) (ဋ) ■ ညသယမ္ဘူလမ်းကြောင်း၊

(ဌ) (ဌ) ■ ညသားသမီးလမ်းကြောင်း၊

အဲဒီလမ်းကြောင်းတွေက အဓိကကျတယ်ကွ။ သူတို့ကို မှတ်မိအောင် အရင်လေ့ကျင့်ထားရမယ်။ ပြီးတော့ အကြမ်းဖျင်းအားဖြင့် အမှတ်အသား ကိုးခုကိုလည်း မျက်စိမှာမြင်အောင် ကြည့်တတ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



၁။ ကြက်ခြေခတ် အမှတ်အသား။

၂။ ခရေပွင့် အမှတ်အသား။

၃။ စက်ဝိုင်း အမှတ်အသား။

၄။ ကျွန်း အမှတ်အသား။

၅။ သုံးထောင့်ကွက် အမှတ်အသား။

၆။ လေးထောင့်ကွက် အမှတ်အသား။

၇။ သံဇကာကွက် အမှတ်အသား။

၈။ သံကွင်းဆက် အမှတ်အသား။

၉။ ခက်ရင်းခွ အမှတ်အသား။

အဲဒါတွေကို မျက်စိထဲမှာမြင်အောင် မှတ်သားပြီးရင် နောင်က တော့ လက္ခဏာရှင်ရဲ့ အဖြစ်အပျက်နဲ့ လက္ခဏာရှင်ရဲ့ အမှတ်အသာ တွေကို တိုက်ဆိုင်ပြီး မှတ်သားရမယ်ကွဟု ကျွန်ုပ်က ပြောလိုက်ရ တောက်တဲ့က . . . .

“လက္ခဏာရှင်က အဖြစ်အပျက်နဲ့ လက္ခဏာရှင်ရဲ့ အမှတ် အသား တိုက်ဆိုင်ပြီး မှတ်သားရမယ်ဆိုတာ ကျွန်တော် နာ မလည်ဘူး”

ဟု ပြောလိုက်လေ၏။





“ဒါက ဒီလိုကွာ၊ အိမ်ထောင်ရေးလမ်းကြောင်းဟာ အဖျား ဘက်ကကုတ်ပြီး နှလုံးလမ်းကြောင်းကိုထိရင် မုဆိုးမဖြစ်မယ် လို့ လက္ခဏာ အမှတ်အသားပညာက ဆိုထားတယ်၊ မင်းအမေ ဟာ မုဆိုးမ ဖြစ်နေတယ်၊ ဒါက လက္ခဏာရှင်ရဲ့ အဖြစ်အပျက် ကွ၊ အဲဒီတော့ မင်းအမေလက်ကို သွားပြီးကြည့် လက္ခဏာ အမှတ်အသားက ဆိုထားတဲ့အတိုင်း ဟုတ်၊မဟုတ် ကြည့်ပေ တော့၊ ပြီးတော့ အိမ်ထောင်ရေး လမ်းကြောင်းက အဖျားကော့ ရင် အိမ်ထောင်ရေးခက်တယ်၊ အပျိုကြီး ဖြစ်တတ်တယ်၊ အဲဒါ က လက္ခဏာပညာက ဆိုထားတာ၊ ဟုတ်၊မဟုတ် မင်း အဒေါ် ရဲ့ လက်ကို ကြည့်ပေတော့၊ ပြီးတော့ နှလုံးလမ်းကြောင်းက အတက်တစ်တက်ဟာ အဖျားကုတ်ပြီး ဦးခေါင်းလမ်းကြောင်း ကို ဆင်းသွားတဲ့ ယောကျ်ားဟာ မုဆိုးမနဲ့ ညားတတ်တယ်လို့ ဆိုတယ်ကွ၊ ငါ့လက်ကို ကြည့်ပေတော့”

ပြောကာ ကျွန်ုပ်သည် လက်ဝါးကို ဖြန့်ပြလိုက်ရာ တောက်တဲ့က လေ၏။ အားရအောင် ရယ်ပြီးနောက်. . . .

“အစ်ကိုကြီးကတော့ ဘယ်စကားပဲပြောပြော နောက်ဆုံးမှာ တော့ ကျွန်တော့်အမေဘူတာပဲ ဆုံးတော့တာပဲ”

ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာ ပြောတာပါကွာ၊ မင်းအမေက ငါ့ကို ယူမယ်ပြော
တာတောင် ငါက မယူနိုင်ပါဘူး၊ ငါ့မှာ လုပ်စရာ အလုပ်တွေ
အများကြီး ရှိသေးတယ်"

ဟု ပြောလိုက်လေ၏။

ဤသို့နှင့်ပင် တောက်တဲ့သည် ကျွန်ုပ်တို့ထံ၌ ပညာဆည်းပူး
၏။ အပြင်ဆရာတစ်ဦးထံတွင် ညကျောင်းတက်၍ စာမေးပွဲကို အလွ
ဝင်၍ ဖြေ၏။ ကျွန်ုပ်သည် တောက်တဲ့အား လက္ခဏာပညာသာမ
နျူမော်လော်ဂျီခေါ် ဂဏန်းဗေဒင်ပညာကိုလည်း သင်ပေးခဲ့၏။ အခြာ
သော သိသင့်သိထိုက်သော လောကီပညာများကို သင်ပေးခဲ့၏။

တစ်နေ့တွင် တောက်တဲ့က ကျွန်ုပ်အား. . . .

"ဒီနေ့ ကျွန်တော့်ကို စာသင်ပေးတဲ့ ညကျောင်းဆရာက စကာ
စပ်မိတာနဲ့ ဂဏန်းဗေဒင်အကြောင်းကို ပြောပြတယ်၊ သိပ်
မှန်တာပဲလို့လည်း ပြောတယ်၊ အဲဒီပညာလည်း ကျွန်တော့်
သင်ပေးပါဦး"





ပူဆာလေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် တောက်တဲ့အား ဂဏန်း
ဗေဒင်ပညာသင်ပေးရန်အတွက် အောက်ပါဇယားတစ်ခုကို ဆွဲရလေ
တော့၏။

| | | |
|---|---|---|
| 3 | 6 | 9 |
| 2 | 5 | 8 |
| 1 | 4 | 7 |

ကျွန်ုပ်သည် ထိုဇယားကို ဆွဲပြီးနောက်. . .

"တောက်တဲ့ရေ မင်းပြောတဲ့ ဂဏန်းဗေဒင်ပညာမှာ အဲဒီ
ဂဏန်း (၉) လုံးဟာ အကုန်ပဲကွ၊ အဲဒါကို ကြေကြေညက်ညက်
နားလည်ရင် ဂဏန်းဗေဒင် တတ်ပြီပေါ့ကွာ"

ကျွန်ုပ်က ပြောလိုက်လေ၏။

"အဲဒါကို ဘယ်လိုကြေညက်ရမှာလဲ အစ်ကိုကြီးရဲ့"

တောက်တဲ့က ပြန်၍ မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုကွ၊ ဇယားကို သေချာကြည့်၊ အပေါ်ဆုံးမှာပါ
၃, ၆, ၉ ဆိုတဲ့ ဂဏန်းသုံးလုံးဟာ ဦးခေါင်းနဲ့ ဆိုင်တယ်
အလယ်မှာပါတဲ့ ၂, ၅, ၈ ဆိုတဲ့ ဂဏန်းသုံးလုံးဟာ ဝမ်းဗိုက်
ဆိုင်တယ်၊ ၁, ၄, ၇ ဆိုတဲ့ ဂဏန်းသုံးလုံးဟာ ခန္ဓာကို
အောက်ပိုင်းနဲ့ ဆိုင်တယ်၊ နောက် တစ်ခုက ၁, ၅, ၉ ဆို
ဂဏန်းဟာ သစ္စာတရားနဲ့ ဆိုင်တယ်၊ ၃,၅,၇ ဆိုတဲ့ ဂဏန်းဟ
မေတ္တာတရားနဲ့ ဆိုင်တယ်၊ အဲဒီမေတ္တာတရားဟာ နိမ့်ကျ
မေတ္တာတရား မဟုတ်ဘူး၊ မြင့်မားကြီးကျယ်တဲ့ မေတ္တာတ
ဖြစ်တယ်၊ ၁, ၂, ၃ ဆိုတဲ့ ဂဏန်းသုံးလုံးဟာလည်း မေတ္တ
တရားကို ညွှန်ပြတယ်၊ ဒါပေမဲ့ အနိမ့်စား မေတ္တာကိုခေါ်တ
၂, ၄, ၆ ဆိုတဲ့ ဂဏန်းသုံးလုံးဟာ ငြိမ်းချမ်းမှုကို ဖော်ပြတ
၇, ၉, ၈ ဆိုတဲ့ ဂဏန်း သုံးလုံးဟာ ပျော်ရွှင်မှုကိုဖော်ပြတ
အကြမ်းဖျင်း အဲဒီလောက် သိထားရင် တော်ပါပြီကွာ"
ဟု ကျွန်ုပ်က ပြောလိုက်လေတော့သည်။

□□□□□□□□□□





## အခန်း (၁၁)

ကျွန်ုပ်သည် ခါတိုင်းကဲ့သို့ပင် တောင်ကြီးဈေးထောင့်တွင် ရှိ
ဟာ ကျွန်ုပ်၏လက္ခဏာဆိုင်ကလေးဆီသို့ ထွက်လာခဲ့လေ၏။ ကျွန်ုပ်၏
ည့်တောက်တဲ့ဆိုသော သူငယ်ကလေးသည် ကျွန်ုပ်နှင့်အတူ လိုက်ပါ
ကလေ၏။ ဇောတိကလမ်းထဲသို့ ရောက်သောအခါ၌ တောက်တဲ့
လေးက . . . .

"အစ်ကိုကြီး မဝိုင်ဆိုတဲ့ မိန်းမက အစ်ကိုကြီးဆိုင်မှာ ဘာလာပြီး
ရှုပ်နေတာလဲ၊ အစ်ကိုကြီးရဲ့ စာအုပ်တွေကို ဟိုလှန် ဒီလှန်၊
ဟိုဟာကူး ဒီဟာကူးနဲ့ ကျွန်တော်နဲ့ စကားများတာ နှစ်ခါရှိပြီ"
ပြောလိုက်ရာ ကျွန်ုပ်က . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . တောက်တဲ့ ယောက်ျားဆိုတာ မိန်းမနဲ့ ရန်မဖြစ်ရ ဘူးကွ၊ မိန်းမကို အင်္ဂလိပ်လို 'ဝီးကားဆက်' လို့ ခေါ်တယ်ကွ ယောကျာ်းထက် အားနွဲ့တဲ့သဘောပေါ့ကွာ၊ နောက်ကိုရန် မဖြစ်နဲ့ ကြားလား၊ မဝိုင်က ငါ့ဆီမှာလာပြီး လက္ခဏာပညာ သင်နေတာကွ"

ဟု ကျွန်ုပ် ပြန်၍ ဖြေလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"အစ်ကိုကြီး ကျွန်တော့်ကို ဂဏန်းဗေဒင်ဆက်ပြီး သင်ပေးရ မယ်နော်"

ဟု ပြောလေ၏။

"သင်ရမှာပေါ့ကွာ၊ ပြီးတော့ မင်းမှတ်ထားဖို့က အဲဒီ ဂဏန်း ဗေဒင်ဟာ အတော်ကလေး စိတ်ဝင်စားဖို့ကောင်းတယ် 'ပိုင်သောဂိုးရပ်' ဆိုတဲ့ ဂရိတ်ပညာရှိကြီးဆိုရင် ကမ္ဘာ လောကကြီးဟာ ကိန်းဂဏန်းအပေါ်မှာ အမှီသဟဲပြုနေ တယ်လို့တောင် အဆိုပြုခဲ့တယ်ကွ၊ ဆိုလိုတာကတော့ ဂဏန်း တွေကို အလေးထားတဲ့ သဘောပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏တပည့် တောက်တဲ့က. . . .

"အဲဒီစကား မှန်မယ် အစ်ကိုကြီးရ"

ဟု ပြောသဖြင့် ကျွန်ုပ်က. . . .

"ဟော့ကောင် တောက်တဲ့၊ ဂရိပညာရှင်ကြီး ပြောတဲ့စကား မင်းလိုကောင်က မှန်မယ်လို့ပြောတာ မလွန်ဘူးလားကွ"





ဟု ကျွန်ုပ်ကဲ ပြောလိုက်ရာ တောက်တဲ့က. . . .

"အစ်ကိုကြီးကလည်း ပညာရှိဆိုတာနဲ့ ကြောက်နေပြန်ပြီ၊ ပညာ ရှိလည်း လူပါပဲ အစ်ကိုကြီးရာ"

ဟု မလေးမခန့် ပြန်၍ ပြောသဖြင့် ကျွန်ုပ်က. . .

"တောက်တဲ့ မင်းကတော့ မိုးကြိုးပစ်ခံရတော့မယ့် ကောင်ပဲ၊ မင်းနဲ့ နီးနီးနားနားနေလို့ မဖြစ်ဘူး၊ ငါပါ စက်ကွင်းမလွတ်ဘဲ ဖြစ်နေလိမ့်မယ်"

ဟု ပြောရာ တောက်တဲ့သည် ရယ်လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့နှစ်ဦး လမ်းလျှောက်လာခဲ့ကြရာ ကျွန်ုပ် ၏ လက္ခဏာဆိုင်ကလေးဆီသို့ ရောက်ရှိလာခဲ့ကြလေ၏။ဆိုင်သို့ ရောက် သော် ကျွန်ုပ်က လက္ခဏာမေးမြန်းသူ တစ်ဦးနှစ်ဦးအား လက္ခဏာ ဟောပြီးနောက် အချိန်အားရသည်နှင့် တောက်တဲ့အား ဂဏန်းဗေဒင် သင်ပေးလေ၏။ တောက်တဲ့လည်း မှတ်စုစာအုပ်ကို ထုတ်၍ လိုက်လံ ရေးမှတ်လေ၏။

"ဒီလိုရှိတယ် တောက်တဲ့ရဲ့၊ 'တစ်' ဂဏန်းကနေ 'ကိုး'ဂဏန်း အထိကို အရင်နားလည်အောင် လုပ်ရတယ်၊ 'တစ်'ကနေ 'ကိုး' အထိ ဂဏန်းကို မူလဂဏန်းလို့ ခေါ်တယ်ကွ၊ 'ကိုး' ကနေ ကျော်တာနဲ့ 'ဆယ်' ဂဏန်း စတယ် မဟုတ်လား၊ 'တစ်'ကနေ'ကိုး'အထိဟာ တစ်လုံးချင်းရေးရတဲ့ ခုဂဏန်း လေကွာ၊ အဲဒီက နေကျော်တာနဲ့ ဆယ်ဂဏန်း ဖြစ်သွားပြီ၊ ဆယ်ဂဏန်းဟာ နှစ်လုံးတွဲ ဖြစ်သွားပြီ၊ ဂဏန်းဗေဒင်မှာ



www.burmeseclassic.com

www.burmeseclassic.com



က(၅၂)အထိပဲ အသုံးပြုတယ်ကွယ့်၊တစ်နှစ်မှာ တနင်္ဂနွေ အပတ်ပေါင်း (၅၂) ပတ် ပါတယ်လေ၊အဲဒါကို အကြောင်း ပြုပြီးတော့ ဂဏန်း (၅၂) လုံးပဲ ထားတာ၊ အဲဒီတော့ အလွယ်မှတ်ထားဖို့က 'တစ်' ကနေ 'ကိုး' ဂဏန်းအထိ မူလဂဏန်း၊ (၁၀) ကနေ (၅၂) အထိဟာ မူလီဂဏန်း"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"မူလဂဏန်းကို ဘယ်နေရာမှာ သုံးရမှာလဲ၊ မူလီဂဏန်းကို ရော ဘယ်လိုနေရာမှာ သုံးရမှာလဲ"

ဟု ပြန်၍ မေးလေ၏။

"ဒီလိုကွ၊ လူကို ဂဏန်းဗေဒင်နဲ့ တွက်တဲ့အခါ မွေးရက်ကို ဂရုစိုက်ရမယ်၊ မွေးရက်ကတစ်လုံးတည်းဂဏန်းဆိုရင် အတိုင်း တွက်ရုံပဲ၊ နှစ်လုံးတွဲဂဏန်းဆိုရင်တော့ တစ်လုံးတွဲဖြစ် အောင် ပေါင်းပစ်ရမယ်၊ ပြီးတော့ မူလဂဏန်းနဲ့ တိုက်ဆိုင်ပြီ အဟောထုတ်ရမယ်၊ အဲဒီလူကိုပဲ နှစ်အလိုက် ကံဆိုး၊ကံကောင် တွက်တဲ့အခါမှာတော့ မူလဂဏန်းကို သုံးလို့မရဘူး၊ (၁၀)က နေ (၅၂) အထိ ရှိတဲ့ ဂဏန်းကို သုံးရမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . .

"မူလဂဏန်း (၉) လုံးရဲ့ အဓိပ္ပာယ်တွေကို ကျွန်တော် မသိ သေးဘူး၊ အဲဒါကို ပြောပြပါဦး"

ဟု ဆိုလေ၏။





ထို့ကြောင့် ကျွန်ုပ်သည် မူလဂဏန်း (၉) လုံး၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းပြလိုက်လေ၏။

"မူလဂဏန်း (၁) ရတဲ့ လူဟာ ခံသားအရည်က ဖြူဖတ် ဖြူရော် ရှိတတ်တယ်ကွ၊ ဒါပေမဲ့ ကိုယ်လုံးကိုယ်ပေါက် က ကြံ့ခိုင်တဲ့ လက္ခဏာမျိုးရှိတယ်ကွ၊ ဆံပင်တို့ ဘာတို့ ကတော့ အများအားဖြင့် အမည်းရောင် ဖြစ်လေ့ရှိတယ်၊ ပြီးတော့ လူအများစုနဲ့ မနေဘဲ တစ်ကိုယ်ရေတစ်ကာယ နေတတ်တယ်ကွ၊နောက်တစ်ခုကတော့ (၁)ဂဏန်းသမား ဟာ လူတွေကို မယုံဘူး၊ အမြဲတမ်း သံသယ ရှိနေတတ် တယ်၊ တော်တော်များများ (၁) ဂဏန်းသမားတွေက အာဏာပြတာတို့ အမိန့်ပေးတာတို့ လုပ်လေ့ရှိတယ်၊ ပြီး တော့ အသစ်အဆန်းကို ဖန်တီးလုပ်ဆောင်တတ်တဲ့ ဉာဉ်လည်း ရှိတယ်၊ အင်္ဂလိပ်လ ဘယ်လမှာပဲမွေးမွေး ၁ ရက်၊ ၁၀ ရက်၊ ၁၉ ရက်၊ ၂၈ ရက်တွေမှာမွေးရင် ဂဏန်းဗေဒင်သဘောအရ ၁ ဂဏန်းသမားလို့ပြောရမှာပဲ၊ ၁ ဂဏန်းသမားဟာ ဘာပဲဖြစ်ဖြစ် ရည်ရွယ်ချက်တော့ ကြီးတတ်တယ်ကွ၊ ဘယ်လို အသက်မွေးဝမ်းကျောင်းကိုပဲ လုပ်လုပ် ၁ ဂဏန်း သမားဟာ တဖြည်းဖြည်းနဲ့ ထိပ်ပိုင်း ကို ရောက်သွားတတ်တယ်၊ ပြီးတော့ (၁) ဂဏန်းသမား အတွက် အဆောင်ဟာ ရွှေပဲကွ၊ ရွှေကိုဆောင်ထားရင်



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတယ်လို့ ရှေးကဆရာတွေကယုံကြည်ကြတယ်၊ အရောင်ဆိုရင်လည်း အဝါရောင်၊ ရွှေရောင်တွေဟာ ၁ ဂဏန်းသမားနဲ့ သင့်မြတ်တယ်၊ ပြီးတော့ ကျောက်မျက်ရတနာထဲကဆိုရင် ပယင်းတို့၊ ဥဿဖရားတို့၊ စိန်တို့ဟာ ၁ ဂဏန်းသမား ဆောင်သင့်တဲ့ကျောက်မျက်ရတနာပဲကွ၊ ပြီးတော့ ၁ ဂဏန်း သမားအနေနဲ့ အရေးကြီးတဲ့ အလုပ်တွေကိုလုပ်ရင် ဘယ်လမှာပဲဖြစ်ဖြစ် (၁) (၂) (၄) (၇) (၁၀) (၁၁) (၁၃) (၁၆) (၁၉) (၂၀) (၂၂) (၂၅) (၂၈) (၂၉) (၃၁) ရက်တွေဟာ သင့်မြတ်တဲ့ ရက်တွေပဲကွ၊ ပြီးတော့ ၁ ဂဏန်းသမားတွေ ဖြစ်တတ်တဲ့ရောဂါတွေဟာ နှလုံးသွေးလွှတ်ကြောနဲ့ ပတ်သက်တဲ့ရောဂါ။ သွေးလေမမှန်တဲ့ရောဂါတွေ ဖြစ်တတ်တယ်ကွ၊ ၁ ဂဏန်းသမားအတွက် အကောင်းဆုံးဆေးကတော့ ပျားရည်ပဲဟေ့၊ ပျားရည်ကို စားပွဲဇွန်းကြီးနဲ့ ညအိပ်ရာဝင် တစ်ဇွန်း တစ်ဇွန်း သောက်သင့်တယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

တောက်တဲ့သည် ကျွန်ုပ်အား မေးခွန်းပေါင်းများစွာကို မေး၏။ ထို့နောက် ကျွန်ုပ်က. . . .

"ဟေ့ကောင် တောက်တဲ့၊ မေးခွန်းတွေ သိပ်ပြီး မေးမနေနဲ့၊ ငါသင်တာကိုပဲ မှတ်ထားဦး"

ဟု ပြောလိုက်ရလေ၏။

ထို့နောက် ကျွန်ုပ်သည် ၂ ဂဏန်းသမားအကြောင်းကို ပြောရပြန်လေ၏။





"ဒီလိုရှိတယ် တောက်တဲ့ရဲ့၊အင်္ဂလိပ်လ ဘယ်လမှာပဲဖြစ်ဖြစ် ၂ ရက်၊ ၁၁ ရက် ၂၀ ရက် ၂၉ ရက်တွေမှာ မွေးတဲ့လူတွေကို ဂဏန်းဗေဒင်ပညာအရ ၂ ဂဏန်းသမားလို့ခေါ်ရမှာပဲ၊ ဒီလူတွေဟာ အနုပညာဖက်မှာ ချွန်တတ်တယ်၊ စိတ်နေစိတ်ထား သိမ်မွေ့တတ်တယ်၊ အတွေးအခေါ် စိတ်ကူးစိတ်သန်း ကောင်းတတ်တယ်၊ ဒါပေမဲ့ သူတို့စိတ်ကူးကို အကောင်အထည်ဖော်ဖို့တော့ နှေးနေတတ်တယ်၊ ခရီးသွားပြီး လုပ်ရတဲ့ အလုပ်တွေမှာလည်း အောင်မြင်တတ်တယ်၊ခရီးတောင်မှ ရေလမ်းခရီးနဲ့ ကုန်းလမ်းခရီးတောင် မတူဘူး၊ ရေလမ်းခရီးကို ပိုပြီး နှစ်သက်တတ်တယ်၊ သူတို့ရုပ်ရည်နဲ့ ပတ်သတ်လို့ သိသာတာကတော့ မျက်နှာဝိုင်းပြီး မျက်လုံး မျက်ခုံး ကောင်းတတ်တယ်၊ခြေဆံ၊လက်ဆံရှည်တတ်တယ်၊ စကားပြောတဲ့အခါမှာ ပါးစပ်တစ်ခုတည်းက ပြောတတ်တာ မဟုတ်ဘူး၊ လက်ရော မျက်လုံးရော မျက်ခုံးရောပါအောင် ပြောတတ်တယ်၊၂ ဂဏန်းသမားတွေအတွက် အရေးကြီးတဲ့ အလုပ်တွေ လုပ်တဲ့အခါမှာ အင်္ဂလိပ်လ ဘယ်လမဆို ၂ ရက်၊ ၇ ရက်၊ ၁၁ ရက်၊၂၀ ရက်၊ ၂၅ ရက်၊ ၂၉ ရက် စတာတွေ ပေါင်းလိုက်ရင် ၂ ဂဏန်း ဖြစ်နေတဲ့ ရက်တွေ၊ ၇ ဂဏန်း ဖြစ် နေတဲ့ရက်တွေမှာ လုပ်သင့်တယ်၊ ဒါပေမဲ့ ၁၆ ရက်ကို ပေါင်းလိုက်ရင် ၇ ကျနေပေမယ့် အသုံးမပြုသင့်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရှောင်သင့်တယ်၊ နောက်တစ်ခုကတော့ (၂) ဂဏန်းသမားတွေဟာ အလုပ်တွေအရမ်းလုပ်ပြီး ခြေကုန် လက်ပန်းကျသွားတဲ့ရောဂါမျိုး၊အဆစ်အမြစ် ကိုက်ခဲတဲ့ရောဂါမျိုးတွေဖြစ်တတ်တယ်၊ ဂဏန်းဗေဒင်စာအုပ်တွေမှာတော့ ဓာတ်စာတွေ အများကြီးညွှန်းထားပါတယ်၊ ဒါပေမဲ့ တကယ့်လက်တွေ့ အသုံးဝင်တာကတော့ ရှောက်သီးပဲ၊ ညအိပ်ရာဝင်ခါနီးတိုင်း စားပွဲဇွန်းနဲ့ တစ်ဇွန်း တစ်ဇွန်း သောက်သင့်တယ်၊၂ ဂဏန်းသမားအတွက် ကံကောင်းတဲ့ အရောင်ကတော့ အဖြူရောင်၊ အစိမ်းရောင်တွေပဲ၊ ၂ ဂဏန်းသမား ဝတ်ဆင်သင့်တဲ့ ကျောက်မျက်ရတနာကတော့ ပုလဲရယ်၊ မွန်းစတုံးခေါ်တဲ့ လကျောက်ရယ် ဖြစ်တယ်၊ ၂ ဂဏန်းသမားတွေဟာ ဘယ်လိုနေရာမှာ ဘယ်လိုအလုပ်မျိုးတွေပဲ လုပ်ရ လုပ်ရ သူတို့ရဲ့ လုပ်ငန်းကိုအနုပညာဆန်အောင် လုပ်ကိုင်လေ့ရှိတယ်၊ပြီးတော့ ၂ ဂဏန်းသမားဟာ ဘဝမှာ အလုပ်နှစ်ခါ ပြောင်းရတတ်တယ်၊ အိမ်ထောင်လည်း နှစ်ဆက်ဖြစ်တတ်တယ်”

ဟု ကျွန်ုပ်သည် ၂ ဂဏန်းသမားအကြောင်းကို ရှည်လျားစွာ ပြောပြလိုက်လေသည်။ တောက်တဲ့သည် ကျွန်ုပ်ပြောသမျှကို လိုက်လံ ရေးမှတ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် ၃ ဂဏန်းသမားအကြောင်းကို ပြောပြန်လေ၏။





“ဘယ်မှာပဲဖြစ်ဖြစ် ၃ ရက်၊ ၁၂ ရက်၊ ၂၁ ရက်၊ ၃၀ ရက်တွေမှာ မွေးရင်တော့ အဲဒီလူကို ၃ ဂဏန်းသမားလို့ခေါ်ရမှာပဲ၊ သူတို့က မျက်နှာသွယ်တတ်ကြတယ်၊ သူတို့ရဲ့ မျက်နှာကိုကြည့်ရင် အစဉ်သဖြင့် အေးအေးဆေးဆေးရှိတတ်ကြတယ်၊ ဘယ်လိုနေရာမှာပဲ ရောက်ရောက် အဆင်ပြေအောင်နေထိုင်တတ်ကြတယ်၊ သဘာဝမကျအောင်ထုတ်ထားတဲ့ စည်းကမ်း ဥပဒေတွေကို တလေးတစား လိုက်နာကြတယ်၊အလုပ်ဝတ္တရားကိုလည်း အလွန်ရိုသေတတ်ကြတယ်၊သူတို့နဲ့ သင့်တော်တဲ့ အရောင်တွေကတော့ ခရမ်းရောင်၊ မရမ်းရောင်၊ ပန်းနုရောင်တွေ ဖြစ်တယ်၊ကျောက်မျက်တွေထဲမှာဆိုရင် ဂေါမုတ်ကျောက်ဟာ ၃ ဂဏန်းသမားနဲ့ သင့်တော်တဲ့ကျောက်ပဲ၊ ၃ ဂဏန်းသမားတွေအတွက် အရေးကြီးတဲ့အလုပ်တွေ လုပ်ဖို့ကောင်းတဲ့ ရက်တွေကတော့ အင်္ဂလိပ်လ ရဲ့ ၃ ရက်၊ ၁၂ ရက်၊ ၂၁ ရက် နေ့တွေဟာ ပထမတန်းစား ကံကောင်းတဲ့ နေ့တွေပါပဲ၊ ၆ ရက်၊ ၁၅ ရက်၊ ၂၄ ရက် နေ့တွေဟာ ဒုတိယတန်းစား ကံကောင်းတဲ့နေ့တွေပါပဲ။ ၉ ရက်၊ ၁၈ ရက်၊ ၂၇ ရက်နေ့တွေ ဟာ တတိယတန်း ကံကောင်းတဲ့နေ့တွေပါပဲ၊ ၃ ဂဏန်းသမားတွေ ဖြစ်တတ်တဲ့ ရောဂါကတော့ ဦးခေါင်းပိုင်းမှာ အများစု ဖြစ်တတ်တာပါပဲ၊ ပြီးတော့ အကြောရောင်ရောဂါ၊ အကြောတက်ရောဂါ ဖြစ်ပါတယ်၊သင့်တော်တဲ့ ဓာတ်စာကတော့ နာနတ်သီး ဖြစ်ပါတယ်၊ ဒုတိယသင့်တော်တဲ့ ဓာတ်စာဟာ ဆီးဖြူသီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ၃ ဂဏန်းသမားတွေဟာ နာနတ်သီးတစ်လုံး၊ ဆီးဖြူသီးတစ်လုံး၊ မုန့်မုန့်ကြီး စားစားပေးသွားဖို့ လိုပါတယ်"

ဟု ကျွန်ုပ်က ပြောပြလိုက်လေသည်။ ထိုအခါ တောက်တဲ့က လိုက်လံ ရေးမှတ်လေ၏။ ထို့နောက် တောက်တဲ့က. . . .

"အစ်ကိုကြီး ဒီနေ့အဖို့ ဒီလောက်ဆိုရင် တော်ပြီ"

ဟု ဆိုသဖြင့် ကျွန်ုပ်သည် ၎င်းအားပြောရမည့်စကားများ မပြောတော့ဘဲ ရပ်လိုက်ရလေတော့၏။

ထိုအချိန်၌မှာပင် ကျွန်ုပ်ထံ၌ လက္ခဏာပညာ သင်ယူနေသော မဝိုင်ဆိုသည့် မိန်းကလေး ရောက်လာ၏။ ထိုအခါ တောက်တဲ့က မဝိုင်အား . . . .

"မွေးရက် ဘယ်လောက်လဲ"

ဟု မေးရာ မဝိုင်က. . . .

ဧပြီလ ၄ ရက် ဖြစ်ကြောင်း ပြောလေ၏။

ထိုသို့ပြောသောအခါ တောက်တဲ့သည် မဝိုင်အား ဟော၍ မရဘဲ ရှိလေ၏။ ထို့ကြောင့် တောက်တဲ့က. . . .

"ကျွန်တော်က (၃) ဂဏန်းအထိပဲ သင်ရသေးတာ၊ မဝိုင်က (၄) ဂဏန်းဆိုတော့ ဟောလို့မရဘူး"

ဟု ပြောလေ၏။





ထိုအခါ မဝိုင်သည် ကျွန်ုပ်ထံ၌ (၄) ဂဏန်းအကြောင်းကို မေးလေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း (၄) ဂဏန်းအကြောင်းကို မေးလေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း (၄) ဂဏန်းအကြောင်းကို ပြောရလေတော့၏။

"အင်္ဂလိပ်လ ဘယ်လမဆို ၄ ရက်၊ ၁၃ ရက်၊ ၂၂ ရက်၊ ၃၁ ရက်နေ့တွေမှာ မွေးရင် (၄) ဂဏန်းသမားလို့ ခေါ်ရမယ်၊ သူတို့ရဲ့ မျက်နှာသွင်ပြင်ဟာ တခြားသူနဲ့မတူဘဲ တမူထူးခြားနေတယ်၊ ထက်ထက်မြက်မြက်ရှိတဲ့ မျက်နှာမျိုး ရှိတယ်၊ (၄) ဂဏန်းသမားတွေဟာ လွယ်လွယ်ကူကူ မိတ်ဖွဲ့လို့ မရကြဘူး၊တစ်နည်းတစ်ဖုံ ခွတီးခွကျ ဖြစ်လေ့ရှိတယ်၊ အများတကာနဲ့လည်း အယူအဆချင်းမတူဘဲ တစ်မျိုးတစ်ဖုံ ကွဲပြားနေတတ်တယ်၊ စည်းကမ်းတွေ အမိန့်တွေကို မနာခံတတ်ဘူး၊ (၄) ဂဏန်းသမားတွေဟာ မမျှော်လင့်ဘဲ ရုတ်တရက်ဆိုက်သလို ကြီးပွားတတ်တယ်၊ မိတ်ဆွေအပေါင်းသင်းရှိရင်လည်း အနည်းစုပဲ ဖြစ်တယ်၊ အဲဒီအနည်းစုကလည်း သူ့အပေါ် အင်မတန် သစ္စာရှိတဲ့ လူတွေ ဖြစ်တတ်တယ်၊ (၄) ဂဏန်းသမားတွေ အရေးကြီးတဲ့ အလုပ်ကို လုပ်မယ်ဆိုရင် ၄ ရက်၊ ၁၃ ရက်၊ ၂၂ ရက်၊ ၃၁ ရက်တွေဟာ အကောင်းဆုံးပဲ၊ သူတို့အတွက် ကံကောင်းတဲ့ အရောင်တွေကတော့ စပ်ထားတဲ့အရောင်၊

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်၊ ညို့မှိုင်းတဲ့အရောင်တွေ ဖြစ်တယ်၊ ဝတ်ဆင်သင့်တဲ့ ရတနာကတော့ နီလာဖြစ်တယ်၊ ပြီးတော့ (၄) ဂဏန်းသမားတွေဟာ ရောဂါထူး ရောဂါဆန်းတွေ ဖြစ်တတ်တယ်၊ ပယောဂဆန်တဲ့ ရောဂါမျိုးတွေလည်း ဖြစ်တတ်တယ်၊ မမြင်အပ်တဲ့နေရာတွေမှာ အနာဖြစ်တတ်တယ်၊ ရောဂါဖြစ်လာရင် လျှပ်စစ်ဓာတ်ကိုအသုံးပြုပြီး ကုသတဲ့ တုသနည်းဟာ အထူးကောင်းတယ်၊ နောက်တစ်ခုကတော့(၄) ဂဏန်းသမားတွေဟာ ဆေးစားခြင်း၊ ဆေးသောက်ခြင်းထက် အချိန်လုံလုံလောက်လောက် အနားယူလိုက်ခြင်းဟာ ကောင်းတယ်၊ (၄) ဂဏန်းသမား နေထိုင်မကောင်းဖြစ်တဲ့အခါ သက်သတ်လွတ်စားလိုက်တာနဲ့ ပျောက်ကင်းသွားတတ်ပါတယ်"

ဟု ကျွန်ုပ်သည် (၄) ဂဏန်းနှင့် ပတ်သက်၍ ရှည်လျားစွာ ပြောပြခဲ့လေ၏။ ထိုအခါ၌ တောက်တဲ့က. . . .

"ကျွန်တော်က အင်္ဂလိပ်ရက် (၁၅) ရက်နေ့ မွေးတယ်ဆိုတော့ ၅ ဂဏန်းသမားပေါ့ အစ်ကိုကြီးရ၊ (၅) ဂဏန်းသမား အကြောင်း ပြောပြပါဦး"

ဟု ဆိုသဖြင့်. . . .

ကျွန်ုပ်သည် (၅) ဂဏန်းသမားအကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့လေ၏။





"အင်္ဂလိပ်လ ဘယ်လမှာမဆို ၅ ရက်၊ ၁၄ ရက်၊ ၂၃ရက် တစ်ရက်ရက်မှာမွေးရင် ဂဏန်းဗေဒင်ပညာအရ (၅) ဂဏန်းသမားလို့ ခေါ်နိုင်တာပဲ၊ (၅) ဂဏန်းသမားရဲ့ မျက်နှာသွင်ပြင်ကတော့ အစဉ်သဖြင့် ပြုံးရွှင်နေတတ်ပါတယ်၊ စိတ်နေစိတ်ထားတို့ ပြောရရင် အလွန်လှုပ်ရှားလွယ်ပါတယ်၊ ဘဝကို လျှောက်လှမ်းတဲ့ လောင်းကစားသမားဆန်ဆန် လျှောက်လှမ်းတတ်ပါတယ်၊ လောင်းကစားသမားလို့ပြောတာ မဟုတ်ဘူးနော်၊ စွန့်စားတာကို ပြောတာ၊ အဆုံးအဖြတ်မြန်တတ်တယ်၊ ဆင်းဆင်းရဲရဲ မနေရတတ်ဘူး၊ လက်ဖျားမှာ ငွေသီးနေတဲ့လူတွေဆိုတာ များသောအားဖြင့် (၅) ဂဏန်းသမားတွေ ဖြစ်တတ်ပါတယ်၊ ဒါပေမဲ့ ငွေလည်းမမြဲဘူး၊ (၅) ဂဏန်းသမားတွေ ဖြစ်တတ်တဲ့ ရောဂါကတော့ အကြောတတ်တဲ့ ရောဂါနဲ့ အာရုံကြောနဲ့ ဆိုင်တဲ့ရောဂါပဲ ဖြစ်ပါတယ်၊ ဂဏန်းဗေဒင်စာအုပ်မှာတော့ ဓာတ်စာတွေ အများကြီးပြထားပါတယ်၊ (၅) ဂဏန်းသမားအတွက် တကယ်စွမ်းတဲ့ ဓာတ်စာကတော့ မုန်လာဥပဲ၊ မုန်လာဥကို များများစားပေးပါ၊ (၅) ဂဏန်းသမားနဲ့အလွန်တည့်ပါတယ်၊သင့်မြတ်တဲ့အရောင်ကတော့ အဖြူရောင်နဲ့ ထုံးကျောက်ရောင်လိုဟာမျိုးတွေ ဖြစ်ပါတယ်၊ သင့်မြတ်တဲ့ ရတနာကတော့ စိန်နဲ့ ပလက်တီနမ် ဖြစ်တယ်"

ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ကျွန်တော့် အမေက အင်္ဂလိပ်လ ၂၄ ရက်နေ့ မွေးတာ (၆) ဂဏန်းသမားပေါ့၊ (၆) ဂဏန်းအကြောင်းလည်း နည်းနည်း ပြောပါဦး"

ဟု ပြောလေ၏။

"အင်္ဂလိပ်လ ဘယ်လမဆို်မှာ ၆ ရက်၊ ၁၅ ရက်၊ ၂၄ ရက် မွေးထားရင် (၆) ဂဏန်းလို့ ခေါ်နိုင်တယ်၊ မျက်နှာ သွင်ပြင်ဟာ စွဲဆောင်နိုင်တဲ့မျက်နှာသွင်ပြင်မျိုးဖြစ်တယ် ဘဝမှာ အချစ်ရေးကြောင့်၊ အိမ်ထောင်ရေးကြောင့်၊ လွမ်း ဆွေးရတာတွေ တွေ့ရတယ်၊အလှအပကို နှစ်သက်တယ် တေးဂီတ၊ပန်းချီ၊ ပန်းပု စတာတွေကို လေးစားတတ်တယ် အထူးသဖြင့် အနုပညာကို ခံစားတတ်တဲ့သဘောရှိတယ် သင့်တင့်တဲ့ အရောင်တွေတော့ အပြာရောင်အမျိုးမျိုးဟာ အသင့်တော်ဆုံးပဲ၊ သင့်မြတ်တဲ့ ကျောက်မျက်ရတနာက တော့ အပြာရောင်ရှိတဲ့ ကျောက်မျက်ရတနာနဲ့ မြဟာ အသင့်မြတ်ဆုံးပါပဲ၊ ဖြစ်တတ်တဲ့ ရောဂါတွေကတော့ ခေါင်းမူးရောဂါ၊ နှာခေါင်းသွေးလျှံတဲ့ရောဂါ၊ အဆုတ်နဲ့ ပတ်သက်တဲ့ရောဂါတွေ ဖြစ်ပါတယ်၊ (၆) ဂဏန်းသမား အတွက် အကောင်းဆုံးမာတ်စာကတော့ ပဲသီးတောင့်ပဲ ပဲ၊ (၆) ဂဏန်းသမားအတွက် အရေးကြီးတဲ့ကိစ္စတွေ လုပ် စရာရှိရင် ၆ ရက်၊ ၁၅ ရက်၊ ၂၄ ရက်ဟာ ပထမ တန်း ကောင်းတယ်၊ ၉ ရက်၊ ၁၈ ရက်၊ ၂၇ ရက်ဟာ ဒုတိယ





တန်းကောင်းတယ်၊၃ ရက်၊၁၂ ရက်၊ ၂၁ ရက်ဟာ တတိယ တန်း ကောင်းတယ်၊ အဲဒီရက်တွေမှာ လုပ်ပေတော့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ တောက်တဲ့က. . . .

"အစ်ကိုကြီးက အင်္ဂလိပ် ၂၅ ရက် မွေးထားတာနော်၊ အဲဒီ တော့ (၇) ဂဏန်းသမားပေါ့၊ (၇) ဂဏန်းသမားအကြောင်း ပြောပြပါဦး အစ်ကိုကြီး"

ဆိုလေ၏။

"အင်္ဂလိပ်ရက် ၇ ရက်၊ ၁၆ ရက်၊ ၂၅ ရက်မှာ မွေးထားရင် (၇) ဂဏန်းသမားလို့ ပြောရမှာပေါ့၊ (၇) ဂဏန်းသမား တွေရဲ့ပုံပန်းသဏ္ဌာန်ကတော့ ဖိုသီဖတ်သီနေတတ်တယ်၊ တချို့ (၇) ဂဏန်းသမားဆိုရင် ခပ်ကြောင်ကြောင် နေ ထိုင်လေ့ရှိတယ်၊မသိရင် စိတ်ဖောက်ပြန်နေသလိုတောင် ထင်ရတယ်၊ ကိုယ့်စွမ်းကိုယ်စကို ယုံကြည်တယ်၊ ထူးထူး ဆန်းဆန်းအကြောင်းအရာတွေ စိတ်ဝင်စားတတ်တယ်၊ ခရီးထွက်ခြင်းမှာ မွေ့လျော်တယ်၊ ဘာသာရေးမှာ အများ သူငါနဲ့ မတူဘဲ သူ့ဘာသာသူ တွေးခေါ်ထားတဲ့ ဘာသာ ရေးမျိုးတွေ ဖြစ်နေတတ်တယ်၊'အော်ကာတစ်ဇင်' လို့ခေါ် တာ လောကီပညာကို လိုက်စားတတ်တယ်၊ (၇) ဂဏန်း သမားတွေအတွက် အရေးကြီးတဲ့ကိစ္စတွေ ရှိရင်တော့ ၇ ရက်နဲ့ ၂၅ ရက်ဟာ ပထမတန်းကောင်းတယ်၊ ၂ ရက်၊ ၁၁ ရက်၊ ၂၀ ရက်တွေဟာ ဒုတိယတန်း ကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရက်တွေမှာ အလုပ်လုပ်ပေတော့၊ သူတို့အတွက် ကံကောင်းတဲ့ အရောင်တွေကတော့ အစိမ်းရောင်၊ အဖြူ ရောင်နဲ့ ညိုမှိုင်းတဲ့အရောင်တွေပဲ ဖြစ်တယ်၊ သင့်မြတ်တဲ့ ရတနာက ပုလဲဖြစ်တယ်၊(၇) ဂဏန်းသမားတွေ ဖြစ်တဲ့ ရောဂါက အလုပ်ဒဏ်ပိတဲ့ရောဂါ၊ ခါးအောက်ပိုင်း အကြောတွေဆွဲတဲ့ရောဂါ၊သွေးစုနာလို အနာကလေးတွေ ပေါက်တဲ့ရောဂါမျိုးတွေဖြစ်တတ်တယ်၊သူတို့နဲ့ သင့်မြတ်တဲ့ ဓာတ်စာကတော့ အရည်ရွှန်းတဲ့ အသီးအရွက်တွေ ဖြစ်တယ်၊အထူးသဖြင့်သဘော်သီးဟာအသင့်မြတ်ဆုံးပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"ဒီနေ့အဖို့ များသွားပြီ အစ်ကိုရေ၊ တော်လောက်ပြီ"

ဟု ပြောသဖြင့် ကျွန်ုပ်က ၎င်း၏ခါးကို လက်ဖြင့်ပုတ်ရင်း. . . .

"မင်းပဲ အမျိုးမျိုး၊ အခု တော်လောက်ပြီ ပြောလိုက်၊ ထပ်ပြီး ပြောခိုင်းလိုက်နဲ့၊ ငါက ဘယ်လိုလုပ်ရမှာလဲ၊ မင်းအမေလည်း မင်းလိုပဲ နေမှာပဲ၊ အခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ရေရှည် တော့ ငါနဲ့ တည့်မှာမဟုတ်ဘူး၊ မင်းအမေကို ယူဖို့တော့ ငါ အများကြီး စဉ်းစားရလိမ့်မယ်"

ဟု ကျွန်ုပ်က ခပ်တည်တည်ဖြင့် ပြောလိုက်ရာ တောက်တဲ့က. . . .

"စဉ်းစားပါ အစ်ကိုကြီး၊ စဉ်းစားပါ"

ဟု လှောင်ပြောင်လိုက်လေတော့သတည်း။

□□□□□□□□□□

လာဘ်မိုးရွာစာပေ



## အခန်း (၁၂)

ကျွန်ုပ်နှင့် ကျွန်ုပ်၏တပည့်ကလေး တောက်တဲ့တို့သည် အိမ်သို့ ပြန်လည်ရောက်ရှိကြ၏။ တောက်တဲ့၏မိခင် မုဆိုးမ မိန်းမချောကလေး သည် ကျွန်ုပ်ကိုမြင်လျှင် သူ၏ သွားတက်ကလေးများကိုပေါ်အောင် ပြုံးပြရင်း. . . .

"ဒီနေ့ ညနေစာတော့ ဆရာ အားကြီးထမင်းမြိန်မှာ၊ကြက်သား ကို မဆလာနိုင်နိုင်နဲ့ ချက်ထားတယ်၊ ဟင်းချိုကလည်း ဗွန်တန်ဟင်းချို လုပ်ထားတယ်၊ ဆရာကြိုက်တဲ့ သခွားသီးသုပ် လည်း ပါတယ်"

ဟု ပြောလေ၏။

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သခွားသုပ် ကြိုက်တယ်လို့ တောက်တဲ့အမေကို ကျွန်တော် မပြောမိပါလား"

ဟု ကျွန်တော်က တောက်တဲ့၏ မိခင်ကို ပြန်၍ပြောလိုက်ရာ တောက်တဲ့၏ မိခင်က. . . .

"ဆရာတပည့် တောက်တဲ့က တစ်နေ့က ပြောတယ်၊ အဲဒီနေ့ မနက်က မဝိုင်ဆိုတဲ့ မိန်းမယူလာတဲ့ သခွားသီးသုပ်ကို အာ ကြီး ချီးမွမ်းတာပဲတဲ့၊ အဲဒီတော့ ဆရာဟာ သခွားသီးသုပ် သိပ်ကြိုက်တယ် ထင်ပါရဲ့ အမေရယ်၊ မကြာမကြာ သုပ်ကျွေး ပါလို့ ပြောတယ်၊ တောက်တဲ့ပြောတဲ့အထဲမှာ ဆရာက ပြော တယ်တဲ့၊ သူ ဒီအသက်အရွယ်ထိ စားဖူးတဲ့အထဲမှာ အဲဒီ သခွားသီးသုပ်ဟာ အကောင်းဆုံးပဲတဲ့၊ အဲဒီတော့ ဘယ်သူ့ သခွားသီးသုပ်က ကောင်းသလဲ ဆရာယှဉ်ပြီး စားကြည့်ပေါ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က . . . .

"မဟုတ်တာဘဲဗျာ၊ ခင်ဗျားသုပ်တဲ့ သခွားသီးသုပ်က ပိုပြီး ကောင်းမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကပိုပြီး မဝိုင် ထက် လှတာကိုး၊ လက်ရာချင်းတူရင်တောင် လှတဲ့အမှတ်ကို ခင်ဗျားထဲ ထည့်ရမှာ မဟုတ်လား"

ဟု ကျွန်ုပ်က ရီသွဲ့သွဲ့ ပြောလိုက်ရာ အနားက တောက်တဲ့က. . . .





"ဘာမှ မဆိုင်ဘူး"

ဟု ပြောကာ ထွက်သွားလေ၏။ ထမင်းစားချိန်သို့ ရောက်သောအခါတွင် ကျွန်ုပ်သည် စား၍လည်း မကောင်း၊ အေးတိအေးစက်လည်းနိုင်လှသော သခွားသီးသုပ်ကို တအားပို၍ စားပြနေရလေ၏။ ထိုအခါ တောက်တဲ့က ကျွန်ုပ်၏နားသို့ကပ်၍. . . .

"ဒီမှာ အစ်ကိုကြီး၊ သခွားသီးတွေစားလို့ ဗိုက်လည်း နာနေဦး မယ်၊ နည်းနည်းလည်း လျှော့ပါဦး"

ဟု ပြောသဖြင့် ကျွန်ုပ်က. . . .

"မင်းလိုကောင်စားလေးကို မယားပါသား တော်ရမှာတော့ ငါ တော်တော်ကြောက်နေပြီ၊ ကလေးဟာ ကလေးလို နေစမ်း၊ လူကြီးကိစ္စထဲကို ဝင်မရှုပ်နဲ့"

ဟု ပြန်၍ ပြောလိုက်လျှင် တောက်တဲ့က. . . .

"အစ်ကိုကြီးရဲ့ လူကြီးကိစ္စက ကလေးနဲ့ ပတ်သက်နေတယ်၊ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် အစ်ကိုကြီးကို ကျွန်တော် ပထွေး မတော်နိုင်ဘူး"

ဟု ပြန်၍ ပြောလေ၏။

"ဟဲ့ကောင်လေး မင်းအမေ မုဆိုးမဟာ ငါ့လိုလူမျိုးပဲ ရစမ်းပါ စေဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ တောက်တဲ့၏ မိခင်သည် ကျွန်ုပ်
တို့ နှစ်ဦး တွတ်ထိုးနေပြန်ပြီဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်
နှစ်ဦးသည် ထမင်းကို ဆက်၍ စားကြလေ၏။

"တောက်တဲ့ရေ မင်းကို သတိရတုန်း ပြောရဦးမယ်၊ ဟိုတစ်
မင်းကိုပြောခဲ့တာ (၇) ဂဏန်းသမားအထိ ပြီးသွားပြီကွ၊ အ
ပြောရမှာ က (၈) ဂဏန်းသမားအကြောင်းပဲ"

ဟု ကျွန်ုပ်က စကားစလိုက်ရာ တောက်တဲ့က. . . .

"အဲဒီလို စကားအကောင်း ပြောစမ်းပါ အစ်ကိုကြီးရာ"

ဟု ဆိုလေ၏။ ကျွန်ုပ်လည်း မနက်ပိုင်းက (၇) ဂဏန်းသမားအကြော
ကို ပြောပြရလေတော့၏။

"ဒီလို တောက်တဲ့ရဲ့၊ဘယ်လမှာပဲဖြစ်ဖြစ် အင်္ဂလိပ်လ ၈ ရက်
၂၆ ရက်နေ့တွေမှာ မွေးတဲ့သူတွေကို (၈) ဂဏန်းသမား
ခေါ်နိုင်တယ်ကွ၊ ၂၆ ရက် ဆိုတာလည်း ၂ နဲ့ ၆ နဲ့ ပေါင်းလို
ရင် ၈ မဟုတ်လားကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ဒီမှာ အစ်ကိုကြီး ၁၇ ဟာလည်း ၁ နဲ့ ၇ နဲ့ ပေါင်းရင်
ပဲဗျာ၊ ဘာကြောင့် ၈ ဂဏန်းထဲ မထည့်တာလဲ"

ဟု မေးလေတော့၏။

"ဒီလို တောက်တဲ့ရဲ့၊ ကမ္ဘာကျော်ကြီး ကိုင်ရိုက ၁၇ ဟာ
မဟုတ်ဘူးတဲ့၊ ၈ ရဲ့ အာနိသင်ထက် ၆ ရဲ့ အာနိသင်





ပိုများတယ်တဲ့၊ ဒါကြောင့် ၁၇ ကိုတော့ ၈ ထဲ မထည့်ပါနဲ့ကွာ၊ ကဲ . . . ပြောတော့မယ်၊ ၈ ဂဏန်းသမားတွေဟာ စကားပြော ပွင့်လင်းတယ်ဗျာ၊ အလုပ်လုပ်စရာရှိရင်လည်း အလုပ်ကို ဖိလုပ်တယ်၊ နားစရာရှိရင်လည်း ကျကျနန နားတယ်၊ ပြောစရာရှိလျှင်လည်း ဘယ်သူ့ကိုမှ အားမနာတတ်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောတော့တာပဲ၊ သူ့အတိုင်းကတော့ ညစ်လေ့ မရှိဘူးကွ၊သူ့တစ်ပါးက ညစ်ပြီဆိုလျှင်တော့ ၈ ဂဏန်းသမားဟာ ပြန်ပြီး ညစ်တတ်တယ်၊ ၈ ဂဏန်းသမား ညစ်ရင် ဘယ်လိုလူမျိုးမှ လိုက်လို့ မမှီဘူးလေ၊ အဲဒီမှာ တစ်ခုထူးခြားတာကတော့ ၈ ဂဏန်းသမားဟာ ကံဇာတာ ညံ့ရင်လည်း အလွန်ညံ့တတ်တယ်၊ ကောင်းရင်လည်း အလွန်ကောင်းတတ်တယ်၊ လူကလည်း တစ်ဖက်စွန်းပဲကွ၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်ဘဲ အလုပ်တစ်ခုကို စမိပြီဆိုရင် ပြီးအောင် ဇွဲနဲ့ လုပ်တာ ၈ ဂဏန်းသမားတွေပဲ၊ တစ်ခါတစ်ရံ အကြောင်းမဲ့ လောကကြီးကို မကျေမနပ်ဖြစ်နေတတ်တာလည်း ၈ ဂဏန်းသမားတွေပဲ၊ ၈ ဂဏန်းသမားတွေ ဖြစ်တတ်တဲ့ရောဂါက အသည်းရောဂါ၊ သွေးနဲ့ဖြစ်တတ်တဲ့ ရောဂါတွေပဲ၊ သူ့ရဲ့ ဓာတ်စာကတော့ အသီးအရွက်တွေ မုန်လာဥတွေ၊ ငှက်ပျောသီးတွေဟာ သူ့ရဲ့ဓာတ်စာပဲကွ၊ ဆောင်ရမယ့် ကျောက်ကတော့ ပုလဲနက်၊ စိန်နက်၊ မဟူရာ စတဲ့ အနက်ရောင် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တွေပဲကွ၊ ကံကောင်းတဲ့အရောင်ကလည်း ခရမ်းရင့်ရောင်၊ အပြာရင့်ရောင်၊ အထူးသဖြင့် အနက်ရောင်ပေါ့ကွာ၊ ကံကောင်းတဲ့နေ့ကတော့ စနေနေ့ပဲဟေ့၊ လောကီပညာ လိုက်စားရင် ၈ ဂဏန်းသမားတွေဟာ ထွန်းပေါက်တတ်တယ်”

တောက်တဲ့သည် ကျွန်ုပ် ပြောသမျှ ငေးမောကြည့်ရင်း နားထောင်နေ၏။ ထိုသို့မဟုတ် မှတ်သားနေ၏။ ထို့နောက် ကျွန်ုပ်က. . .

“မင်းကိုပြောဖို့ ကျန်တာကတော့ ၉ ဂဏန်းသမား အကြောင်းပဲကွ၊ အင်္ဂလိပ်လရဲ့ ဘယ်လမဆိုပေါ့ကွာ၊ အင်္ဂလိပ်ရက် ၉ ရက်၊ ၁၈ ရက်၊ ၂၇ ရက်မှာ မွေးတဲ့သူတွေကို ၉ ဂဏန်းသမားလို့ ခေါ်နိုင်တယ်ကွ၊ ၉ ဂဏန်းသမားတွေဟာ သူများပေးတဲ့ ငွေတစ်ဆယ်ကို မမက်ဘူးကွ၊ ကိုယ်တိုင်ရှာတဲ့ ငွေတစ်ဆယ်ကို မြတ်နိုးတယ်၊ ဘယ်ကိစ္စမှာမဆို ကွယ်ရာမှာတစ်မျိုး၊ ရှေ့တင်မှာတစ်မျိုး မလုပ်တတ်ဘူးကွ၊ အဲဒါကြောင့် ၉ ဂဏန်းသမားတွေဟာ ရန်သူများတတ်တယ်၊ တွဲလို့ရရင်တွဲ၊ တွဲလို့ မရရင်ကွဲ၊ ပြတ်ပြတ်သားသားရှိတာ ၉ ဂဏန်းသမားတွေကွ၊ ၉ ဂဏန်းသမားတွေဟာ မကြာခဏ လောကကြီးကို စိတ်ကုန်တတ်တယ်၊ အဲဒီလို စိတ်ကုန်ပေမယ့် ၉ ဂဏန်းသမားတွေဟာ မယ်သီလရှင်၊ ဘုန်းကြီးဝတ်တာ နည်းတယ်ကွ၊ ၉ ဂဏန်းသမားတွေဟာ အတိုက်အခံ ဘယ်လောက်များများ နောက်ဆုံးမှာ အောင်မြင်သွားတယ်၊ ၉ ဂဏန်းသမားတွေမှာ





သူတို့ကမသိလို့ကွ၊ ကြီးပွားချမ်းသာစေတဲ့ ဓာတ်တစ်မျိုး မွေးရာပါ,ပါတယ်ကွ၊ ၉ ဂဏန်းသမားတွေမှာ ဖြစ်ဝ၊တတ်တဲ့ရောဂါကတော့ ကြောက်စရာကြီးပဲကွ၊ မဖြစ်ရင်လည်းနေရော၊ ဖြစ်ရင်လည်း ကူးစက်တတ်တဲ့ရောဂါ ဖြစ်တတ်တယ်ကွ၊ ဘာမှ မဖြစ်ရင်တောင် အပူလောင်တာ မကြာခဏ ဖြစ်တတ်တယ်ကွ၊ ဘယ်ရောဂါပဲဖြစ်ဖြစ် ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ဟာ သဘာဝဓာတ်စာပဲဟေ့၊ သူ့အတွက် သဘာဝအဆောင်ကတော့ သံမဏိပဲကွ၊ သံမဏိလက်စွပ်တို့၊ သံမဏိလက်ကောက်တို့ ဝတ်ရင် အကောင်းဆုံးပဲကွ၊ အဲဒါမဝတ်ချင်ရင်တော့ အဆောင်က ကျောက်နီပဲကွ၊ သူတို့အတွက် ကံကောင်းတဲ့နေ့ဟာ အင်္ဂါနေ့ကွ၊ ကံကောင်းတဲ့ အရောင်ကတော့ ကြက်သွေးရောင်၊ အနီရောင်ရဲရဲတွေပေါ့ကွာ”

ဟု ကျွန်ုပ်က ရှင်းပြလေ၏။ တောက်တဲ့သည် လိုက်လံမှတ်သားလေ၏။ ထို့နောက် ထိုအချက်များကို ကျွန်ုပ်က ပြန်လည် ရွတ်ပြလေ၏။

“မင်းကတော့ မှတ်ဉာဏ် အလွန်ကောင်းတဲ့ ကလေးပဲကွာ”

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးသည် ထမင်းစားပြီးသောအခါ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကိုစားရင်း စကားပြောနေကြ၏။ ထိုအခါ တောက်တဲ့၏ အဒေါ်သည် ရေနွေးကြမ်းလာဖြည့်ပေး၏။ ထိုသို့ ဖြည့်ရင်း. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီထန်းလျက်က သိပ်မကောင်းသေးဘူး၊ အုန်းသီးနဲ့ လုံးထားတဲ့ ထန်းလျက်ယူလာခဲ့ဦးမယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က တောက်တဲ့ အား. . . .

"ကဲ. . . . ငါ့တူ မင်းကြားတယ် မဟုတ်လား၊ ဦးလေးကလည်း သဘောကောင်းတယ်၊ မင်းအဒေါ်လည်း ဘယ်လောက် အလိုက်သိလဲ"

ဟု ပြောလျှင် တောက်တဲ့က. . . .

"အစ်ကိုကြီးဟာကလည်း အဒေါ်နဲ့တွေ့တော့လည်း အလွတ် မပေးပါလား"

ဟု ပြောလိုက်လျှင် တောက်တဲ့၏ အဒေါ်သည် တောက်တဲ့အား ဒေါက်ခနဲ ခေါက်၍ ထွက်သွားလေတော့၏။

ထို့နောက် တောက်တဲ့ အဒေါ်သည် အုန်းသီးနှင့် လုံးထားသော ထန်းလျက်ခဲကို ယူလာ၏။ ကျွန်ုပ်နှင့် တောက်တဲ့လည်း ထိုအုန်းထန်းလျက်ကိုစားရင်း စကားပြောကြ၏။ တောက်တဲ့ကလည်း စာအုပ်တစ်အုပ်ကိုယူလာပြီး မှတ်သားလေ၏။ တောက်တဲ့က ကျွန်ုပ် မေးထားသော ဂဏန်းများအကြောင်းကို မှတ်သားရင်း. . . .

"ဒီမှာ အစ်ကိုကြီး ဒီဂဏန်းတွေက ကျွန်တော် ဘယ်လို အသုံးချရမလဲ"

ဟု မေးလိုက်လေ၏။ ကျွန်ုပ်သည် အမှန်အားဖြင့် တောက်တဲ့အား ပြောရန်ပြင်သော်လည်း တောက်တဲ့အား စလိုသောအားဖြင့်. . .





"ညနက်ပါပြီကွာ၊ မနက်ဖြန်မှ မဝိုင်နဲ့အတူ သင်ကြတာပေါ့"

ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"လုပ်ပြီ"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"မင်းကို ကျီစားတာပါကွာ၊ ဂဏန်းဗေဒင်က မပြီးသေးဘူး၊ ပြောစရာတွေ ရှိသေးတယ်"

ဟု ပြန်ပြောလိုက်လေ၏။

ထိုအခါ တောက်တဲ့က. . . .

"အဲဒီလိုလုပ်စမ်းပါအစ်ကိုကြီးရာ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"ဒီလို တောက်တဲ့ရဲ့၊ မွေးတဲ့ ခုရယ်၊ လရယ်၊ ရက်ရယ်မှာ 'တစ်' ဘယ်နှစ်လုံးပါတယ်ဆိုတာကို အကြောင်းပြုပြီး အဟောထုတ်ရတာလည်း ရှိသေးတယ်ကွ၊ ဥပမာကွာ(၁၉၅၂၊ ၄၊ ၉) အဲဒီလို ၁ ဂဏန်း တစ်လုံးထဲပါတဲ့ မွေးသက္ကရာဇ်ပိုင်ရှင်ကို ဂဏန်းဗေဒင်ပညာမှာ အတွင်းသဏ္ဍာန်ကို အကဲခတ်ဖို့ ခက်တယ်၊ သူ့ရဲ့အတွင်းသဘောကို ဂဃဏနသိဖို့မလွယ်ဘူး၊ သူ့ရဲ့ အပြင်ပမ်း နေပုံထိုင်ပုံ ပြောပုံဆိုပုံနဲ့ သူ့ရဲ့အတွင်းစိတ်ဟာ တစ်ထပ်တည်းမကျဘူးလို့ ဆိုတယ်ကွာ၊ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ မွေးဂဏန်းမှာ ၁ ဂဏန်း တစ်လုံးပဲပါလို့လို့ ဆိုတယ်ကွ၊ နောက်မွေးသက္ကရာဇ်တစ်ခု ပြောဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



(၁၉၃၈၊၃၊၁၅) ဒီမွေးသက္ကရာဇ်ကို ကြည့်ပါဦး၊ သူ့ရဲ့ မွေးသက္ကရာဇ်မှာ တစ်နှစ်လုံး ပါနေတယ်၊ အဲဒါကို ဂဏန်းဗေဒင်ဆရာက ဒီမွေးသက္ကရာဇ် ပိုင်ရှင်မျိုးဟာ သူ့ဘက် ကိုယ့်ဘက်ကြည့်တတ်တဲ့လူလို့ ဆုံးဖြတ်တယ်ကွ၊ နောက် သက္ကရာဇ်တစ်ခု ဥပမာပေးဦးမယ်၊ (၁၉၃၀၊ ၁၊ ၁၂) ဒီမွေးသက္ကရာဇ်ကို ကြည့်ရင်း တစ်ဂဏန်းဟာ သုံးလုံးပါနေတယ်၊ ဒီလိုလူမျိုးကို ဂဏန်းဗေဒင်ဆရာက စာရေးကျွမ်းကျင်ခြင်း၊ လူများ စိတ်ဝင်စားအောင်ရေးတတ်ခြင်း၊ စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းတွေနဲ့ ပတ်သက်တယ်လို့ ဖော်ထုတ်တယ်၊ နိုင်ငံရပ်ခြား ပင်လယ်ရပ်ခြားကို မုချသွားရောက်ရမယ်လို့လည်း ဖော်ထုတ်တယ်၊ ဒါပေမဲ့ တစ်ခုခက်တာက တစ်ဂဏန်း သုံးလုံးပိုင်ရှင်ဟာ သူတစ်ပါး နားဝင်အောင် ပြောလေ့မရှိဘူး၊ တည့်တိုးပြောလေ့ ရှိတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ တောက်တဲ့သည် လွန်စွာ သဘောကျနေ၏။ ထို့နောက် ၎င်းက. . . .

"မွေးသက္ကရာဇ် မြင်တာနဲ့ တစ်ခါတည်း ပြောနိုင်တာပဲနော်၊ ဆက်ပြီးပြောပြဦး အစ်ကိုကြီးရဲ့"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"နောက်ထပ် မွေးသက္ကရာဇ်တစ်ခုကို ပြောဦးမယ်ကွ၊ (၁၉၂၉၊၁၊၁၁) အဲဒီမွေးသက္ကရာဇ်မှာ တစ်ဂဏန်းသမားတွေ





ကြီးပဲ၊ လေးလုံးပါတယ်ကွ၊ တစ်ဂဏန်းလေးလုံးပါဖဲ့ မွေးသက္ကရာဇ်ပိုင်ရှင်ဟာ ကိုယ်ရော စိတ်ရော မနားရအောင် တရစပ် အလုပ်လုပ်တယ်၊ အငြင်းအလွန်သန်တယ်ကွ၊ ဘာကြောင့် အငြင်းသန်ရသလဲဆိုတော့ သူ့ရဲ့စိတ်ဟာ အမြဲအလုပ်လုပ်နေရတော့ အလုပ်လုပ်စရာမရှိရင် တစ်စုံတစ်ယောက်နဲ့ ဒီအတိုင်းပြောလို့ မရဘူးကွ၊ ငြင်းခုန်နေရတာဆိုတော့ အဲဒီအချက် အလက်တွေကို သူက စုဆောင်းနေရတာ မဟုတ်လား၊ အဲဒီလို လုပ်လိုက်မှ သူက နေသာထိုင်သာရှိသွားတယ်၊ နောက် သက္ကရာဇ်တစ်ခု နမူနာ ပြဦးမယ်၊ (၁၉၁၁၊ ၁၂ ၁၁) အဲဒီမွေးက္ကရာဇ် ပိုင်ရှင်ဟာ တစ်ဂဏန်း ငါးလုံးကို ပိုင်ဆိုင်တယ်ကွ၊ တစ်ဂဏန်း ငါးလုံးပိုင်ရှင်ထက် စိတ်ရော ကိုယ်ပါ ပိုအလုပ်လုပ်တယ်ကွ၊ ငြင်းတာကလည်း တစ်ဂဏန်းလေးလုံးပိုင်ရှင်ရဲ့ နှစ်ဆလောက်ကို ငြင်းခုန်တတ်တယ်၊ နောက်ထပ် မွေးသက္ကရာဇ်တစ်ခုကို ပြဦးမယ်ကွ၊ (၁၉၁၁၊ ၁၁၊ ၁၁) အဲဒီမွေးသက္ကရာဇ် ပိုင်ရှင်မျိုးဟာ တစ်ဂဏန်းခြောက်လုံးပိုင်ရှင်ပေါ့ကွာ၊ အဲဒီ တစ်ဂဏန်းခြောက်လုံးပိုင်ရှင်ဟာ အနုပညာဖန်တီးတာ စာပေရေးသားတာတို့ဟာ သူများထက် ပိုပြီးအောင်မြင်တယ်ကွ၊ အဲဒီလိုမှမဟုတ် တစ်ခုခုကို လုပ်တဲ့နေရာမှာ တစ်ဘက်ကမ်းခတ်အောင် လုပ်တတ်တယ်၊ မွဲချင်မွဲဆိုတဲ့ အင်္ဂလိပ်ဆရာကြီးတွေလိုပေါ့ကွာ၊ အခု



www.burmeseclassic.com

လောက် ပြောပြရရင် မွေးဂဏန်းတစ်လုံးပါရင် ဘယ်လို၊ နှစ်လုံးပါရင် ဘယ်လို၊ သုံးလုံးပါရင် ဘယ်လိုဆိုတာ မင်းသိသွားပါပြီ၊ အဲဒီလိုပဲ မွေးသက္ကရာဇ်မှာ ၂ ဂဏန်း ဘယ်နှစ်လုံးပါရင် ဘယ်လိုဆိုတာ ရှိသေးတယ်ကွ၊ အခုတော့ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါဦးကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ဟုတ်ပါတယ်၊ အစ်ကိုကြီး နောက်မှပဲ သင်တာပေါ့"

ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်ကား ကျွန်ုပ်နှင့် တောက်တဲ့တို့သည် အိပ်ရာအနီး၌ မီးဖိုကလေးတစ်ခုရှာ၍ မီးဖိုကာ အိပ်စက်လိုက်ကြလေတော့သတည်း။

□□□□□□□□□□





## အခန်း (၁၃)

နောက်တစ်နေ့ နံနက် ငါးနာရီခန့်တွင် ကျွန်ုပ်သည် အိပ်ရာမှ နိုးခဲ့၏။ ကျွန်ုပ်သည် တောက်တဲ့အား နှိုးမည်ဟုကြံကာ အိပ်ရာမှထပြီးလျှင် တောက်တဲ့အား လှမ်း၍ကြည့်လိုက်ရာ တောက်တဲ့ကလေးသည် အိမ်ရှေ့မြေကွက်လပ်ကလေးတွင် မီးဖို၍ ရေနွေးအိုးတည်ကာ ကျွန်ုပ်အား အခါးရည်သောက်ရန် စောင့်မျှော်နေပြီ ဖြစ်၏။ တောက်တဲ့သည် ကျွန်ုပ်ကိုမြင်လျှင်. . . .

"အစ်ကိုကြီး မျက်နှာသစ်ရင် ရေအေးနဲ့ မသစ်နဲ့၊ ကျွန်တော် ရေနွေးစပ်ပေးမယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

www.burmeseclassic.com



"ဒီမှာ တောက်တဲ့၊ မင်းအမေကို ငါ သဘောကျတဲ့အထဲမှာ
ဒီအချက်လည်းပါတယ်ကွ၊ မင်းလိုလိမ္မာတဲ့ မယားပါသားလေး
အဆစ်ရ မှာ တွေးပြီး ငါသဘောကျတယ်"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . .

"စောစောစီးစီးဗျာ၊ မျက်လုံးနှစ်လုံးပွင့်တာနဲ့ ကျုပ်အမေကို
ပြစ်မှားတော့တာပဲ၊ အစ်ကိုကြီးအတွက် တခြားပြောစရာ
စကား မရှိတော့ဘူးလား"

ဟု ပြောဆိုကာ ကျွန်ုပ်အား ရေအေးနှင့် ရေနွေးစပ်ထားသော ရေ
တစ်ခွက်လာ၍ပေးလေ၏။ ထိုအခါ ကျွန်ုပ်က မျက်နှာသစ်၏။ ပြီးလျှင်
တောက်တဲ့ရှိရာ မီးဖိုကလေးဆီသို့ သွား၏။ တောက်တဲ့သည် ကျွန်ုပ်အား
ရေနွေးကြမ်းတစ်ခွက်ထိုး၍ပေးလေ၏။ ကျွန်ုပ်သည် ရေနွေးကြမ်းကို
တစ်ကျိုက်ချင်းမော့ရင်း တောက်တဲ့အား. . . .

"တောက်တဲ့ရေ၊ သူကြီးမရှိတော့ ရွာဆူတယ်ကွ"

ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"အဲဒါ ဘာအဓိပ္ပာယ်လဲ အစ်ကိုကြီး"

ဟု ပြန်၍မေးလေ၏။

"သူကြီးမရှိတော့ ရွာဆူတယ်ဆိုတာ အမြည်းမရှိတော့ အာ
တယ်လို့ ပြောတာကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က ရယ်လေ၏။ ထိုအချိန်
တောက်တဲ့၏ အမေသည်. . . .

"အာမပူပါနဲ့ လာပါပြီ"





ု လှမ်း၍ ပြောသဖြင့် ကြည့်လိုက်ရာ သူ၏လက်ထဲတွင် အငွေ့
ထောင်းထောင်းထနေသော ထမင်းကြော်များကို တွေ့ရ၏။
ာက်တဲ့အမေ၏ ထမင်းကြော်သည် အသီးအရွက်များပါထည့်၍
ကြော်ထားသည်ဖြစ်ရာ မြင်လိုက်သည်နှင့်ပင် စားချင့်စဖွယ် ဖြစ်တော့
။ ထိုကြောင့် ကျွန်ုပ်က. . . .

"တောက်တဲ့တို့ အမေကတော့ အချက်အပြုတ် အကြော်
အလှော်မှာ တကယ်တော်တာပဲ"

ု ပြောလိုက်ရာ တောက်တဲ့အမေသည် ကျွန်ုပ်က မြှောက်ပြောမှန်း
ိသော်လည်း ကျွန်ုပ်၏စကားတွင် ပီတိဖြစ်သွားလေ၏။ တောက်တဲ့က

"အမေရေ၊ အစ်ကိုကြီး စကားကို မယုံနဲ့ဗျ၊ သူက အားကြီး
မြှောက်ပြောတတ်တယ်"

ု ပြောလေ၏။ ထိုအခါ တောက်တဲ့၏ အမေက. . . .

"မြှောက်ပြောတာ ဘယ်ဟုတ်မလဲကွယ်၊ စကားဆိုတာ ဒီလို
ပြောရတယ်ကွယ့်၊ ဒါမှ သူများက ကျွေးချင်မွေးချင်မှာပေါ့၊
ခုကြည့်လေ၊ ချမ်းချမ်းစီးစီး အစောကြီးထပြီး ကြော်ရလှော်ရ
တော့ မောတာပေါ့၊ ဒါပေမဲ့ ဆရာက သိပ်ကောင်းတာပဲလို့
ချီးကျူးလိုက်တော့ အမောကို ပြေသွားတာပဲ"

ု ပြောလိုက်လျှင် တောက်တဲ့သည် ငြိမ်၍ သွားလေတော့သည်။ ကျွန်ုပ်
ည် ထမင်းကြော် တစ်ဇွန်းစားလိုက်၊ အခါးရည် ပူပူလေးတစ်ခွက်
သောက်လိုက်နှင့် ဇိမ်တွေ့၍ နေလေတော့၏။ ထိုအခါ တောက်တဲ့က



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး မနေ့ညက ကျွန်တော့်ကိုပြောတဲ့ ၁ ဂဏာ
အကြောင်း ကျွန်တော် အားလုံးတတ်ပြီ၊ ဒီကနေ့ ၂ ဂဏာ
သင်ပါဦး"

ဟု ပြောလေ၏။

ထိုအချိန်၌ တောက်တဲ့ အဒေါ်သည် ကျွန်ုပ်အနီးသို့ ရော
လာ၏။

"ဘာတွေများ နှစ်ယောက်သား တွတ်ထိုးနေကြတာတုံး"

ဟု မေးလိုက်လျှင် ကျွန်ုပ်က. . . .

"ဟောဒီမှာ ကျွန်တော့်တူကလေးက ကျွန်တော်ကို အိမ်ထော
ပြုပါတော့လားလို့ တိုက်တွန်းနေတယ်၊ အဲဒါကြော
ကျွန်တော်က ကိုယ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ မိန်းမမျိုးတွေ
ရင်တော့ ပြုပါ့မယ်ကွာလို့ သူ့ကို ပြောနေတာ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လျှင် တောက်တဲ့က ကျွန်ုပ်အား မျ
စောင်းထိုးလေတော့၏။ ထို့နောက် တောက်တဲ့ အဒေါ်သည် အခါးရ
တစ်ခွက်မော့၍ သောက်ပြီးနောက် ကျွန်ုပ်တို့၏ အနားမှ ထသွားလေ
တော့၏။

"အစ်ကိုကြီးကလည်း ကျွန်တော့်အမေလာတော့ စကာ
တစ်မျိုး၊ ကျွန်တော့်အဒေါ်လာတော့ စကားတစ်မျိုး အမျိုးမျိ
ပြောနေပါလား"

ဟု ဆိုလေ၏။





"လူနှစ်ယောက်လာတာပဲ ငါ့လူရာ နှစ်မျိုး ပြောရမှာပေါ့၊ အဲဒါကို မင်းကမကျေနပ်ဘူးလား၊ မကျေနပ်ရင် မင်းအဒေါ်ကို သွားပြောလိုက်၊ ငါကကြိုက်နေတယ်လို့"

ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . . .

"ကဲပါ အစ်ကိုကြီးရာ၊ ကျွန်တော့်ကို ပြောပြမယ်ဆိုတဲ့ ၂ ဂဏန်းအကြောင်းကို ပြောပြပါတော့"

ဆိုလေ၏။

"ဒီလို တောက်တဲ့ရဲ့ လူတစ်ယောက်ရဲ့ မွေးခု၊ မွေးလ၊ မွေးရက်မှာ ၂ ဂဏန်း တစ်လုံးတည်း ပါတယ်၊ ဆိုကြပါစို့ကွာ"

တောက်တဲ့က. . .

"ဘယ်လိုဟာမျိုးလဲ အစ်ကိုကြီး"

မေးလေ၏။

"ဒီလိုလေကွာ၊ ဥပမာ (၁၉၄၉-၂-၁၄) ဟောဒီမွေးနေ့ ပိုင်ရှင် ဆိုပါတော့၊ ခုရော၊ လရော၊ ရက်ရောမှာမှ ၂ ဂဏန်းတစ်လုံး ပိုင်ရှင်လို့ ခေါ်တယ်ကွ၊ အဲဒီလိုလူမျိုးဟာ အခြားသူရဲ့ မရိုးသားမှုကို ရုတ်တရက် ချက်ချင်းဖော်ထုတ် သိမြင်နိုင်တယ်ကွ၊ လူတစ်ယောက်ကို တွေ့လိုက်တာနဲ့ ဘယ်လိုလူမျိုးဆိုတာ ဒက်ခနဲ သိတယ်ကွ၊ သူ့ကို ပြောလိုက်ရင် လွဲတယ်လို့ မရှိဘူးကွ၊ ဒီလိုလူမျိုးတွေဟာ သမထအာရုံလည်း သိပ်ပြီးကောင်းတယ်၊ အာရုံခံစားမှုကလည်း သိပ်ပြီးသိမ်မွေ့တယ်ကွ၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာမှာ စိတ်ရဲ့ခံစားမှုတွေကိုချည်း ဦးစားပေးမ ဖို့ သတိထားခိုင်းရတယ်၊ လူကဲခတ်ကောင်းတဲ့လူ အကင်းပ တဲ့ လူတွေပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ တောက်တဲ့သည် ကျွန်ုပ် ပြောသမျှ လိုက်လံမှတ်သားထားလေ၏။ ထိုသို့ မှတ်သားပြီးနောက်. . . .

"အဲဒီအထဲမှာ အစ်ကိုကြီး ပါတာပေါ့၊ အစ်ကိုကြီးဟာ (၁၉၃၉-၆-၂၅) မဟုတ်လား"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်သည် လွန်စွာသဘောကျသွ သည့်အလျောက် တောက်တဲ့ခေါင်းကို ပုတ်ရင်း. . . .

"အလွန်တော်တဲ့ မယားပါသားလေး"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . . .

"လုပ်ပြန်ပြီ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . .

"အဲ. . . . အဲ. . . . ယောင်လို့ ယောင်လို့ မယားပါသားမ မဟုတ်ပါဘူး၊ မိန်းမဘက်ကပါတဲ့ တူကလေးပါ"

ဟု ပြောလိုက်လျှင် တောက်တဲ့သည် ကျွန်ုပ်အား စိတ်မဆိုးနိုင်တော့ အခါးရည်တစ်ခွက်ကို မော့ချလိုက်လေတော့၏။ ထို့နောက် ကျွန်ုပ်

"တောက်တဲ့ရေ မင်းကို နောက်ထပ် မွေးသက္ကရာဇ်ပိုင် တစ်ဦးကို ပြောရဦးမယ်ကွ၊ အဲဒါက ဘာလဲဆိုတေ (၁၉၅၂-၆-၂၃) ဆိုပါတော့ကွာ၊ အဲဒီအထဲမှာ ၂ ဂဏန်း





နှစ်ခုပါတယ်ကွ၊ အဲဒါကြောင့် ၂ ဂဏန်းနှစ်လုံးပိုင်ရှင်လို့ ဆိုရမှာပဲ"

ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ကျွန်တော် သဘောပေါက်ပါပြီ၊ (၂) ဂဏန်းနှစ်လုံးပိုင်ရှင်က ဘာဖြစ်သလဲ"

ဟု ပြန်၍ မေးလေ၏။

"ဒီလိုကွ၊ ၂ ဂဏန်းနှစ်လုံး ပိုင်ရှင်ဟာ စိတ်အတက်အကျ မြန်တဲ့လူတွေဖြစ်တယ်ကွ၊ ၂ ဂဏန်းနှစ်လုံးပိုင်ရှင်ဟာ များသောအားဖြင့် လူပေါင်းများတတ်ကြတယ်ကွ၊ သူတို့မှာ ထူးဆန်းတဲ့ သမထအာရုံတွေ ရှိတယ်၊ သူတို့ ထင်လိုက်ရင် မလွဲတမ်း ဖြစ်လာတယ်တယ်ကွ၊ အခြားလူရဲ့ ပြဿနာထဲမှာ ဝင်ပါတတ်ပြီး ရုန်းထွက်လို့ မရတတ်တာ ၂ ဂဏန်းနှစ်လုံး ပိုင်ရှင်တွေပဲကွ၊ သူတို့ကို လူအတော်များများက ပေါင်းသင်းပေမယ့် သူတို့အပေါ်မှာ ယုံကြည်မှု မရှိဘူးကွ၊ ဒါကြောင့် ၂ ဂဏန်း နှစ်လုံးပိုင်ရှင်ဟာ လူကို ရွေးပေါင်းတတ်ဖို့ လိုတယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ တောက်တဲ့သည် လိုက်လံရေးမှတ်၏။ ထို့နောက် ၎င်းက. . . .

"အဲဒီ ၂ ဂဏန်း နှစ်လုံးမှာ ထူးခြားတဲ့ အချက်တွေက ဘာတွေလဲ အစ်ကိုကြီးရဲ့"

ဟု မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"၂ ဂဏန်းနှစ်လုံးပါရင် ဒီလူဟာ ဝင်ငွေနှစ်မျိုးကွ၊ မွေးတာတစ်နေရာ၊ ကြီးတာတစ်နေရာ ဖြစ်တတ်တယ်၊ ပြီးတော့ သူ့ရဲ့လက္ခဏာမှာဉာဏ်လမ်းကြောင်းနှစ်ခု နှလုံးလမ်းကြောင်းနှစ်ခု ဖြစ်တတ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ဒီအချက်က ပိုအရေးကြီးတာပေါ့ အစ်ကိုကြီးရ"

ဟု ပြောလေတော့၏။ ထို့နောက် ကျွန်ုပ်က. . . .

"၂ ဂဏန်း သုံးလုံးကနေ သုံးလုံးအထက်ပါတဲ့ သက္ကရာဇ်တွေ အကြောင်းပြောရဦးမယ်၊ အဲဒါ နမူနာပြောမယ်၊ ဥပမာ (၁၉၆၂-၂-၂၀)အဲဒါက ၂ ဂဏန်း သုံးလုံးပိုင်ရှင်၊(၁၉၃၂-၂-၂၂) အဲဒါက ဂဏန်းလေးလုံးပိုင်ရှင်၊ (၁၉၂၂-၂-၂၂) အဲဒါက ဂဏန်းငါးလုံးပိုင်ရှင် အဲဒီလူတွေဟာ ရပ်ဝေးခရီး မကြာခဏ သွားရတဲ့လူတွေ ဖြစ်တယ်၊ အလွန်စိတ်ဓာတ်တက်ကြွတဲ့ လူတွေ ဖြစ်တယ်၊ ဒါပေမဲ့ အခက်အခဲနဲ့တွေ့တဲ့အခါမှ စိတ်ဓာတ်ကျလွယ်တဲ့ လူတွေလည်း ဖြစ်တယ်၊ နှလုံးသားကို ဦးစားပေးတတ်တဲ့လူတွေ ဖြစ်တယ်၊ များသောအားဖြင့် ဂီတအနုပညာ စသည်တို့ဟာ ဘဝအတွက် အားဆေးလို ဖြစ်နေတယ်၊ အဲဒီဘက်မှာလည်း ဝါသနာပါတယ်၊ကျွမ်းကျင်တတ်တယ်၊ ပြီးတော့ စိတ်ရောဂါနှင့် ပတ်သက်လို့ ဝေဒနာခံစားရတတ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ တောက်တဲ့က. . . .





"တော်တော် ကောင်းတာပဲ၊ ၂ ဂဏန်းကတော့ သိပါပြီ အစ်ကိုကြီးရယ်၊ ၃ ဂဏန်းလေး ပြောပါဦး"

ဟု ပြောလေ၏။

"ဟေ့ကောင် ဒီလိုပြောလို့ မဖြစ်ဘူးကွ၊ ဆိုင်ထွက်ရဦးမယ်၊ လာ ဆိုင်သွားရအောင်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်လည်း လွယ်အိတ်ကိုလွယ်၍ ဆိုင်သို့ ထွက်ခဲ့လေ၏။ ကျွန်ုပ်၏တပည့် တောက်တဲ့ကလေးလည်း ကျွန်ုပ်၏နောက်မှ တကောက်ကောက် လိုက်ပါလာခဲ့လေ၏။ ဆိုင်သို့ရောက်သောအခါ၌ တောက်တဲ့သည် ကျွန်ုပ်၏ ပိတ်ဆိုင်းဘုတ်ကို ချိတ်ပေး၏။ ကျွန်ုပ် ထိုင်မည့်နေရာကို လှည်းကျင်းပေး၏။ စားပွဲကို ခင်းပေး၏။ စားပွဲပေါ်တွင် ကျွန်ုပ် အသုံးပြုနေကျ ပစ္စည်းများကို တင်ပေး၏။ ပြီးလျှင် ရေနွေးကြမ်း သွား၍တောင်း၏။ ထို့နောက် ရေနွေးကို လက်ဖက်ခြောက်ခတ်၏။ ကျွန်ုပ် သောက်ရန်အတွက် လက်ဖက်ရည်ကြမ်း ငှဲ့ပေး၏။ ထိုအချိန်၌ ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော မဝိုင်ဆိုသူ မိန်းမ ရောက်လာ၏။ မဝိုင်သည် ကျွန်ုပ်ကို တွေ့လျှင် တွေ့ချင်း. . . .

"ဆရာတို့ နှစ်ယောက်ကလည်း အတော်ကိုသဘောကျစရာပဲ၊ အဖေကြီးက လက္ခဏာဟောလို့၊ သားကလေး လက်ဖက်ရည်ကြမ်း ငှဲ့ပေးလို့"

ဟု ပြောလိုက်လျှင် တောက်တဲ့သည် မဝိုင်အား မျက်စောင်းထိုး၍ ကြည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဝိုင်ရေ သားကလေးလို့တော့ အတိအကျပြောလို့ မရသေး
ဘူး၊ တူကလေးလည်း ဖြစ်ချင်ဖြစ်သွားနိုင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မဝိုင်က. . . .

"ဒီလိုဆို ဆရာက သူ့အဒေါ်ကိုပါ ချိန်နေပြီ ထင်တယ်"

ဟု ပြောလေ၏။

"ချိန်နေတာ မဟုတ်ဘူး၊ ပစ်ကိုနေတာ မထိသေးလို့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မဝိုင်သည် ရယ်လေ၏။

"သြော်. . . . ဆရာက ဒီလိုဆိုတော့ တစ်ချိန်တည်းမှာ ငါးရံ့
နှစ်ကောင် ဖမ်းတာကိုး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . . .

"ဖမ်းချင်နေတာကတော့ နှစ်ကောင်ပါပဲဗျာ၊ ဒါပေမဲ့ ကျုပ်
တကယ်ဖမ်းချင်တာက နှစ်ကောင်မဟုတ်ဘူး သုံးကောင်"

ဟု ပြောလိုက်လျှင် မဝိုင်က. . . .

"မလုပ်ပါနဲ့ ဆရာ၊ မဝိုင်ကိုတော့ ချမ်းသာပေးပါ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . . .

"သုံးကောင်ဆိုတာနဲ့ ခင်ဗျားကိုယ်ခင်ဗျား ငါးရံ့လို့ တွက်သွား
တာကိုး၊ ကျုပ်ဖမ်းမယ့် သုံးကောင်ထဲမှာ ခင်ဗျား မပါဘူး၊
ခင်ဗျားက ကျုပ်တပည့်လေဗျာ၊အဲဒီတော့ အေးအေးဆေးဆေး
နေစမ်းပါဗျာ၊ကျုပ် ဇာတ်ထုပ်အရှုပ်ထဲကို ခင်ဗျား ဝင်မပါ,ပါနဲ့"

ဟု ပြောလိုက်လျှင် မဝိုင်က. . . .





"မဝိုင်ကလည်း ဝင်မပါချင်ပါဘူး၊ ပါမှာစိုးလို့ ပြောနေတာ"

ဟု ပြန်၍ ပြောလေ၏။

"ဒီလိုဆိုလည်း ပြီးရောဗျာ"

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ ကျွန်ုပ်သည် ထိုကိစ္စကို စကား
ဖြတ်လိုသဖြင့်. . . :

"ကဲ. . . မဝိုင်ရော တောက်တဲ့ပါ မှတ်စုစာအုပ် ထုတ်ကြဟေ့၊
၃ ဂဏန်းအကြောင်း ပြောပြမယ်"

ဟု ပြောလိုက်လေတော့၏။ ၎င်းတို့ နှစ်ဦးလည်း မှတ်စုစာအုပ်များကို
ထုတ်ကြ၏။ ထိုအခါ၌ ကျွန်ုပ်က. . .

"၃ ဂဏန်း တစ်လုံးတည်းပိုင်ရှင်အကြောင်းကို ပြောပြမယ်၊
ဥပမာ (၁၉၁၃ -၁၀-၂၈)ဂဏန်း တစ်လုံးပိုင်ရှင်ဟာ စိတ်ကူး
စိတ်သန်း၊ အတွေးအခေါ် သိပ်ကောင်းတယ်၊ သူ့ရဲ့အတွေး
အခေါ်ဟာ လွတ်လွတ်လပ်လပ်ကြီး တွေးခေါ်တတ်တယ်၊
တကယ်လက်တွေ့ လုပ်ပါဆိုရင်တော့ ဒီလို ၃ ဂဏန်းသမား
တစ်ယောက်ဟာ မလုပ်နိုင်ဘူး၊ သူက စိတ်ကူးယဉ်သက်သက်
စိတ်ကူးတာပဲ၊ နေ့စဉ်နေ့တိုင်း ကြုံတွေ့နေရတဲ့ ပြဿနာကို
သူဟာကြိုးစားပြီး ဖြေရှင်းနေရတဲ့ အချိန်တွေက များတယ်၊
သူ့ရဲ့ပတ်ဝန်းကျင်က သူ့ကိုအဆိုးမြင်ခွင့်မပေးဘူး၊ အကောင်း
ကိုပဲ မြင်ခွင့်ပေးတယ်၊ ၃ ဂဏန်း တစ်လုံးသမားဟာ စွမ်းအင်
ရှိတဲ့ လူတစ်ယောက်ဖြစ်တယ်၊ သူဟာ မိတ်ဆွေအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းတွေရဲ့ ဒုက္ခကို ကာကွယ်ဆောင်နှင်းပေးဖို့ အစဥ်သဖြင့် ဦးနှောက်နဲ့ တွေးခေါ် လေ့ရှိတယ်၊ အဲဒါဟာ သူ့ရဲ့ ဝါသနာပဲ၊ ၃ ဂဏန်း နှစ်လုံးသမား အကြောင်း ပြောပြဦးမယ်၊ ဥပမာ (၁၉၅၃-၈-၃၀) ဆိုပါတော့၊ ဒီမွေးဂဏန်းမျိုးဟာ ၃ ဂဏန်းနှစ်လုံး ပါတယ်၊ ဂဏန်းနှစ်လုံး ပါတဲ့သူဟာ အများနဲ့ မတူ တမူထူးခြားတတ်တယ်၊ သူများက ဒါဆိုရင် သူက ဟိုဟာ လုပ်တတ်တယ်၊ ကပ်သီးကပ်သတ်လုပ်တဲ့သဘော မဟုတ်ပါဘူး၊ စိတ်ကူးချင်းတူတဲ့ သဘောပါ၊ ပြီးတော့ အဲဒီဂဏန်းနှစ်လုံး ပိုင်ရှင်တွေဟာ စာအရေးအသား ကောင်းတတ်တယ်၊ ဝတ္ထုတွေ ဘာတွေရေးမယ်ဆိုရင် အဲဒီလူတွေဟာ အတော့်ကို ကောင်းမယ့်သူတွေပဲ၊ စိတ်ကူးတွေကို စကားလုံးနဲ့ ပုံဖော်နိုင်စွမ်းရှိတဲ့သူတွေပဲ၊ ပတ်ဝန်းကျင်က လူတွေနဲ့လည်း အဆင်ပြေအောင် ဆက်ဆံနိုင်မယ်ဆိုရင် အဲဒီ ၃ ဂဏန်းနှစ်လုံး ပိုင်ရှင်တွေဟာ အတော့်ကိုကောင်းမှာ၊ စိတ်ကူးကောင်းတဲ့ သူတွေပဲ၊ ပြီးတော့ ၃ ဂဏန်းသုံးလုံးပိုင်ရှင် (၁၉၄၃-၃-၁၃) ၃ ဂဏန်း လေးလုံးပိုင်ရှင် (၁၉၃၃-၃-၃) ၃ ဂဏန်း လေးလုံးပိုင်ရှင် စတဲ့ ၃ ဂဏန်း အများအပြား ပိုင်ရှင်တွေဟာ အတော့်ကို ကံကောင်းတဲ့ ပိုင်ရှင်တွေ ဖြစ်တယ်၊ ၃ ဂဏန်းကိုက ပျော်ရွှင်စရာကောင်းတဲ့ ဂဏန်းဖြစ်တယ်၊ တစ်ခုပဲ အကြံပေးဖို့လိုတယ်၊ ၃ ဂဏန်းများတဲ့လူတွေဟာ ငြင်းခုန်ခြင်းကို ဝါသနာပါကြ





တယ်၊ ငြင်းခုန်ခြင်းဟာ အကျိုးမရှိဘူးလို့ သိဖို့ပါပဲ၊ ၃ ဂဏန်းများတဲ့ သူတွေဟာ မိမိကိုယ်မိမိ ယုံကြည်မှု များတတ်ပါတယ်၊ ကောင်းလည်း ကောင်းစားတတ်ပါတယ်၊ အဲဒါကြောင့် အဲဒီ ၃ ဂဏန်းများတဲ့ ပိုင်ရှင်တွေကို အကြံပေးချင်တာက ငြင်းခုန်မှု မလုပ်ပါနဲ့၊ မိမိကိုယ်မိမိ သိပ်အထင်မကြီးပါနဲ့ ပုံမှန်အတိုင်းသာ နေသွားပါ၊ ကောင်းစားပါလိမ့်မယ်၊ တိုးတက်မယ်လို့ ဆိုချင်ပါတယ်"

ဟု ကျွန်ုပ်က ပြောပြလေ၏။ ထိုအခါ တောက်တဲ့က. . . .

"အစ်ကိုရေ ၃ ဂဏန်းက အတော်ကောင်းတာပဲ၊ ၄ ဂဏန်း အကြောင်း ကျွန်တော်တို့ကို ဆက်ပြီးသင်ပါဦး"

ဟု ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်က. . . .

"မင်းကို မွေးဂဏန်းတစ်ခု ပြောပြမယ်၊ (၁၉၆၀-၁၂-၁၄) အဲဒီမွေးဂဏန်းကို ကြည့်ပါ၊ ၄ ဂဏန်း တစ်လုံးတည်းပါတယ်၊ အဲဒါမျိုး ကို ၄ ဂဏန်းတစ်လုံးတည်း ပိုင်ရှင်ခေါ်တာပေါ့၊ ဒီ ၄ ဂဏန်းတစ်လုံးပိုင်ရှင်တွေဟာ သူတို့မှာ မွေးရာပါ လူချစ်လူခင်များတဲ့ ဓာတ်တွေ ပါလာတယ်၊ အပေါင်းအသင်း များတတ်တယ်၊ လက်မှုပညာတွေ မသင်ဘဲ တတ်တယ်၊ ဂီတလည်း လိုက်စားရင် လိုက်စားသလောက် ထွန်းပေါက်တတ်တယ်၊ အထူးသဖြင့်ကတော့ ၄ ဂဏန်း တစ်လုံးပါရင် အတော့်ကို ထူးထူးခြားခြား ဖြစ်ဖြစ်မြောက်မြောက် လုပ်ပြတတ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မဝိုင်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"၄ ဂဏန်း နှစ်လုံးအကြောင်း ပြောပါဦး ဆရာရယ်"

ဟု ဆို လေ၏။

"ဒီလိုရှိတယ် မဝိုင် (၁၉၃၈-၄-၁၄) ရက် ဆိုပါတော့၊ အဲဒီမွေး ဂဏန်းဟာ ဘာပဲဖြစ်ဖြစ် ၄ ဂဏန်းနှစ်လုံးပါတဲ့ မွေးဂဏန်းပဲ၊ အဲဒီ ၄ ဂဏန်းနှစ်လုံးပိုင်ရှင်ဟာ စည်းရုံးရေးကောင်းတွေ ဖြစ်တတ်တယ်၊ အလုပ်တစ်ခုကို စမိရင် ဆုံးအောင် လုပ်တတ်တယ်၊အနုပညာဘက်က ထူးချွန်တယ်၊ပန်းချီပန်းပု တော်တယ် ဆိုတာ အဲဒီလိုလူတွေပဲ၊ ဘာကိုပဲလုပ်လုပ် တိတိကျကျ လုပ်တတ်တယ်၊ သပ်သပ်ရပ်ရပ် နေတတ်တယ်၊ ရှုပ်ရှုပ်ထွေးထွေးနဲ့ ထွေးလုံးရစ်ပတ်နေထိုင်ခြင်းဟာ ဘာကိုမှ တိတိကျကျ မလုပ်တတ်ဘူးဆိုတာ သိထားတဲ့အတွက် သူတို့ဟာ သပ်သပ်ရပ်ရပ် နေထိုင်ခြင်းဖြစ်တယ်၊ စိတ်အားရော ရုပ်အားရော ကျန်းမာတတ်တဲ့ လူမျိုးတွေပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"၄ ဂဏန်း သုံးလုံးပိုင်ရှင်အကြောင်း ပြောပါဦး အစ်ကိုကြီးရဲ့"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ဒီမှာ တောက်တဲ့ (၁၉၃၄-၄-၁၄) ရက် မွေးတဲ့သူ ဆိုပါတော့ ကွာ၊သူဟာ ၄ ဂဏန်းပိုင်ရှင် ဖြစ်တယ်၊ (၁၉၄၄-၄-၄) ရက် မွေးတဲ့သူ ဆိုပါတော့ကွာ၊ သူဟာ ၄ ဂဏန်း လေးလုံးပိုင်ရှင် ဖြစ်တယ်၊၄ ဂဏန်း သုံးလုံးကနေအထက်ကို ဘယ်လိုပဲများများ





အခေါ်အဝေါ်က တစ်မျိုး တည်းကွ၊ ၄ ဂဏန်း အများအပြား ပိုင်ရှင်ပဲ၊ အဲဒီ ၄ ဂဏန်း အများအပြား ပိုင်ရှင်ရဲ့ သဘာဝကို ငါပြောမယ်၊ ၄ ဂဏန်း အများအပြား ပိုင်ရှင်ဟာ ဘာကိုပဲ လုပ်လုပ် ရှုပ်ရှုပ်ထွေးထွေး လုပ်တတ်တယ်၊ ရောရော နှောနှော နေထိုင်တတ်တယ်၊ အဲဒီ ၄ ဂဏန်း အများအပြား ပိုင်ရှင်တွေဟာ သူတို့ရဲ့ မွေးရာပါ အစွမ်းအစတွေကိုထုတ်ပြီး သုံးခဲပါတယ်၊ ၄ ဂဏန်း အများအပြားပိုင်ရှင်ဟာ မထမ်းသင့်တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ထမ်းပိုးသယ်ဆောင်နေတဲ့သူတွေနဲ့ တူတယ်၊ သူတို့ရဲ့ဘဝခရီးဟာ သိပ်ပြီး တိုးတက်မှုမရှိဘူး၊ ဖြည်းဖြည်းမှန်မှန်နဲ့ သွားနေတတ်တယ်၊ အစဉ်သဖြင့် မိမိကိုယ်ကို မိမိ အားမလိုအားမရ ဖြစ်နေတတ်တယ်၊ သူတို့ဟာ သူတို့ရဲ့ မွေးရာပါ အရည်အချင်းကို သုံးမယ်၊ တက်တက်ကြွကြွ အလုပ်လုပ်မယ်ဆိုရင်တော့ ဘယ်လိုလူမျိုးမှ လိုက်လို့မမီတော့ဘူး၊ ထူးချွန်တဲ့သူတွေ ဖြစ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေတော့၏။ မဝိုင်နှင့် တောက်တဲ့တို့သည် ကျွန်ုပ်ပြောပြသည်များကို မှတ်စုထုတ်ကြကုန်၏။ ငြင်းခုန်ကြကုန်၏။ ပြီးလျှင် စကားများကြကုန်၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"ကဲ. . . . . ကဲ. . . . . အဲဒီနှစ်ယောက် စကားများပြီးရင် ရေနွေးကြမ်းသောက်ကြမယ်"

ဟု ပြောလိုက်ရာ မဝိုင်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့တူကလေးက အားကြီးအငြင်းသန်တယ်"

ဟု ပြောပြန် လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"မဝိုင်ရယ် ဒီလိုတော့ မပြောပါနဲ့၊ တူတော့ ဟုတ်ချင်မှ ဟုတ်မှာပါ၊ သားကလေးလည်း ဖြစ်ချင်ဖြစ်မှာပါ"

ဟု ပြောလိုက်ရာ တောက်တဲ့က ကျွန်ုပ်အား မျက်စောင်းထိုးလိုက်လေတော့သတည်း။

□□□□□□□□□□





## အခန်း (၁၄)

ညနေ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏ တပည့်ကလေး တောက်တဲ့တို့သည် တောင်ကြီးမြို့ဈေးထောင့်တွင် ဖွင့်ထားသော လက္ခဏာဆိုင်ကလေးကိုသိမ်း၍ နေအိမ်သို့ ပြန်ခဲ့ကြလေ၏။ အိမ်အနီးသို့ ရောက်သောအခါ၌ အိမ်ရှေ့မြေကွက်လပ်ကလေးတွင် ပေါက်နေသော မြက်များကို ဓားရှည်တစ်ချောင်းဖြင့် ယမ်းနေသည့် တောက်တဲ့၏ မိခင်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"တောက်တဲ့တို့ အမေကတော့ အလုပ်နဲ့လက်နဲ့ ပြတ်တယ်လို့ မရှိဘူး၊ ခင်ဗျားလက်ကလေးတွေဟာ အလုပ်လုပ်ဖို့ ဘုရား သခင်က ဖန်ဆင်းပေးလိုက်တာပဲ၊ ကျုပ်ဖြင့် အဲဒီလက်ကလေး တွေကို သိပ်ပြီးမြတ်နိုးတာပဲဗျာ"

ဟု ကျွန်ုပ်က နှစ်ခွယူ၍ရသောစကားဖြင့် ရိသဲ့သဲ့ ပြောလိုက်လေ၏၊ ထိုအခါ တောက်တဲ့တို့ အမေက. . . .

"လက်ကိုပဲလားရှင်"

ဟု မေးလိုက်လျှင် ကျွန်ုပ်က. . . .

"အလုပ်လုပ်တဲ့ လက်ကလေးရယ်၊ အဲဒီနားက လက်ဖျံကလေး လည်း မြတ်နိုးပါတယ်၊ လက်ဖျံရဲ့ အထက်နားက လက်မောင်း ကလေးကိုလည်း မြတ်နိုးတာပါပဲ၊ လက်မောင်းကလေးရဲ့ အပေါ်က ပခုံးကလေးကိုလည်း မြတ်နိုးတယ်၊ အဲ. . . အဲ ပြော လက်စနဲ့ ပြောရဦးမယ်၊ အဲဒီအထက်က အလုပ်မလုပ်တဲ့ ပါးကလေးကို ပိုပြီးမြတ်နိုးတယ်"

ဟု ပြော လိုက်ရာ တောက်တဲ့က. . . .

"ဒါနဲ့ သေမှာပဲ"

ပြောသဖြင့် ကျွန်ုပ်ရော၊ ၎င်း၏အမေပါ ရယ်ရသေးတော့၏ ထို့နောက် တောက်တဲ့သည် သူ၏အမေကို ရှမ်းဘာသာဖြင့် ပြောနေ ၏။ ၎င်းပြောပြီးသောအခါ၌ ကျွန်ုပ်က တောက်တဲ့၏ အမေအား. .





"တောက်တဲ့တို့ အမေရေ တောက်တဲ့က ဘာတွေ ပြောနေတာ လဲ၊ ကျုပ်လည်း ဘာသာပြန်ပြပါဦး"

မေးလိုက်ရာ တောက်တဲ့၏ မိခင်က. . . .

"ကျွန်မကို သူက ဆူနေတာ၊ လက္ခဏာဆရာနဲ့ အရောသိပ် မဝင်နဲ့တဲ့၊ဒီလက္ခဏာဆရာအကြောင်း ဘာသိလို့လဲတဲ့၊ သူ့ဆိုင် မှာလည်း မိန်းမတွေ တရှုန်းရှုန်းနဲ့တဲ့ သိပ်ပြီးရှုပ်တာတဲ့"

ပြောလိုက်ရာ ကျွန်ုပ်က. . . .

"ဒီကောင်လေးကတော့ ခက်တော့တာပဲ၊ ဒါ ဘာမှမဟုတ်ဘူး၊ သူ့ အမေကို လူပျိုစကား ပြောတယ်ထင်လို့ ကန့်ကွက်တာ၊ အဲဒီတော့ တစ်ဆက်တည်းပြောထားရဦးမယ်၊ လက္ခဏာဆရာ ရဲ့ မိန်းမများလုပ်ဖို့ရှိရင် သဘောထားကြီးဖို့တော့ လိုတယ် နော်၊ ဘိုင်စကုပ်မင်းသားတွေ၊ ဇာတ်မင်းသားတွေလိုပဲဗျ၊ လက္ခဏာဆရာလည်း မိန်းမတွေနဲ့ ပတ်သက်နေရတာ၊ ရှုပ် တယ်လို့လည်း ဘယ်ဟုတ်မလဲဗျာ၊ မရှင်းတာပေါ့"

ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က ရှမ်းဘာသာ စကားဖြင့် ၏ မိခင်အား ပြောပြန်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"လုပ်ပါဦးဗျ၊ တောက်တဲ့ကလေးက ဘာပြောတာလဲ၊ ကျုပ်ကို ပြန်ပြောပြပါဦး"

ကျွန်ုပ်က မေးရပြန်၏။

ထိုအခါ တောက်တဲ့၏ အမေက. . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အိမ်က လက္ခဏာဆရာကြီးဟာ ယောက်ျားတွေ
ပြောရင် မျက်နှာက တည်တည်ကြီးဗျ၊ မိန်းမတွေနဲ့ စက
ပြောရင် မျက်နှာကို ပျားရည်သုတ်ထားသလိုပဲ၊ ယောက်ျားေ
ကိုဟောရင် တိုတိုပဲ ဟောတယ်၊ မိန်းမတွေကိုဟောရင် မ
တော့ပါဘူးဗျာ၊ စကားတွေ အကြာကြီး ပြောနေတော့တာ
ဟိုတစ်နေ့က ဈေးထဲမှာ အထည်ဆိုင်ဖွင့်တဲ့ မဝင်းဆိုတဲ့ မိန်
လာတာ ကျုပ်တို့အိမ်က လက္ခဏာဆရာကြီးက ဟိုက တော်
ပြီ၊ ကျေနပ်ပါပြီ ပြောတာတောင် ပြန်မလွှတ်ဘူး၊ ဆက်
ဟောနေတယ်၊ အဲဒီတော့ အဲဒီမိန်းမက လက္ခဏာဟော
ပိုက်ဆံပေးဖို့မေ့ပြီး ပြန်ထွက်သွားတယ်၊ အဲဒီမှာ ကျုပ်
အိမ်က လက္ခဏာဆရာကြီး ပိုက်ဆံမရဘဲ ကျန်ရစ်ခဲ့တယ်
သူက ပြောနေတယ်"

ဟု တောက်တဲ့တို့ အမေက ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. . .

"ဒါက ဒီလိုရှိပါတယ် တောက်တဲ့တို့ အမေ၊ အဲဒီမိန်းမ
ကျုပ်ရဲ့ဖောက်သည်ဗျ၊ ဖောက်သည်ဆိုတော့လည်း တ
တလေ ပိုက်ဆံမယူဘဲ ဟောရတာပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့တို့ အမေက. . . .

"ကဲ ဒါတွေ ထားလိုက်ပါတော့လေ၊ ဆရာကြိုက်တဲ့ ငါးဖိန်
ကျူးမြစ်နဲ့ ချက်ထားတယ်"

ဟု ပြောလျှင် ကျွန်ုပ်က. . . .





"ငါးဖိန်းကို ကြိုက်တယ်လို့ တစ်ခါမှ မပြောမိပါလားဗျာ"

ပြောလိုက်ရာ တောက်တဲ့က ရယ်လေ၏။ ထို့နောက်. . . .

"အမေ မှားနေပြီ၊ ငါးဖိန်းကို ကြိုက်တယ်ပြောတာ ဒီဆရာ
မဟုတ်ဘူး၊ အရင်ဒီနေရာမှာ ငှားနေတဲ့ လူကြီးပြောတာ"

တောက်တဲ့က ဝင်၍ ပြောလိုက်လေ၏။ ထိုအခါကျမှပင် တောက်တဲ့
အမေမှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။ ကျွန်ုပ်ကလည်း

"ခင်ဗျားကလည်း ရှေ့လူနဲ့ နောက်လူ မှားကုန်ပြီကိုး"

နောက်လိုက်လေ၏။ ထမင်းစားချိန်သို့ ရောက်သောအခါ၌ ကျွန်ုပ်
ည် ကျူးမြစ်နှင့် ငါးဖိန်းကို မြိန်ယှက်စွာ စားနေလေ၏။ ထိုအခါ
ာက်တဲ့တို့ အမေက. . . .

"ငါးဖိန်းကြိုက်သလား"

မေးလေ၏။ ကျွန်ုပ်ကလည်း. . .

"ငါးဖိန်းကို ဒီလောက်မကြိုက်ပါဘူး၊ငါးဖိန်းချက်တဲ့ လူကိုတော့
နည်းနည်းကြိုက်သလိုပဲ"

ပြောလိုက်ရာ တောက်တဲ့တို့ အမေက. . . .

"အဲဒါ ကျွန်မချက်တာ မဟုတ်ဘူး၊ တစ်အိမ်ကျော်က မုဆိုးမ
ကြီး အိမ်ကိုလာလည်ရင်း ဝင်ချက်သွားတာ"

ပြောလိုက်ရာ တောက်တဲ့က. . . .

"အပေါက်ကျွံရင် နှုတ်လို့ရတယ် အစ်ကိုကြီး၊ စကားကျွံရင်
နှုတ်လို့မရဘူး၊ အစ်ကိုကြီး အခု ဘယ်လို ပြန်ထွက်မလဲ"

စလျှင် ကျွန်ုပ်တို့၏ ထမင်းဝိုင်းလေးသည် ပျော်ရွှင်စွာ အဆုံးသတ်
းလေ၏။ ထို့နောက် တောက်တဲ့ကပင်. . . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးရယ် ငါးဖိန်းအကြောင်းထားပါ။ ၅ ဂဏန်း အကြောင်း ကျွန်တော့်ကို ပြောပြပါဦး"

ဟု ပူဆာလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ပြောရလေတော့၏။

"ဒီလို တောက်တဲ့ရဲ့ ၅ ဂဏန်းသမားဆိုတာ အားလုံးထဲမှာ အရေးကြီးဆုံးဂဏန်းကွ၊ တို့လူသားတွေ ဂဏန်းသင်္ချာ စတတ်တာ ၅ ဂဏန်းအထိပဲကွ၊ ဘာကြောင့်လဲဆိုတော့ လက်ငါးချောင်းပဲ ရှိတာကိုး၊ ရောမလို ၅ ဂဏန်းကို အင်္ဂလိပ်လို ဗွီ(လ)ပုံသဏ္ဌာန် ရေးကယ်ကွ၊ အဲဒါ ဘာကြောင့်ရေးသလဲဆိုတော့ လက်ငါးချောင်း ထောင်ပြထားတဲ့ ဂဏန်းကို လက်သန်းနဲ့ လက်မကို ထောင်ပြထားတဲ့ သဘောပဲကွ၊ အဲဒါကြောင့် ရှေးကလူ ကလေးခြောက်ယောက်ရှိတာ ပြောပါဆို မပြောတတ်ကြဘူး၊ အဲဒါကြောင့် ဗွီပုံသဏ္ဌာန်ဘေးက တစ်ပုံသဏ္ဌာန်ဆွဲတာပေါ့ကွာ၊ငါတို့ လူသားတွေဟာ သင်္ချာဘက်မှာ ၅ ဂဏန်းပဲ ရေတွက်တတ် သေးတဲ့အခါမှာ ပြဒါးကိုတော့ တွေ့ရှိပြီး အသုံးပြုနေပြီ၊ ဒါကြောင့် လောကီပညာရှင်တွေဟာ ၅ ဂဏန်းကို ပြဒါးနဲ့တွဲပြီး မှတ်ထားတယ်၊ ပြဒါးဟာ အပူအအေးပေါ်မှာ မူတည်ပြီး အတက်အကျမြန်တဲ့ အရာတစ်မျိုး ဖြစ်တယ်ကွ၊ ဒါကြောင့် အင်္ဂလိပ် ၅ ရက်နေ့ မွေးတဲ့သူတွေကို စိတ်လှုပ်ရှားမှုမြန်တယ်လို့ ပြောတာပေါ့ကွာ၊ပြီးတော့ ပြဒါးဟာသတ္တုအားလုံးရဲ့ အခြေခံဖြစ်တဲ့အတွက် အင်္ဂလိပ် (၅-၁၄-၂၃)နေ့မှာ မွေးတဲ့သူတွေဟာ အလွန့်ကို လာဘ်ရွှင်တတ်တယ်ကွ၊ ၅ ဂဏန်းရဲ့





သဘောပေါ့ကွာ၊ဒါပေမဲ့ ဒီလူတွေဟာ အကြောတက်တဲ့ ရောဂါတော့ ဖြစ်တတ်တယ်ကွ၊ တစ်ခါတုန်းက ငါရထားစီးသွားရင်း ငါ့ရှေ့က မိန်းမတစ်ယောက် ဇက်ကြောတက်နေတာ တွေ့ရတော့ 'အင်္ဂလိပ်ရက် (၅-၁၄-၂၃) မွေးတာပါလား' လို့ မေးတယ်၊ အဲဒီမိန်းမက 'တော်လှချည်လားရှင်၊ အင်္ဂလိပ်ရက် (၅) ရက်မှာ မွေးပါတယ်၊ရှင် ဘာကိုကြည့်ပြောတာလဲ'လို့ မေးတယ်၊ အဲဒီတော့ ငါက 'ကျုပ်က ဗေဒင်ဆရာဗျ၊ ခင်ဗျားဟာ အရွယ်နဲ့ မလိုက်အောင် ဇက်ကြောတက်နေတာကို တွေ့ရလို့ ၅ ဂဏန်း သမားဖြစ်မယ်လို့ ပြောနိုင်တာ'၊ အဲဒီတော့ အဲဒီမိန်းမက 'ကျွန်မ အဲဒီပညာကို အထင်မကြီးဘူးရှင့်၊ အခု ရှင်နဲ့တွေ့တော့လည်း ဒီပညာဟာ ဟုတ်သလိုလိုပဲ' လို့ ပြောရှာတယ်၊အဲဒီတော့ မွေးခု၊ မွေးလ၊ မွေးရက်မှာ ၅ ဂဏန်းတစ်လုံးပါရင် အဲဒီလူဟာ ဇက်ကြောတက်မယ်၊ ငွေအရှုလွယ်မယ်၊ စိတ်အတက်အကျ မြန်မယ်ပေါ့ကွာ၊ ပြီးတော့ ၅ ဂဏန်းသမားဟာ အလွန်ကို လွတ်လွတ်လပ်လပ် နေလေ့ရှိတယ်၊ ချုပ်ချယ်တာ မကြိုက်ဘူး၊ ပြီးတော့ ၅ ဂဏန်း တစ်လုံးပါသူတွေဟာ အိမ်တွင်းရေး အဆင်မပြေတတ်ဘူး၊ ပြီးတော့ ၅ ဂဏန်း တစ်လုံးပိုင်ရှင်တွေဟာ သူများတွေရဲ့ အခက်အခဲတွေကိုတော့ ဖြေရှင်းတတ်ပေမယ့် သူကိုယ်တိုင်ရဲ့ အခက်အခဲကိုတော့ လုံးဝမဖြေရှင်းတတ်ဘူး"

ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးရယ်၊အခုပြောတာတွေတော့ ကျွန်တော် ရေးထားမှဖြစ်မယ်၊ ကြာရင် မေ့သွားမယ်"

ဟု ဆိုကာ မှတ်စုစာအုပ်ကိုယူ၍ လိုက်လံရေးမှတ်ထားလိုက်လေ၏။

"ပြီးတော့ မင်းကို ငါ ပြောရဦးမယ်၊ ဥပမာကွာ ခုနှစ်က (၁၉၃၇-၅-၁၅) ဒီအတိုင်းဖြစ်တယ် ဆိုပါတော့ကွာ၊ ဒီခုနှစ်မှာ ကြည့်ရင် ၅ ဂဏန်းနှစ်လုံး ပါနေတယ်၊ ၅ ဂဏန်းနှစ်လုံး ပိုင်ရှင်က ဘယ်လိုဖြစ်သလဲဆိုတော့ ၅ ဂဏန်း တစ်လုံးပိုင်ရှင်ရဲ့ အာနိသင်တွေ အကုန်လုံး ပိုင်ဆိုင်တယ်၊ ဒါပေမဲ့ သူက တစ်ခုပိုတာ ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ လောင်းကစား၊ ဆေး၊ အရက် တစ်ခုခု စွဲနေတတ်တယ်၊ ပြီးတော့ ဒီလူတွေက မဟာရားလွတ်လပ်ချင်တာ၊ အဲဒီတော့ လွတ်လပ်တယ်ဆိုတဲ့ စကားလုံးနဲ့တောင် မကိုက်ညီတော့ဘူး၊ ထိန်းသိမ်းလို့မရတဲ့ စာရင်းထဲကိုတောင် ထည့်ရမယ်၊ သူများထိန်းလို့လည်း မရဘူး၊ ကိုယ့်ကိုယ်ကိုယ်ထိန်းမှ ရမယ်ဆိုတော့ တစ်ခုသတိပေးချင်တယ်၊ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံးထိန်းပါလို့ပဲ ပြောချင်တယ်၊ မထိန်းရင်တော့ ဒုက္ခတွေ့တတ်တယ်၊ ပြောလက်စနဲ့ ပြောရဦးမယ်၊ စောစောက ရထားပေါ်မှာ ဇက်ကြောတက်နေ





တဲ့ မိန်းမကို ၅ ဂဏန်းသမားလို့ ပြောလိုက်တယ်၊ ပြီးတော့ သူ့ခုနှစ်ကို မေးကြည့်လိုက်တော့ သူ့ခုနှစ်မှာ ၅ ဂဏန်း တစ်လုံး ပါနေတယ်၊ အဲဒီတော့ ငါက စီးကရက် သောက်ပါဦး"

လို့ စီးကရက်ထုတ်ပေးလိုက်တော့ သူ့ပိုက်ဆံအိတ်ထဲက မီးခြစ်ကို ထုတ်ပြီး ဆေးလိပ်ကို မီးညှိသောက်လိုက်တယ်၊ အဲဒီမိန်းမဟာ ဆေးလိပ်လည်း စွဲနေတယ်၊ ပြီးတော့ လောင်းကစားလုပ်တယ်ဆိုတာလည်း သိရတယ်၊ အဲဒီတော့ ငါက သူ့ကို စေတနာကောင်းနဲ့. . . .

"အဲဒီတော့ ဒီမှာ [illegible]တာကြီး ၅ ဂဏန်းနှစ်လုံးဟာ လောင်းကစားတို့၊ဆေးလိပ်တို့၊အရက်တို့ စွဲတတ်တယ်ဗျာ၊ ဒါကြောင့် အတတ်နိုင်ဆုံး ထိန်းပါ"

လို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ အဲဒီမိန်းမက. . . .

"ကျွန်မ ထိန်းပါတယ်၊ လောင်းကစားရော၊ ဆေးလိပ်ရော ပြတ်မသွားအောင် ထိန်းထားပါတယ်လို့ ရွတ်နောက်နောက် ပြန်ဖြေရင်း ငါ့ရဲ့အကြံပေးချက်ကို သရော်လိုက်တယ်၊ အဲဒီတော့ ငါက စိတ်ထဲကနေ ကျိန်ဆဲလိုက်တယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်၏တပည့် တောက်တဲ့ကလေးက. . . .

"အစ်ကိုကြီးက ဘယ်လိုကျိန်ဆဲလိုက်တာလဲ"

ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကျိန်ဆဲလိုက်တာက ပြောရဦးမယ်၊ တနင်္ဂနွေသား ဗေဒင်ဆရာနဲ့ ညားပါစေလို့ ကျိန်ဆဲလိုက်တာပေါ့"

ဖြေလိုက်ရာ. . . . .

တောက်တဲ့ကလေးက. . . .

"အစ်ကိုကြီး ကျိန်ဆဲတာက လိပ်လို ကျိန်ဆဲတာပဲ၊ ကိုယ့်ဘက်ကိုယ်ယက်ပြီး ကျိန်ဆဲတာပဲ"

ဟု ပြောသဖြင့် ကျွန်ုပ်သည်ရယ်ရသေးတော့၏။ထို့နောက် တောက်တဲ့က

"အစ်ကိုကြီးရယ် ၅ ဂဏန်းတစ်လုံးပါတာရယ်၊ နှစ်လုံးပါတာရယ်ကို သိပါပြီ၊ ကျန်တာတွေကို ပြောပါဦး"

ဟု မေးလေ၏။

"ဒီလို တောက်တဲ့ရဲ့ (၁၉၃၅-၅-၁၅) ရက်ဆိုတဲ့ ခုနှစ်မျိုးဟာ ၅ ဂဏန်း ၃ လုံး ပါတာပေါ့ကွာ၊ပြီးတော့(၁၉၅၅-၅-၂၅) ဆိုတဲ့ ဟာကျတော့ ၅ ဂဏန်းသမား ၄ လုံး ပါတာပေါ့ကွာ၊ ၅ ဂဏန်း သုံးလုံးကနေ အထက်ကို အဟောကတစ်မျိုးတည်းပဲကွ၊ အဲဒီဂဏန်းတွေကလည်း ၅ ဂဏန်းတစ်လုံးမှာပါတဲ့ အာနိသင်တွေ အကုန်ပါတာပဲကွ၊ ၃ လုံးကနေ အထက်ကိုပါတဲ့ သူတွေကတော့ အချစ်ရေးမှာစွန့်စားလေ့ရှိတယ်၊ ပတ်ဝန်းကျင်က သဘောကျတာ မကျတာ ဂရုမစိုက်ဘူး၊ ကိုယ့်သဘောနဲ့





ကိုယ်ဆုံးဖြတ်ပြီး အိမ်ထောင်ပြုတတ်ကြတယ်၊ သူဌေးသမီးဒရိုင်ဘာနဲ့ လိုက်သွားတယ်ဆိုတာ ဒီလိုမျိုးတွေပေါ့ကွာ၊ သူဌေးသား အိမ်ဖော်နဲ့ လိုက်ပြေးသွားတယ်ဆိုတာ ဒီလိုဟာမျိုးပေါ့ကွာ၊ လူတိုင်းကိုလည်း မဆိုလိုပါဘူး၊ အဲဒါကို ထိန်းသိမ်းသွားမယ် ဆိုရင်တော့ အဲဒီဂဏန်းပိုင်ရှင်တွေဟာ တကယ့်ကိုအောင်မြင်ကျော်ကြားသူတွေ၊ ကြွယ်ဝချမ်းသာသူတွေ၊ ဂုဏ်ဒြပ် ကြီးမားသူတွေ မုချဖြစ်လိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့ကလေးက. . . .


"အစ်ကိုကြီးရဲ့ မွေးသက္ကရာဇ်မှာ ၅ ဂဏန်း တစ်လုံးပါတယ် မဟုတ်လား၊ အင်္ဂလိပ် ၂၅ ရက် မွေးထားတာဆိုတော့ ထိန်းသိမ်းပါ အစ်ကိုကြီးရယ်"

ဟု ပြောသဖြင့် ကျွန်ုပ်သည် သူ၏ခေါင်းကို ဒေါက်ခနဲနေအောင် ခေါက်လိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

ကျွန်ုပ်သည် ညနေပိုင်းသို့ရောက်သောအခါ၌ ကျွန်ုပ်၏ ပေဒင်လက္ခဏာဆိုင်လေးကို သိမ်းလိုက်၏။ ထို့နောက် ကျွန်ုပ်၏တပည့်တောက်တဲ့ဆိုသော ကောင်ကလေးအား ခေါ်ယူ၍ အိမ်သို့ပြန်လာလေ၏။ ဈေးအနီးသို့ ရောက်သောအခါ၌ ကျွန်ုပ်သည် ကော်ဖီမှုန့်၊ ကြံသကာစသည်များကို ဝယ်ယူရလေ၏။ ကျွန်ုပ်သည် တောင်ကြီးမြို့၌နေစဉ်အတွင်း ကြံသကာဖြင့်ဖျော်သော ကော်ဖီကြမ်းကိုသာ သောက်၏။ ထို့ကြောင့် ကျွန်ုပ်၏ တပည့်တောက်တဲ့ဆိုသော ကောင်ကလေးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးက ကော်ဖီသိပ်ကြိုက်တာပဲနော်"

ဟု ပြော၏။

"မဟုတ်ပါဘူး တောက်တဲ့ရယ်၊ ငါက လက်ဖက်ရည် ကြိုက်တာပါ၊ လက်ဖက်ရည်မသောက်နိုင်တဲ့အခါမှာ ကော်ဖီသောက်ရတာပေါ့၊ ကော်ဖီတောင် နို့ဆီတွေ ဘာတွေ မထည့်နိုင်ဘူး၊ ကော်ဖီကြမ်းပဲ သောက်ရတာဟေ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးရယ် ချမ်းတဲ့အခါမှာ ပူပူနွေးနွေးလေး သောက်ရတော့ အရသာရှိတာပေါ့"

ဟု တောက်တဲ့က ပြောလေ၏။

ဤသို့လျှင် စကားတပြောပြောနှင့် ပြန်ခဲ့ရာ အိမ်သို့ရောက်ရှိခဲ့ကြလေ၏။ အိမ်သို့ရောက်လျှင်ရောက်ချင်း တောက်တဲ့တို့ အမေက

"ခဏတဖြုတ် အမောဖြေပြီးတာနဲ့ ထမင်းစားမယ်"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က. . . .

"အကောင်းဆုံး အစီစဉ်ပါပဲ တောက်တဲ့တို့အမေ၊ ကျုပ်တို့လည်း ဆာလာတာနဲ့ အတော်ပဲ"

ဟု ကျွန်ုပ်က ပြန်၍ပြောလေ၏။ ထို့နောက် တောက်တဲ့တို့အမေသည် ကျွန်ုပ်နှင့် တောက်တဲ့အား ထမင်းကျွေးလေ၏။ ဝက်သားဟင်း၊ ဘူးသီးဟင်းခါး၊ ရှောက်သီးသုပ် စသည်တို့ဖြင့် စားသောက်ရသောကြောင့် လွန်စွာမြိန်ယှက်လေ၏။ ထမင်းစားပြီးလျှင် တောက်တဲ့တို့အမေသည်





ကျွန်ုပ်အနီးသို့လာ၍ ရေနွေးကရား ချပေးလေ၏။ လက်ဖက်ခြောက်ကို လှော်၍ စစ်ထားသောရေနွေးမှာ သောက်၍ကောင်းလှလေ၏။ သို့ရာတွင် ရေမှာထုံးဓာတ်အနည်းငယ်ပါ၍ ဆားအနည်းငယ်ခတ်ပြီး သောက်ရ၏။ တောက်တဲ့သည် ရေနွေးကြမ်းကို တစ်ပန်းကန်ပြီး တစ်ပန်းကန် မှုတ်၍သောက်နေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"ဟေ့ကောင် သောက်လှချည်လား"

ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"ချမ်းတယ် အစ်ကိုကြီးရဲ့၊ ချမ်းလို့သောက်တာ"

ဟု ပြောလေ၏။

"အေးကွ မင်းပြောတာ ဟုတ်တယ်၊ ဒီနေ့ည ပိုပြီးချမ်းလိမ့်မယ် ထင်တယ်ကွ၊ အဲဒီတော့ မီးဖိုလုပ်ကွာ၊ မင်းနဲ့ ငါနဲ့ မီးလှုံရင်း စာဖတ်ကြရအောင်"

ဟု ပြောရာ တောက်တဲ့က. . . .

"စာမဖတ်ပါနဲ့ဦး အစ်ကိုကြီးရယ်၊ ကျွန်တော့်ကို ဂဏန်းအကြောင်း ပြောပြပါဦး"

ဟုပြောလေ၏။ ထို့နောက် တောက်တဲ့သည် လက်ဆွဲ မီးဖိုကြီးတစ်ခုတွင် မီးသွေးများထည့်၍ မီးဖိုလေတော့၏။ ပြီးလျှင် ထိုမီးဖိုအား ကျွန်ုပ်အနီးသို့လာ၍ ချပေး၏။ ကျွန်ုပ်သည် အေးစက်နေသော ကျွန်ုပ်၏ လက်များကို မီးပြလေ၏။ ထိုသို့ မီးပြရင်း. . . .

"၆ ဂဏန်းဆိုတာ ဗီးနပ်ဆိုတဲ့ သောကြာဂြိုလ်နဲ့ ပတ်သက်တယ်ကွ၊ ဒီဂဏန်းဟာ 'လဝ' လို့ခေါ်တယ်၊ ချစ်ခြင်းမေတ္တာရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းပဲကွ၊ ပြီးတော့ ၆ ဂဏန်းဟာ အရောင်အားဖြင့် အပြာရောင်နဲ့ ဆိုင်တယ်၊ ဒုက္ခပေးတဲ့ဂဏန်းတော့ မဟုတ်ဘူးပေါ့၊ ကောင်းကျိုးချမ်းသာပေးတဲ့ ဂဏန်းပဲ၊ ဒါပေမဲ့ ၆ ဂဏန်းသမားဟာ အဆွေးသမားတွေ များတယ်ကွ၊ ၆ ဂဏန်းသမားတွေဟာ နှလုံးသားခံစားမှုတွေနဲ့ ပြည့်နှက်နေတယ်၊ အလွမ်းသမားတွေပေါ့ကွာ၊ ယူဖရိးနဲ့ တိုက်ဂရိး ရေလက်ကြားနားမှာ တောအုပ်ကြီးတစ်ခု ရှိခဲ့တယ်၊ အဲဒီတောအုပ်ကြီးထဲကို ပင်လယ် ရေမြှုပ်ကနေပြီး ဖြစ်လာတဲ့ မိန်းကလေး တစ်ယောက်ဟာ ပင်လယ်ရေနဲ့အတူ ရောပြီးပါလာတယ်၊ သူဟာ အဲဒီတောအုပ်ကြီးထဲမှာ နေတယ်ကွ၊ သိပ်ပြီးလှတာပဲ၊ သူ့နာမည်က ဗီးနပ် တဲ့၊ တစ်နေ့မှာ အင်္ဂလိပ် စစ်နက်သားဟာ မိဒ္ဒူးဆား ဆိုတဲ့ ထူးဆန်းသော လူတစ်ယောက်ကို နှိမ်နင်းဖို့ ကောင်းကင်က သက်ဆင်းလာတာ အဲဒီတောအုပ်ကြီးထဲ ဆင်းမိရော ဆိုပါတော့ကွာ၊ အဲဒီတောအုပ်ကြီးထဲရောက်ရော စောစောက ဗီးနပ်ကိုတွေ့တော့ သူက မယားအဖြစ် သိမ်းပိုက်လိုက်တယ်၊ ပြီးတော့ အင်္ဂလိပ်နတ်သားဟာ မိဒ္ဒူးဆား ကိုသွားပြီး နှိမ်နင်းတယ်။

မိဒ္ဒူးဆားဆိုတာလည်း အတော်ထူးဆန်းတယ်၊ ခန္ဓာကိုယ်က လူပဲကွ၊ ဒါပေမဲ့ ခေါင်းမှာဆံပင်မပေါက်ဘဲ မြွေတွေပေါက်နေတယ်၊ အဲဒီ မိဒ္ဒူးဆား မျက်စောင်းထိုးလိုက်ရင် မျက်စောင်းထိုးခံ





ရတဲ့ နေရာဟာ မီးလောင်ပြာကျသွားတယ်၊ အဲဒီတော့ အင်္ဂလိပ်နတ်သားဟာ မိဒ္ဒူးဆား အိပ်တဲ့အချိန်ကိုစောင့်ပြီး ခေါင်းဖြတ်လိုက်တယ်၊ ပြီးတော့ အဲဒီခေါင်းကို ယူပြီး ကောင်းကင်ကို ပျံတက်သွားတယ်၊ အကြောင်းကတော့ သူ့ဖခင်ကို ဒီခေါင်းကြီးသွားဆက်သဖို့ပဲ၊ အဲဒီအချိန်မှာ တောအုပ်ကြီးထဲမှာ ကျန်ခဲ့တဲ့ ဗီးနပ်မှာ အင်္ဂလိပ်နတ်သားနဲ့ရတဲ့ ကိုယ်ဝန်က ကလေးမွေးတဲ့ အခါမှာ အဲဒီကလေးရဲ့နာမည်က ကျူပစ်တဲ့ကွ၊ မင်း ပုံတွေဘာတွေထဲတွေ့ဖူးတဲ့ မြားနတ်မောင်လေးပေါ့ကွ၊ အဲဒီကျူပစ်လေးဟာ အချစ်နတ်သားလေးကွ၊ သူက မြားကိုပစ်ရင် နှစ်ချောင်း တစ်ပြိုင်နက်တည်း ပစ်တယ်၊ ပစ်ရင် ဘက်လိုက်မိမှာစိုးလို့ မျက်စိကိုပဝါစည်းပြီး မြားနှစ်ချောင်းကို ပစ်လိုက်တယ်ကွ၊ သူ့အမေနဖူးကို တစ်ချောင်းမှန်တယ်၊ ကျန်တဲ့တစ်ချောင်းက တောအုပ်ထဲမှာ ခြသေ့်လာဖမ်းတဲ့ မုဆိုးကို တစ်ချောင်းမှန်တယ်ကွ၊ အဲဒါကြောင့် မုဆိုးနဲ့ ဗီးနပ်ဟာ မေတ္တာမျှသွား ကြတယ်ကွ၊ အဲဒါကိုသိတဲ့ အင်္ဂလိပ်နတ်သားဟာ ကောင်းကင်က ဆင်းသက်လာပြီး ဗီးနပ်နဲ့ မုဆိုးကို ခွဲပစ်လိုက်တယ်ကွ၊ အဲဒီအခါ ဗီးနပ်ဟာ ချစ်သူမုဆိုးနဲ့ကွဲရတဲ့အတွက် အသည်းနှလုံးတွေ အက်ကုန်တာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဗီးနပ်ဟာ လင်ငယ်ထားတာပေါ့"

ဟုပြောလေ၏။

"လင်ငယ်ထားတယ်လို့ မပြောပါနဲ့ကွာ၊ အဲဒီလိုပြောတော့ ရိုင်း
တာပေါ့၊ အချစ်ဟောင်း ကုန်ဆုံးလို့ အချစ်သစ် အစားထိုးတယ်
လို့ ပြောပါ၊ လောကကြီးမှာ အရာဝတ္ထုတိုင်းဟာ အဟောင်း
တွေ ကုန်ဆုံးလို့ အသစ်တွေ အစားထိုးတဲ့ သဘောရှိတယ်
အဲဒါဟာ အနုပဋ္ဌိလောမ သဘောပဲကွ၊ အခုလည်း ဗီးနပ်ဟာ
အချစ်ဟောင်းကုန်ဆုံးပြီး အချစ်သစ် အစားထိုးတယ်ဆိုတော့
အချစ်အနုပဋ္ဌိလောမပေါ့ကွာ"

ဟု ပြောလိုက်ရာ တောက်တဲ့က ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက်. . .

"အဲဒီတော့ ဘာဖြစ်လဲ အစ်ကိုကြီးရာ၊ တိုတိုပဲ ပြောပါ"

ဟု တောက်တဲ့က ပြောလေ၏။

"တိုတိုပဲ ပြောရရင်တော့ အဲဒီဗီးနပ်ကို အင်္ဂါဂြိုလ်နတ်သားက
သတ်ပစ်လိုက်တယ်ကွ၊ ပြီးတော့ သောကြာဂြိုဟ်အဖြ
သတ်မှတ်ပေးလိုက်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ တောက်တဲ့သည် ကျွန်ုပ်၏ စကားအဆုံ
၌ ရယ်ပြန်လေ၏။

"အစ်ကိုကြီးကတော့ဗျာ လင်ငယ်နေတာကိုများ အချ
အနုပဋ္ဌိလော မဖြစ်အောင် ပြောတယ်"

ဟု တောက်တဲ့က ပြောလေ၏။





"အေး. . . . ထားလိုက်ကွာ၊ ၆ ဂဏန်းအကြောင်း ပြောရဦး
မယ်၊ ဥပမာ (၁၉၄၆-၄-၁၂) ဆိုတဲ့ ခုနှစ်မှာ ၆ ဂဏန်း
တစ်လုံးပဲပါတာ တွေ့ရမယ်၊ ၆ ဂဏန်း တစ်လုံးပါတဲ့လူဟာ
အိမ်နဲ့ ပတ်ဝန်းကျင်ကို ချစ်ခင်တယ်၊ မိသားစုဘဝကို ခင်တွယ်
တယ်၊ ပြီးတော့ သားသမီးကို ချစ်ခင်တယ်၊ ဒါကြောင့် သူဟာ
မိဘကောင်းဖြစ်တတ်တယ်၊တစ်ကိုယ်ရေတစ်ကာယ တစ်ကောင်
ကြွက် ဖြစ်သွားမှာကို သိပ်ပြီး စိုးရိမ်တယ်၊ သူ့ရဲ့ အကြီးမားဆုံး
အားနည်းချက်ဟာ အဲဒါပဲကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"အစ်ကိုကြီးက ဇွန်လမွေးထားတာဆိုတော့ အစ်ကိုကြီးရဲ့
မွေးသက္ကရာဇ်မှာ ၆ ဂဏန်းတစ်လုံးပါနေတယ်"

ဟု ပြောလိုက်လျှင်

"ဒါကြောင့် ငါ ကလေးချစ်တတ်တာပေါ့ကွ၊ အေး. . . ပြီးတော့
ကလေးအမေကိုလည်း ချစ်တတ်တယ်ကွ၊ဟေ့. . . တောက်တဲ့
မင်းကို ငါချစ်တယ်ကွာ"

ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"အစ်ကိုကြီးစကားက ဒီမှာတင်ရပ်ရင် ကောင်းမယ်ထင်တယ်"

ဟု ပြောလိုက်၏။

"ကဲပါကွာ၊ မင်းက ရပ်ဆိုရင်လည်း ရပ်ရတာပေါ့၊ နောက်
တစ်ခု ပြောဦးမယ်ကွ၊ မွေးသက္ကရာဇ်တစ်ခုကို ထပ်ပြီးနား



www.burmeseclassic.com

www.burmeseclassic.com



ယောင်ဦး၊ (၁၉၂၆-၉-၆) ဆိုတဲ့ မွေးသက္ကရာဇ်ကို ကြည့်ရ
၆ ဂဏန်း နှစ်လုံးပါနေတာကို တွေ့ရမယ်၊ ၆ ဂဏန်း နှစ်လ
ပိုင်ရှင်တွေဟာ များသောအားဖြင့် မိသားစုထဲမှာတော့ မ
သောအားဖြင့် အံဝင်ခွင်ကျ မဖြစ်တတ်ဘူးကွ၊ တစ်ဖ
စောင်းနင်း ဖြစ်တတ်တယ်၊ သားသမီးကို အလကားနေရ
ချုပ်ချယ်တဲ့ ဖခင်တို့၊ တူ့တူမတွေကို မြည်တွန်တောက်တ
နေတဲ့ ကြီးဒေါ်တို့ဟာ ၆ ဂဏန်း နှစ်လုံးပိုင်ရှင်တွေ ဖြ
တတ်တယ်၊ အချစ်လွန်လို့ဖြစ်တဲ့ ကိစ္စတွေပေါ့ကွာ၊မိမိချစ်သူ
စိတ်မပျက်တဲ့သူတွေ သဝန်တိုတဲ့သူတွေဟာလည်း များသောအ
ဖြင့် ၆ ဂဏန်းနှစ်လုံးသမားတွေကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"၆ ဂဏန်း နှစ်လုံးကို နားလည်ပြီ အစ်ကိုကြီး ၆ ဂဏ
သုံးလုံးကို ပြောပေတော့"

ဟု ပြောလေ၏။

"ဒီလို တောက်တဲ့ရဲ့၊ ၆ ဂဏန်း ၃ လုံး၊ ၆-ဂဏန်း ၄လုံး
ဂဏန်း ၅ လုံးနှစ်လုံးထက် ပိုတဲ့ဟာတွေဟာ သဘာဝ အတ
ပဲကွ၊ ဥပမာ မွေးသက္ကရာဇ်တစ်ခုကိုပြမယ်။
(၁၉၁၆-၆-၆) ဒီမွေးသက္ကရာဇ်ကို ကြည့်ရင် ၆ ဂဏန်း သုံး





ပါတာ တွေ့ရမယ်၊ နောက်မွေးသက္ကရာဇ်တစ်ခုကို ပြဦးမယ်၊ (၁၉၆၆-၆-၆) ဒီမွေးသက္ကရာဇ်ကို ကြည့်ရင် ၆ ဂဏန်း ၄ လုံးပါတာ တွေ့ရမယ်၊ အဲဒီတော့ သူတို့ကို ၆ ဂဏန်းသမား အများအပြား ပိုင်ရှင်တွေဟာများသောအားဖြင့် အဆိုးမြင်သမားတွေ ဖြစ်တယ်၊ သူတစ်ပါးအတွက်ရော မိမိကိုယ်တိုင်အတွက်ရော အဆိုးမြင်လေ့ရှိတယ်၊ ပြီးတော့ အိမ်တွင်းရေး မသာယာတတ်ဘူး၊ ဝါသနာကလည်း တစ်ခုတည်းမဟုတ်ဘူး၊ အမျိုးမျိုးအဖုံဖုံ ဝါသနာပါတတ်တယ်၊၆ ဂဏန်း အများအပြား ပိုင်တဲ့ ပိုင်ရှင်ဟာ တစ်ခုခုကို စွဲစွဲမြဲမြဲလုပ်မှ ကြီးပွားတယ်ကွ၊ ငါးပွက်ရာ ငါးစာချလို့ မကြီးပွားဘူး"

ကျွန်ုပ်က ပြောလိုက်လေ၏။

တောက်တဲ့သည် ကျွန်ုပ်ပြောသမျှကို လိုက်လံ မှတ်သားနေလေတော့၏။ ထိုသို့ မှတ်သားပြီးနောက်. . . .

"အစ်ကိုကြီးရဲ့ မိတ်ဆွေထဲမှာ အဲဒီလို ၆ ဂဏန်း အများအပြား ပိုင်ရှင် ရှိသလား"

မေးလိုက်လေ၏။

"ရှိတယ်ကွ၊ ငါနဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ဟာ ၆ ဂဏန်းသုံးလုံးပိုင်ရှင်ပဲ၊ သူဟာ (၁၉၄၆-၆-၁၆)မှာ



www.burmeseclassic.com

www.burmeseclassic.com



မွေးတယ်ကွ၊ သူ့ရဲ့ ထူးခြားချက်တော့ ခုနက ငါပြောတဲ့ အချက်အလက်တွေလည်း အပါအဝင် ရည်းစားအများကြီး ထားတာတစ်ခုသူက ပိုတယ်ကွ၊ နောက်ပြီးတော့ အမေနဲ့ အတူ တနင်္ဂနွေနေ့မှာ ဘုရားရှိခိုးကျောင်းတက်ပြီး ဥပုသ်နေ့ မှာ အဖေနဲ့အတူ ရွှေတိဂုံဘုရားသွားနေတာ တွေ့ရတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"မှတ်မိပါပြီ အစ်ကိုကြီး"

ဟု ပြန်၍ ပြောလေ၏။

ထို့နောက် ကျွန်ုပ်နှင့် တောက်တဲ့သည် မီးဖိုကလေးနံဘေးတွင် ခွေခွေလေး အိပ်စက်ကြလေတော့၏။ နံနက်မိုးလင်းသောအခါ တောက်တဲ့တို့ အမေသည် ကျွန်ုပ်အနီးသို့ ရောက်လာပြီးလျှင်. . .

"ထကြွတော့ ၅ နာရီတောင်ခွဲပြီ၊ ဒီဆရာတပည့် သိပ်အိပ်ကြ တာကို"

ဟု ပြောလျှင် ကျွန်ုပ်သည် မျက်လုံးကို ဖျက်ခနဲ ဖွင့်ကြည့်လိုက်ရာ ဘေးတွင် ,တောက်တဲ့က ခွေခွေကလေး အိပ်နေသည်ကို တွေ့ရ ထို့ကြောင့် ကျွန်ုပ်က တောက်တဲ့တို့ အမေအား. . . .

"ဆရာတပည့်လား၊ သားအဖလား"

ဟု ခပ်တိုးတိုးမေးလိုက်ရာ တောက်တဲ့တို့ အမေက. . . .

"တောက်တဲ့ကို နှိုးပြီး မေးကြည့်ပါလား"

ဟု ပြောလေ၏။ထိုအခါ၌ အိပ်ချင်ယောင်ဆောင်နေသော တောက်တဲ့





"ဆရာတပည့်ဟာ ဆရာတပည့်ပေါ့၊ ဘယ်လိုလုပ် သားအဖ ဖြစ်ရမှာတုံး၊ကျွန်တော့်အဖေက သေပြီလေ၊ အမေ နောက်ယူ တဲ့ ယောက်ျားက ပထွေးပဲ ဖြစ်ရမှာပေ့ါ၊ အဖေ ဘယ်ဖြစ်မလဲ၊ ကျွန်တော် ကြားဖူးတာကတော့ မိထွေးတော်ဂေါတမီပဲ ကြား ဖူးတယ်၊ ပထွေးတော် ဂေါတမီလို့ မကြားဖူးဘူး၊ အဲဒီတော့ အစ်ကိုကြီး ဘာမှစကားရှည်မနေနဲ့၊ ကဲ. . . . ထ မျက်နှာသစ် ပြီးရင် ဆိုင်သွားမယ်"

ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .


"တောက်တဲ့တို့ အမေရေ ခင်ဗျားတော့ ဒီလိုသားမျိုးလေး မွေးထားရင် ဘယ်တော့မှ ယောက်ျားရမှာ မဟုတ်တော့ဘူး"

ပြောလိုက်ရာ တောက်တဲ့တို့ အမေက ရယ်လေ၏။ ထို့နောက် နုပ်နှင့် တောက်တဲ့တို့သည် ရေတွင်းသို့သွားကာ ရေချိုးကြလေ၏။ လျှင် တောက်တဲ့အမေ ကြော်ထားသော ထမင်းကြော်နှင့် ရေနွေး မ်းကို စားသောက်ကာ ဈေးထောင့်ရှိ ကျွန်ုပ်၏ ဆိုင်ကလေးရှိရာသို့ က်ခဲ့ကြလေတော့သတည်း။

လာဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၁၆)

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏တပည့် တောက်တဲ့ကလေးနှင့်အတူ ကျွန်ုပ်၏ ပေဒင်လက္ခဏာဆိုင်လေးသို့ ထွက်လာ၏။ ဆောင်းရာသီဥတုဖြစ်သောကြောင့် ချမ်းအေးမှုဒဏ်ကို ကျွန်ုပ်သည် အလူးအလဲ ခံနေရ၏။ ထို့ကြောင့် ကျွန်ုပ်၏တပည့် တောက်တဲ့ကလေးအား. . . .

"ချမ်းလိုက်တာ တောက်တဲ့ရာ"

ဟု ပြောရာ တောက်တဲ့ ကလေးက. . . . .

"ရှေ့နားကျရင် အစ်ကိုကြီးကို အချမ်းပြေမယ့် ကိစ္စပြောမယ်"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းဟုတ်ရင် ဟုတ်ပေါ့ကွာ၊ နောက်တီးနောက်တောက်လုပ်ရင်တော့ မင်းအမေကို ငါယူမယ်"

ဟု ပြောလိုက်ရာ တောက်တဲ့ကလေးက. . . .

"ကျွန်တော်မှားရင် ကျွန်တော့်ကို အပြစ်ပေးပေါ့ဗျာ၊ ကျွန်တော့်အမေနဲ့မဆိုင်ပါဘူး"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ဆရာတပည့် နှစ်ဦးသည် တရွေ့ရွေ့နှင့် လျှောက်သွားခဲ့ရာ ဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ရောက်လျှင် တောက်တဲ့သည် ကျွန်ုပ်အား ထိုဆိုင်၏ ဆိုင်းဘုတ်ကို လက်ညှိုးထိုးပြလေ၏။ ထို့နောက်. . . .

"အဲဒါ အချမ်းပြေမယ့် ကိစ္စပဲ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ထိုဆိုင်၏ ဆိုင်းဘုတ်ကို လှမ်းကြည့်ရာ

"မိတ်ဆိုက် ဂွမ်းပုံဆိုင်"

ဟု ရေးထားသောစာကို တွေ့ရလေ၏။ ဆိုင်အတွင်း၌လည်း ဂွမ်းကပ်များ အလိပ်လိုက် လိပ်ထားသည်ကို လည်းကောင်း၊ စုပုံထပ်ထားသည်ကို လည်းကောင်း တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"မင်းပြောတာ အမှန်ပဲ တောက်တဲ့ရေ၊ ဟောဟို ဂွမ်းကပ်အထပ်ကြီးထဲကို ဝင်ပြီးအိပ်ရရင် ကောင်းမယ်ကွာ"

ဟု ပြောလိုက်မိလေ၏။ ထို့နောက် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ ဈေးထိပ်သို့အရောက်တွင် မိန်းမဝဝကြီးတစ်ယောက်ကိုတွေ့ရလေ၏။ ကျွန်ုပ်သည် ထိုမိန်းမ ဝဝကြီး





အား လွန်သွားသည်အထိ ခေါင်းကို သမင်လည်ပြန် လှည့်၍ကြည့်တော့ တောက်တဲ့က. . . .

"အစ်ကိုကြီး ခလုတ်တိုက်မိဦးမယ်"

ဟု ပြောလေ၏။

"ဟေ့ကောင် မင်း ငါ့ကို မနောက်နဲ့ကွာ၊ အဲဒါကြီးလည်း အချမ်းပြေမယ့်ဟာပဲ"

ဟု ပြောလိုက်ရာ တောက်တဲ့က ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက်. . .

"အခု လူတွေ ပြောပြောနေတဲ့ 'ဘူး' ဆိုတာ အစ်ကိုကြီးလို လူမျိုးကို ပြောတာထင်တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. . . .

"မင်းမှားနေပြီ တောက်တဲ့၊ ငါက ဘူးမဟုတ်ဘူး၊ ပေပါကွာ"

ဟု ပြောလိုက်ရာ တောက်တဲ့က တခစ်ခစ်ရယ်လေ၏။ ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးသည် ဆက်လက်၍ လျှောက်လာခဲ့ရာ လွန်စွာကြုံလှီသော မိန်းမတစ်ဦးကို လမ်းတွင်တွေ့ရပြန်လေ၏။ ထိုမိန်းမသည် မျက်နှာ၌ အလှပြင်ထား၏။ ဝတ်ကောင်းစားလှ ဝတ်ထား၏။ သို့ရာတွင် ခန္ဓာကိုယ်မှာ လွန်စွာကြုံလှီလှ၏။ အသားအပေါ်ဆုံး နေရာဖြစ်သည့် တင်ပါးနေရာသည်ပင်လျှင် သုံးမတ်တန် ရှောက်သီးလေးတစ်လုံးမျှသာရှိ၏။ တောက်တဲ့သည် ထိုမိန်းမကို လှမ်း၍ကြည့်ပြီးနောက်. . . .

"ဒီလောက်ပိန်တဲ့ မိန်းမကြီးကိုရော အချမ်းပြေတယ်လို့ ပြောဦးမလို့လား"

ဟု ကျွန်ုပ်အား မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ တောက်တဲ့ရေ သူက ပိုပြီးအချမ်းပြေမှာ၊ သူကြည့်ရတာ မီးယပ်ကြောင့် အပူတွေကန်ပြီး ပိုပြီး အချမ်းပြေမှာ၊ ဒါပေမဲ့ကွာ စောစောကလို ဝလွန်းတဲ့မိန်းမ၊ ဒီမိန်းမလို ပိန်လွန်းတဲ့မိန်းမက အပြစ်ခြောက်ပါးက မလွတ်ဘူးကွ၊ မင်းအမေကတော့ မပိန်လွန်း မဝလွန်း မနိမ့်လွန်း မမြင့်လွန်း မဖြူလွန်း မမည်းလွန်း အပြစ်ခြောက်ပါးနဲ့ လွတ်တယ်ကွ၊ ဗေဒင်ဆရာဆိုတော့ ဒါလည်း ကြည့်ရသေးတာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"အလျင်က နောက်ပိုးရှုဆိုတဲ့ စကားကို ကျွန်တော် နားမလည်ဘူး အစ်ကိုကြီး၊အခုတော့ ကျွန်တော် သဘောပေါက်သွားပါပြီ"

ဟု ပြောလေ၏။

"တစ်ခုတော့ ရှိတယ် တောက်တဲ့ရေ၊ မင်းအမေနဲ့ ငါနဲ့ ဒီတစ်သက် မညားရင်တော့ ကိစ္စမရှိပါဘူး၊ တကယ်လို့ ညားသွားရင်တော့ မယားပါသားကို ဘယ်လိုနှိပ်စက်ရမယ်ဆိုတာ ငါ့မှာ နည်းတွေ အများကြီးပဲကွ၊ ကျမ်းစာအုပ်တစ်အုပ်လောက် ရှိတယ်၊ မင်းတော့ မချောင်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"အစ်ကိုကြီးကိုလည်း ကျွန်တော် ပြောရဦးမယ်၊ ပထွေးကို ဒုက္ခပေးနည်း ကျမ်းသုံးစောင် ကျွန်တော် ပြုစုပြီးပြီ"

ဟု ပြန်၍ ပြောသဖြင့် ကျွန်ုပ်က. . . .





"လူယုတ်မာလေး တော်တော့"

ဟု ပြောလိုက်မိလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဗေဒင်လက္ခဏာဆိုင်ကလေးသို့ ရောက်ရှိခဲ့ကြလေတော့၏။ တောက်တဲ့သည် ဆိုင်းဘုတ်များ ကူ၍ ချိတ်ပေး၏။ စားပွဲခုံ ကူ၍ချပေး၏။ အမွှေးတိုင်များ ထွန်းပေး၏။ ထို့နောက် ကျွန်ုပ် သောက်ရန်အတွက် လက်ဖက်ရည်တစ်ခွက် ဆိုင်မှ မှာပေး၏။ ကျွန်ုပ်သည် လက်ဖက်ရည်ကို အရသာခံ၍ သောက်နေ၏။ ထိုအချိန်၌ ကျွန်ုပ်၏ ဆိုင်ဝတွင် မိန်းမတစ်ယောက်လာ၍ ရပ်ပြီးလျှင်. . . .

"ဗေဒင်လက္ခဏာ မေးချင်လို့ပါရှင်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က အတွင်းသို့ဝင်၍ထိုင်ရန် ပြောလိုက်လေ၏။ ထိုမိန်းမလည်း ဝင်၍ထိုင်လေ၏။ ထို့နောက် ထိုမိန်းမ၏ မွေးသက္ကရာဇ်ကိုမေးရာ ထိုမိန်းမ၏ မွေးရက်သည် အင်္ဂလိပ်လို ၇ ရက်ဖြစ်ကြောင်း သိရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က ခု၊ လ၊ ရက် သုံးမျိုးတွင် ရက်၌သာ ၇ ဂဏန်း တစ်လုံးပါခြင်း ဖြစ်၏။

"၇ ဂဏန်းသမားတွေဟာ များသောအားဖြင့် အသက်ငယ်ရွယ်စဉ်ကာလမှာ လောကဓံက နှိပ်စက်လေ့ရှိတယ်၊ အခု အသက်အရွယ်ပိုင်းဟာ လောကဓံက နှိပ်စက်တာကို အလူးအလဲခံရမယ့် အရွယ်ဖြစ်နေပြီ၊ အင်္ဂလိပ် ၇ ရက်မွေးတဲ့သူဟာ အချစ်ရေးအိမ်ထောင်မှာ ကံကောင်းဖို့ မရှိဘူး၊ ၇ ဂဏန်း သမားဟာ ခံစားမှုတွေများတဲ့အတွက် အနုပညာဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထုံးခွန်တတ်တယ်၊ ကျော်ကြားတဲ့ ဂီတဆရာတွေ၊ ကဗျာဆရာတွေ၊ စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ သရုပ်ဆောင်သူတွေ တော်တော်များများဟာ ၇ ဂဏန်းနဲ့ တစ်မျိုးမဟုတ် တစ်မျိုး ဆက်သွယ်နေတတ်တယ်၊ ပြီးတော့ ၇ ဂဏန်းသမားဟာ လွတ်လွတ်လပ်လပ် နေလိုတဲ့စိတ် ရှိတယ်၊ လွတ်လွတ်လပ်လပ် တွေး ခေါ်လေ့ရှိတယ်၊ လွတ်လပ်မှုကို မြတ်နိုးတဲ့နေရာမှာ နှစ်ယောက် မရှိဘူး၊ ပြီးတော့ ၇ ဂဏန်းသမားတွေဟာ တီထွင်ဖန်တီးတတ်တဲ့ ဉာဏ်နဲ့ ပြည့်စုံတယ်၊ ပြီးတော့ ၇ ဂဏန်း သမားတွေဟာ မရပ်မနား အလုပ်လုပ်လေ့ရှိတယ်၊ သူတို့ဘဝမှာ ရောဂါဖြစ်ပြီဆိုလျှင် တခြားရောဂါဖြစ်ဖို့ထက် အနားမယူဘဲ အလုပ်တွေအရမ်းလုပ်လို့ရတဲ့ ရောဂါပဲ ဖြစ်တတ်တယ်၊ ခရီးသွားတာတို့၊ အပြောင်းအလဲ ဖြစ်တာတို့ကို နှစ်သက်တဲ့လူတွေပဲ၊ ပြီးတော့ ၇ ဂဏန်းသမားတွေဟာ ပစ္စည်းဥစ္စာကို ရှာတော့ ရှာဖွေတယ်၊ မက်မောတဲ့စိတ် မရှိဘူး၊ ၇ ဂဏန်း သမားတွေဟာ မိမိတို့ဘာသာ တီထွင်ပြီးဖြစ်လာတဲ့ စီးပွားတွေ ဖြစ်လာတတ်ပါတယ်၊ နောက်ဆုံးတော့လည်း ဒီစီးပွားတွေကို လှူဒါန်းဖြစ်တာပါပဲ၊ ၇ ဂဏန်းသမားဟာ အစဉ်သဖြင့် အေးအေးဆေးဆေး နေထိုင်လိုပါတယ်၊ ဒါပေမဲ့ ဘယ်တော့မှလည်း အေးအေးဆေးဆေး နေထိုင်ခွင့်မရပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုမိန်းမက. . . .





"မှန်ပါတယ် ဆရာရယ်၊ ကျွန်မ အိမ်ထောင်လည်း ကွဲပါပြီ၊ ကျွန်မဟာ စန္ဒယားတီးသင်ပြတဲ့ ဆရာမပါ၊ အဲဒီလုပ်ငန်းနဲ့လည်း ကျွန်မ ဝင်ငွေကောင်းခဲ့ပါတယ်၊ အခုဘဝဟာ တစ်နေ့ထက်တစ်နေ့ ခန်းခြောက်လာတော့ သီလရှင်ဝတ်မလားလို့ ဆရာ့ဆီလာပြီး လက္ခဏာ မေးတာပါ၊ ဆရာအကြံပေးတာကို ကျွန်မ လုပ်မှာပါ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ခင်ဗျားရဲ့ ဘဝဟာ တစ်နေ့ထက်တစ်နေ့ ခန်းခြောက်လာတယ်ဆိုတာ အချစ်မရှိလို့ ခန်းခြောက်လာတာကိုး၊ အဲဒီတော့ အချစ်နဲ့ ဖြည့်စွက်လိုက်ပေါ့ဗျာ၊ဘာဖြစ်လို့သီလရှင်ဝတ်မှာတုံး"

ဟု ကျွန်ုပ်ကပြောရာ ထိုမိန်းမက တခစ်ခစ်ရယ်လေ၏။ထိုသို့ ရယ်ပြီးနောက်

"ကျွန်မအရွယ်ဟာ အချစ်ရှာရမယ့်အရွယ် မဟုတ်ပါဘူး ဆရာရယ်၊ အိမ်ထောင်ပြုရမယ့်အရွယ်ပါ၊ ချစ်တာတစ်ခုတည်းနဲ့ ဘာမှ လုပ်လို့ မရပါဘူး"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"အဲဒီလိုဆိုရင်လည်း အိမ်ထောင်ပြုပေါ့ဗျာ၊ တစ်ခြားဘာတွေ စဉ်းစားနေတာလဲ"

ဟု မေးလိုက်ရာ ထိုမိန်းမက. . . .

"အိမ်ထောင်ပြုတယ်ဆိုတာ အငိုလွယ်ပြီး အရှိုက်ခက်တဲ့ ကိစ္စရှင့်"

ဟု ပြောပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတဲ့ စကားအရဆိုလျှင် လွယ်တာအလျင်လုပ်လိုက်ပေါ့ဗျာ၊ နောက်မှ တဖြည်းဖြည်းချင်း ရှိုက်တာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်. . . .

"မဟုတ်သေးပါဘူး ဆရာရယ်၊ ကျွန်မတို့ မိန်းကလေးတွေအတွက် အိမ်ထောင်ပြုတယ်ဆိုတာ မပူချင်လို့ ယောက်မရှာတဲ့ကိစ္စရှင့်၊ ယောက်မကပါ ပူနေလို့မဖြစ်ဘူး၊ အခုခေတ်မှာက မိန်းမတစ်ယောက်အဖို့ လင်ကောင်း သားကောင်းရဖို့ ခက်တယ် မဟုတ်လားရှင်"

ဟု ပြောလိုက်လေ၏။

"ခင်ဗျား ပြောတဲ့ လင်ကောင်း သားကောင်းတွေဆိုတာ ဘယ်လို အချက်အလက်တွေပါမှ ဖြစ်တာတုံး၊ ရုပ်ချောရမှာလား၊ ဥစ္စာပေါရမှာလား၊ ပညာတတ်ရမှာလား၊ ဆွေဂုဏ်မျိုးဂုဏ်မြင့်မားရမှာလား၊ ခင်ဗျားဘယ်လို စဉ်းစားထားလို့လဲ"

ဟု ကျွန်ုပ်က စေ့စေ့စပ်စပ် မေးလိုက်ရာ ထိုမိန်းမသည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ထို့နောက်မှ. . . .

"အခု ဆရာပြောတဲ့ အချက်တွေလည်း ပါရမှာပေါ့ရှင်"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ခင်ဗျားယူတဲ့ ယောကျ်ားက ရုပ်လည်းချောတယ်ဗျာ၊ ပညာလည်း တတ်တယ်ဗျာ၊ ဥစ္စာလည်း ပေါတယ်ဗျာ၊ ဆွေဂုဏ်မျိုးဂုဏ်လည်း ကြီးတယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျားကို နေ့တိုင်းရိုက်နေ





ရင် အဲဒီယောကျ်ားကို လင်ကောင်း သားကောင်းထဲ ထည့်မှာလား"

ဟု မေးလိုက်ရာ ထိုမိန်းမက. . . .

"ဘယ်ထည့်နိုင်ပါ့မလဲရှင်၊ ကိုယ့်ကို နှိပ်စက်နေတာ"

ဟု ပြန် ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကဲပါဗျာ ခင်ဗျားယူမယ့် ယောကျ်ားဟာ ဥစ္စာလည်းပေါတယ်၊ ရုပ်လည်းချောတယ်၊ ပညာလည်းတတ်တယ်၊ ဆွေဂုဏ်မျိုးဂုဏ်အသိုင်းအဝိုင်းလည်း ရှိတယ်၊ ခင်ဗျားကိုလည်း မနှိပ်စက်ဘူး၊ ဒါပေမဲ့ ဒီလူဟာ ယောကျ်ားမပီသဘူးဆိုရင် ခင်ဗျားယူမလား"

ဟု မေးလိုက်ရာ ထိုမိန်းမက ခေါင်းကို ခပ်သွက်သွက်ယမ်းပြလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"အဲဒီလိုလည်း မဖြစ်ဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားယူမဲ့ ယောကျ်ားနဲ့ ခင်ဗျားနဲ့ ဘာသာချင်း မတူဘူးဆိုရင်ကော ခင်ဗျား ရွေးချယ်နိုင်မလား"

ဟု မေးလိုက်ပြန်ရာ ထိုမိန်းမသည် ခေါင်းကို ယမ်းပြပြန်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ဘာသာလည်း တူတယ် ထားလိုက်ပါတော့ဗျာ၊ ဒါပေမဲ့ ဒီလူဟာ အကြင်နာမဲ့တဲ့လူ၊ ရက်စက်တတ်တဲ့သူ ဖြစ်တယ်၊ တိရိစ္ဆာန်တွေကို ခင်ဗျားရှေ့မှာ သတ်ဖြတ်တတ်တယ်ဆိုရင် ခင်ဗျား ယူနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုမိန်းမက. . . .

“တော်ပါတော့ ဆရာရယ်၊ လင်ကောင်း သားကောင်းဆိုတ
ဘာခေါ်မှန်း ကျွန်မ မသိတော့ပါဘူး”

ဟု ပြောလိုက်လေတော့၏။

ကျွန်ုပ်သည် ထိုမိန်းမအား လက္ခဏာများ စစ်ဆေးပေးလိုက်
လေ၏။ ထိုမိန်းမလည်း ကျေနပ်၍ ပြန်သွားလေတော့၏။ ထိုအခါ
တောက်တဲ့က. . . .

“အစ်ကိုကြီး လုပ်လိုက်တာနဲ့ ဟိုမိန်းမတော့ လင်ကောင်း သာ
ကောင်း ရတော့မှာမဟုတ်ဘူး၊ လင်ကောင်း သားကောင်
ဆိုတာက တော်တော်ခက်တဲ့ ကိစ္စပဲ”

ဟု ပြောလေ၏။

“ဒီလို တောက်တဲ့ရဲ့ အင်္ဂလိပ် ၇ ရက်၊ ၁၆ ရက်၊ ၂၅ ရက်
မွေးတဲ့လူဟာ အိမ်ထောင်ရေး ကံမကောင်းဘူးကွာ၊အခုလည်
ဒီမိန်းမဟာ အိမ်ထောင်တစ်ဆက်လည်း ကွဲပြီးပြီ၊ နောက်ပ
လည်း ကွဲဦးမှာပဲ၊ အဲဒါကြောင့် ဒီမိန်းမကို အိမ်ထောင်မပြုစေ
ချင်လို့ ပြောတာ၊ တကယ်တော့ကွာ စိတ်ကောင်းနှလုံးကောင်
ရှိတဲ့သူကို လင်ကောင်း သားကောင်း စာရင်းထဲ ထည့်ရမှာပေါ့”

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ တောက်တဲ့သည် သူ၏ မှတ်
စာအုပ်ကို ထုတ်ယူပြီးနောက်. . .

“အစ်ကိုကြီးရယ် ၇ ဂဏန်း တစ်လုံးပါတာတော့ ဟုတ်ပါပြီ
၇ ဂဏန်း နှစ်လုံးပါတာကို ဘယ်လိုယူဆရမလဲ”





မေးမြန်းလေ၏။ ထိုအခါ ကျွန်ုပ်က အောက်ပါခုနှစ်တစ်ခုကို ရေးပြ
လိုက်လေ၏။

၁၉၂၇-၄-၂၇

တောက်တဲ့သည် ထိုခုနှစ်ကို ကူးယူပြီးနောက်. . . .

“ဟုတ်တယ် အစ်ကိုကြီး၊ ဒီမွေးသက္ကရာဇ်မှာ ၇ ဂဏန်းနှစ်ခု
ပါတယ်”

ပြောလေ၏။

“ဒီလိုပါကွ၊ ၇ ဂဏန်းနှစ်လုံးပါတဲ့ လူဟာ စိတ်ဓာတ် ကြံ့ခိုင်
တယ်ကွ၊ ဘယ်လိုအခက်အခဲမျိုးကိုပဲတွေ့တွေ့ အောင်မြင်စွာ
ကျော်လွှားနိုင်တယ်၊ ဪ. . . သူတို့မှာ ကောင်းတဲ့ အရည်
အချင်းတစ်ခု ရှိတယ်ကွ၊ အဲဒါဘာလဲဆိုတော့ လက်ငင်း တွေ့
ကြုံနေရတဲ့ အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်တဲ့
အရည်အချင်းပဲကွ၊ အဲဒီအရည်အချင်းဟာ အခက်အခဲကို
အောင်မြင်နိုင်တဲ့ **‘ရွှေသော့’** ပဲကွ၊ ၇ ဂဏန်းနှစ်လုံး ပိုင်ရှင်
တွေဟာ ဗဟုသုတ အတွေ့အကြုံနဲ့လည်း ပြည့်စုံတယ်ကွ၊
များသောအားဖြင့် ဒီလူတွေဟာ ဂီတဘက်မှာ ဝါသနာပါတယ်ကွ”

ကျွန်ုပ်က ပြန်၍ ပြောလေ၏။ ထိုအခါ တောက်တဲ့က. . . .

“၇ ဂဏန်း သုံးလုံးဆိုရင်ရော အစ်ကိုကြီးရာ”

မေးလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

“မွေးသက္ကရာဇ်တစ်ခုမှာ ၇ ဂဏန်း သုံးလုံးကနေ အထက်ကို
ဟောတဲ့ အဟောတစ်ခုရှိတယ်၊ ဒီလူတွေဟာ သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေကို တာဝန်ယူဖြေရှင်းတတ်တဲ့ ညာဉ်မျိုးရှိတယ်၊
တော့ လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ကိစ္စတစ်ခုကို မဖြစ်မ
လုပ်နိုင်တဲ့ သတ္တိရှိတယ်၊ ဒါကြောင့်မို့လို့ ၇ ဂဏန်း သုံးလုံး
နေ ၇ ဂဏန်း အများအပြားပိုင်တဲ့ မွေးသက္ကရာဇ် ပိုင်ရှင်
ဟာ လူတော်တွေ ဖြစ်တတ်တယ်"

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ တောက်တဲ့သည် ကျွန်ုပ် ပြော သည်များကို လိုက်လံ၍ ရေးမှတ်နေလေ၏။ ထို့နောက် ကျွန်ုပ်သ ထိုဆိုင်လေး၌ တစ်နေကုန် ဗေဒင်လက္ခဏာဟော၏။ ကျွန်ုပ်၏တပ တောက်တဲ့ကလေးသည် ကျွန်ုပ်၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေး လေ၏။ ညနေတွင် ဆိုင်ပိတ်၍ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသ စကားတပြောပြောနှင့် ပြန်လာခဲ့ကြလေ၏။ တောက်တဲ့က ငဖိန်း လိုက်သည်ဆို၍ ဈေးသို့ဝင်ကာ ငဖိန်းသုံးကောင် ဝယ်လာခဲ့ရလေ ကျွန်ုပ်မှာလည်း ညတွင် ဆိတ်ခြေထောက်စွပ်ပြုတ် ပြုတ်သောက်မည် ရည်ရွယ်၍ ခြေထောက်သုံးချောင်းကို ကြိုးနှင့်ဆွဲ၍ ဝယ်လာခဲ့လေ အိမ်သို့ရောက်သောအခါ တောက်တဲ့တို့အမေက တောက်တဲ့အတွ ငဖိန်းကြော်ပေး၏။ ကျွန်ုပ်အတွက် ဆိတ်ခြေထောက် ပြုတ်ပေး ညဆယ်နာရီထိုးလောက်တွင် တောက်တဲ့တို့အမေသည် ကျွန်ုပ်အ ဆိတ်ခြေထောက်စွပ်ပြုတ်ကို လာချပေး၏။ ကျွန်ုပ်သည် မီးလှုံရင်း ဆိ ခြေထောက်စွပ်ကို မြိန်ယှက်စွာသောက်၏။ တောက်တဲ့က သူလ သောက်ချင်သည်ဟုဆိုကာ ဆိတ်ခြေထောက်စွပ် တစ်ပန်းကန် ခပ် ၏။ ထိုအခါ ကျွန်ုပ်က. . . .





"မင်းပဲ ငဖိန်း စားချင်တယ်ဆိုပြီး အခု ဆိတ်ခြေထောက်စွပ်ကျတော့လည်း မင်းပါတာပဲလား"

ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ငဖိန်းက ညနေစာလေ အစ်ကိုကြီးရဲ့၊ ဆိတ်ခြေထောက်စွပ်က ညလယ်စာ၊ သက်သက်စီပဲဗျာ"

ပြောလေ၏။

"ကဲ. . . . ဒီလိုဆိုရင် မင်းကို မေးမယ်၊ ညနေစာ မင်း ငဖိန်း စားတုန်းက ငါ့ကို ကျွေးသလား"

ကျွန်ုပ်က မေးရာ တောက်တဲ့က. . . .

"ဒါကတော့ အစ်ကိုကြီးရယ်၊ မေးနေစရာ မလိုပါဘူး၊ အစ်ကိုကြီး စားချင် ဝင်စားပေါ့၊ ကျွန်တော့်ကို ခွင့်တောင်းနေစရာ မလိုပါဘူး"

ပြောလိုက်ရာ. . . .

"ငဖိန်းကျတော့ မင်းကို ခွင့်တောင်းနေစရာ မလိုပါဘူး ဟုတ်လား၊မင်းအမေကို လူပျိုစကားပြောတော့ မင်းကို ခွင့်တိုင်ရမှာလား"

ကျွန်ုပ်က ပြန်ပြောလိုက်လေ၏။ ထိုအခါ တောက်တဲ့က. . . .

"ငဖိန်းနဲ့ ကျွန်တော့်အမေနဲ့ မတူဘူးလေ အစ်ကိုကြီးရဲ့၊ ကျွန်တော့်အမေကို ငဖိန်းလို သဘောထားလို့ မရဘူးလေ"

ပြန်၍ ပြောလျှင် ကျွန်ုပ်သည် တခစ်ခစ် ရယ်မိလေ၏။ ထိုအချိန်၌ နောက်ဖေးမှ တောက်တဲ့တို့ အမေက. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆရာတပည့် ဘာတွေများ သဘောကျနေသလဲ၊ တခစ်ခစ်နဲ့"
ဟု လှမ်းအော်၍ မေးလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"ဟောဒီမှာ တောက်တဲ့က ပြောနေတယ်၊ သူ့ကို မုဆိုးမသား
မုဆိုးမသားနဲ့ ခေါ်နေကြတယ်တဲ့၊ အဲဒါကြောင့် သူအဖေ
တစ်ယောက် တော်မှ ဖြစ်မယ်တဲ့၊ အဲဒီအတွက် ကျွန်တော့်ကို
အားကိုးပါရစေတဲ့၊ အဲဒါကျွန်တော် ဘယ်လိုလုပ်ရမတုံး
တောက်တဲ့တို့ အမေရေ"
ဟု ပြောလိုက်ရာ တောက်တဲ့တို့ အမေက. . . .

"ဘယ်လိုမှမလုပ်ပါနဲ့ ဆရာရယ်၊ ဆိတ်ခြေထောက်စွပ်
သောက်ပြီးတော့ စောင်လေးခြုံပြီး အိပ်လိုက်ပေတော့"
ဟု ပြောလေ၏။ တောက်တဲ့သည် စွပ်ကိုသောက်ရင်း တခစ်ခစ်ရယ်
လေ၏။ ထိုသို့ ရယ်ပြီးနောက်. . . .

"ခက်တယ် အစ်ကိုကြီး အစ်ကိုကြီးကလည်း ဘူးအဆင့်မကဘူး
ပေပါဖြစ်နေပြီဆိုတော့ အတော်ပြောရခက်တယ်၊ ကျွန်တော်
အမေကို မကြိုးစားပါနဲ့၊ကျွန်တော့်အမေက နောက်အိမ်ထောင်
မပြုဘူးလို့ ကျွန်တော့်ကို ကတိပေးပြီးပါပြီ"
ဟု ပြောလေ၏။

"မိန်းမတို့ပေးတဲ့ ကတိတို့၊သစ္စာတို့ဆိုတာ စိတ်ချရတာ မဟုတ်
ဘူးကွ၊ ဒါကြောင့် 'တောင်ကြီးပြိုမှ ရွှတ်ဆိုပြလည်း မိန်းမသစ္စာ
မှသားသာတည့်' လို့ ဆိုထားတာပေါ့ ငါ့လူရ"
ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .





"ဒီလိုပြောလို့တော့ မရဘူး အစ်ကိုကြီးရယ်၊ ဒါက သာမန်မိန်းမ
တစ်ယောက်အနေနဲ့ စဉ်းစားလို့ မရဘူး၊အခုက မိခင်က သား
ကို ပေးထားတဲ့ ကတိဗျ၊ မိန်းမတစ်ယောက်ဟာ ချစ်သူအပေါ်
တော့ သစ္စာဖောက်မယ်၊ သားအပေါ်တော့ သစ္စာဖောက်တယ်
လို့ မကြားဖူးပါဘူး"
ပြောလျှင် ကျွန်ုပ်က. . . .


"မင်းက ငါ့ထက်တတ်တဲ့ကောင်၊ တော်တော်တတ်တဲ့ကို
'တတ်ပ' လေး၊ ငါအိပ်တော့မယ်"
ပြောရင်း ကျွန်ုပ်သည် ဆိတ်ခြေထောက်စွပ်ပြုတ် ပန်းကန်အား
းဘက်သို့ တိုးပေးပြီးလျှင် မီးဖိုဘေးရှိ ဖျာပေါ်၌လှဲချ၍ ခွေခွေ
လေး အိပ်စက်လိုက်လေတော့သတည်း။

□□□□□□□□□□



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၇)

ကျွန်ုပ်နှင့် တောက်တဲ့သည် နောက်တစ်နေ့ နံနက်စောစော၌ ကျွန်ုပ်၏ ပေဒင်ဆိုင်လေးဆီသို့ ထွက်လာကြလေ၏။ လမ်းတွင် တောက်တဲ့က. . . .

"ဆရာ ဒီနေ့ဟာ အင်္ဂလိပ် ၈ ရက်နေ့ ဖြစ်တယ်၊ အင်္ဂလိပ် ၈ ဂဏန်းဟာ မကောင်းဘူးလို့ ဆရာသင်ထားတာကိုတော့ မှတ်မိတယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်က ၈ ဂဏန်းဟာ အနောက်တိုင်းဗေဒင် စည်းကမ်းအရဆိုရင် **ကက်ပရီကွန်** လို့ခေါ်တဲ့ မကာရ ရာသီရယ်၊ အကွေးရီယမ် လို့ ခေါ်တဲ့ **ကုမ်ရာသီ** ကိုပိုင်တဲ့ စနေဂြိုဟ်ပဲ၊ သင်္ချာအားဖြင့် ၈ ဂဏန်းယူတယ်၊ **နျူမရော်လော်ဂျီ** လို့ခေါ်တဲ့ ဂဏန်းဗေဒင်ပညာအရ အင်္ဂလိပ် ၈ ရက်၊ ၁၇ ရက်၊ ၂၆ ရက် မွေးတဲ့လူတွေဟာ ၈ ဂဏန်းသမားတွေကြီးပဲကွယ့်၊ ဒါပေမဲ့ ၁၇ ရက် မွေးတဲ့လူကိုတော့၊ ၈ ဂဏန်းသမားလို အဆိုးဟောတာ နည်းပါတယ်၊ဒီလူတွေဟာ မိရိုးဖလာ အတွေးအခေါ် အယူအဆတွေကို စွန့်ပစ်ပြီး အယူအဆသစ်တွေ ထူထောင်တတ်တယ်၊ ပြီးတော့ ဆုံးဖြတ်ချက်ခိုင်မာတတ်တယ်၊ ဘယ်ဟာကိုပဲ စဉ်းစားစဉ်းစား နက်နက်နဲနဲ စဉ်းစားတတ်တယ်၊ နောက်တစ်ခုက ၈ ဂဏန်းသမားတွေဟာ စိတ်အားရော ကိုယ်အားရော ကောင်းတတ်တယ်၊ မိမိအယူအဆကို ထိပါးလာရင် ဘယ်သူကိုမဆို တိုက်ခိုက်တတ်တယ်၊ထူးဆန်းတဲ့ လောကီပညာကို လိုက်စားမယ်ဆိုရင်တောင် ၈ ဂဏန်းသမားတွေဟာ တခြားသူ တွေနဲ့မတူဘူး၊ ထူးထူးခြားခြား လိုက်စားတတ်တယ်၊ စကားပြောရင်လည်း ပွင့်ပွင့်လင်းလင်း တိုတိုတုတ်တုတ်ပဲ ပြောတတ်တယ်၊ သူတို့ ဆောင်ရမယ့်အဆောင်တွေကတော့ စိန်နက်တို့၊ ပုလဲတို့၊ မဟူရာတို့ ဖြစ်တယ်၊ အရောင်ကလည်း ညိုမှိုင်းတဲ့အရောင်တွေ အနက်ရောင်တွေ





ဟာ သူတို့အတွက် ဖြစ်တယ်၊ ပြီးတော့ ၈ ဂဏန်းသမားတွေဟာ ဇွဲကောင်းတတ်တယ်၊ အလုပ်တစ်ခုခုကို ဇွဲနပဲနဲ့လုပ်နေရင် ၈ ဂဏန်း သမားလို့တောင် ယူဆနိုင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"၈ ဂဏန်းဟာ မကောင်းဘူးလို့ ပြောလို့ မရဘူးပေါ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . . .

"တောက်တဲ့ရေ လောကကြီးမှာ ၈ ဂဏန်းသာမကဘူး ဘယ်အရာမှ ကောင်းတယ် မကောင်းဘူး၊ ပုံသေပြောလို့ မရဘူး၊ ဝက်သား လုံးဝမစားတဲ့ လူတစ်ယောက်ကို ဝက်သားကောင်းသလားလို့ မေးကြည့်ပါလား၊ မကောင်းဘူးလို့ ပြောမှာပေါ့၊ တကယ်လို့ ဝက်သားစားတဲ့ လူတစ်ယောက်ကို ဝက်သားကောင်းသလားလို့ မေးကြည့်ရင် ကောင်းတယ်လို့ ပြောမှာပေါ့၊ တကယ်က ဝက်သားမှာ ကောင်း,မကောင်း မပါဘူး၊ အဲဒီလူနှစ်ယောက်မှာ ကောင်း,မကောင်း ပါနေတာ အဲဒီလိုပဲ အမဲသား မစားတဲ့လူကို အမဲသားကောင်းသလား မေးကြည့်ပါလား၊ မကောင်းဘူးလို့ ပြောမှာပေါ့၊ အမဲသားစားတဲ့လူတစ်ယောက်ကို မေးကြည့်ပါလား၊ ကောင်းတယ်လို့ ပြောမှာပေါ့၊ တကယ်တော့ အမဲသားမှာ ကောင်း မကောင်း မပါဘူး၊ အမဲသားဟာ အမဲသားပဲ ဖြစ်တယ်၊ ဒါက မြင်လွယ်အောင် ပြောတာပါ၊ ကိစ္စတိုင်းဟာ ဒီလိုပဲဖြစ်တယ်၊ ကဲ. . . . မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီးပြောရမှာက ၈ ဂဏန်းနှစ်လုံးပါတဲ့ မွေးသက္ကရာဇ် ပိုင်ရှင် အကြောင်းပဲ၊ ဥပမာကွာ ၁၉၂၈၊ ၄၊ ၂၈ မွေးနေ့ရှင် ဆိုပါတော့၊ သူ့မွေးနေ့မှာ ၈ ဂဏန်းနှစ်လုံးတောင် ပါနေ တဲ့အတွက် အဓိပ္ပာယ် သီးခြားဖွင့်ဆိုရမယ်ဆိုရင်၊ အဲဒီလိုလူမျိုး တွေဟာ သူတစ်ပါးရဲ့ ပြောဆိုချက်တွေကို ယုံကြည်လက်ခံဖို့ ခဲယဉ်းတယ်ကွ၊ သူတို့မှာ အကြောင်းပြချက် ခိုင်လုံအောင် ဘယ်ကိစ္စမျိုးမှာမဆို ရှာဖွေကြိုးစားတတ်တယ်၊ တစ်ခါတစ်ရံ သူတို့ ပြောဆိုဆက်ဆံတဲ့အခါမှာ အာဏာရှင်ဆန်တတ်တဲ့ အတွက် တခြားလူတွေနဲ့ မပြေမလည် ဖြစ်တတ်တယ်၊ ဒီလူ တွေဟာ ရုပ်ဆန်တယ်ကွ၊ ဒါကြောင့် နာမ်ဝါဒကို နည်းနည်း လိုက်စားရင် သူ့ဘဝမှာ မျှမျှတတ ဖြစ်သွားတာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . .

"၈ ဂဏန်း သုံးလုံးသမား ဆိုရင်ကော အစ်ကိုကြီးရဲ့"

ဟု မေးပြန်လေ၏။

"၈ ဂဏန်းသုံးလုံးသမား၊ ၈ ဂဏန်း လေးလုံးသမား စတဲ့ သူတွေကို ၈ ဂဏန်း အများအပြားပိုင်ရှင်လို့ပဲ ခြုံပြီးခေါ်ကြပါ စို့၊ ဥပမာ (၁၉၂၈-၈-၁၈) ရက်ဆိုရင် ၈ ဂဏန်းသုံးလုံး ပိုင်ရှင်ပေါ့ကွာ၊ နောက်တစ်ခုက (၁၉၈၈-၈-၈) ရက်နေ့မှာ မွေးတဲ့လူဆိုပါတော့ကွာ၊ ဒီလူဆိုရင် ၈ ဂဏန်း လေးလုံး ပိုင်ရှင် ပေါ့၊ အဲဒီလို လူမျိုးတွေကို ၈ ဂဏန်း အများအပြား ပိုင်ရှင်လို့





ခေါ်တယ်ကွ၊ ဒီလူတွေဟာ အပြောင်းအလဲကို နှစ်သက်တယ်၊ ဘာကိုပဲလုပ်လုပ် အခြေခံကျကျ လုပ်လေ့ရှိတယ်၊ ကလေး ဘဝနဲ့ လူလတ်ပိုင်းဘဝမှာ ရုန်းကန်ပြီး၊ အသက်ငါးဆယ်နား နီးလာတာနဲ့ ချမ်းချမ်းသာသာ ကောင်းကောင်းမွန်မွန် နေရ တတ်တယ်ကွ၊ ဒီလူတွေဟာ ငွေကြေးချမ်းသာလာတဲ့အခါမှာ ငွေကို အထင်မကြီးတော့ဘဲ စိတ်ငြိမ်းချမ်းမှုကို ရှာဖွေဖို့ ကြိုးစားတတ်ကြတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် ဗေဒင် ဆိုင်သို့ လာခဲ့ကြလေ၏။ ဆိုင်သို့ရောက်သောအခါ၌ တောက်တဲ့သည် ကူညီ၍ ကျွန်ုပ်အား ဆိုင်ခင်းပေးလေ၏။ စားပွဲခုံများ ခင်းပေး၏။ ပြီးနောက် တောက်တဲ့သည် လက်ဖက်ရည်ဆိုင်သို့သွားကာ ချိုင့်ဖြင့် လက်ဖက်ရည်နှစ်ခွက် ဝယ်ပေးလေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် လက်ဖက်ရည်သောက်ကြ၏။ လက်ဖက်ရည်သောက်ရင်း တောက်တဲ့ သည် ကျွန်ုပ်အား. . . .

"အစ်ကိုကြီးရယ်၊ ကျွန်တော့်ကို ၉ ဂဏန်းအကြောင်း ပြောပြ ပါဦး"

ဟု ပူဆာပြန်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ဒီလိုရှိတယ် တောက်တဲ့ရဲ့၊ အနောက်တိုင်း ဗေဒင်မှာက ၉ ဂဏန်းဆိုတာ အင်္ဂါကိုပြောတာကွ၊ အေးရီး လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိဿရာသီ ရယ်၊ **စကောပီယွန်** လို့ခေါ်တဲ့ ဗြိစ္ဆာရာသီ တွေ ရယ်ဟာ ၉ **ဂဏန်း** ပိုင်တဲ့ ရာသီတွေပဲကွ၊ အဲဒီရာသီတွေမှာ တနင်္ဂနွေဂြိုဟ်ရောက်တဲ့ခုနှစ်မှာ မွေးတဲ့လူတွေကိုလည်း ၉ ဂဏန်းသမားလို့ ခေါ်တယ်၊ ပြီးတော့ အင်္ဂလိပ်လ ၁၈ ရက်၊ ၂၇ ရက်မှာ မွေးတဲ့သူတွေကိုလည်း ၉ ဂဏန်းသမားလို့ ခေါ်တယ်၊ အဲဒီ ၉ ဂဏန်းသမားတွေဟာ ဘယ်လုပ်ငန်းပဲလုပ်လုပ် အတိုက်အခိုက် မပါရင် မအောင်မြင်ဘူး၊ သူများက တိုက်ရင် တိုက်၊ မတိုက်ရင် ကိုယ်က တိုက်နေတတ်တယ်၊ ဘယ်လို အခြေအနေ ဘယ်လိုအဆင့်အတန်းကနေ ၉ ဂဏန်းသမား တွေဟာ ရုန်းကန်ရတတ်တယ်၊ ဒေါသကို ချုပ်တီးမယ်ဆိုရင် ၉ ဂဏန်းသမားတွေဟာ စိတ်တန်ခိုးတွေကို လေ့ကျင့်စရာ မလိုဘူး၊အလိုလို ပိုင်ဆိုင်လာလိမ့်မယ်၊ အောင်မြင်မှုတွေလည်း အထွဋ်အထိပ် ရောက်သွားနိုင်တယ်၊ လွတ်လပ်မှုကို သူများ မြတ်နိုးတယ်ဆိုတာ ၉ ဂဏန်း အိပ်နေသလောက်ရှိတယ်၊ ဒေါသကြီးတတ်တဲ့အတွက် လူတွေက ခပ်ကင်းကင်း ခပ်ကွာ ကွာ နေတတ်တယ်၊ ဒေါသမကြီးဖို့ အရေးကြီးပါတယ်၊ စစ်ဘက် တွေမှ အကြီးအကဲတော်တော်များများဟာ ၉ ဂဏန်းသမား တွေ ဖြစ်တတ်တယ်၊ ၉ ဂဏန်းသမားတွေ အထူးဂရုစိုက်ရမှာ ကတော့ သေနတ်တို့၊ ဓားတို့၊ မီးပေါက်လက်နက်တို့ကို ကိုင်တွယ် တဲ့အခါမှာ ဂရုတစိုက် ကိုင်တွယ်ဖို့ပါပဲ၊ ၉ ဂဏန်းသမားတွေ





ဟာ ဘဝကြမ်းပေမယ့် နှလုံးသား နူးညံ့တတ်ပါတယ်၊ ၉ ဂဏန်းသမား ယောကျ်ားတွေဆိုရင် မိန်းမတွေရဲ့ လှည့်စားမှု ကို ခံရတတ်ပါတယ်၊ ၉ ဂဏန်းသမား မိန်းမတွေဟာလည်း ယောကျ်ားများရဲ့ လိမ်လည်လှည့်စားခြင်းကို အမှန် တကယ်လို့ ထင်မိတတ်ပါတယ်၊ အဆိပ်နဲ့တူတဲ့ ဒေါသမျိုးကို ၉ ဂဏန်း သမားတွေ ပိုင်ဆိုင်ထားပါတယ်၊ ဒါကြောင့် အဲဒီအဆိပ်ကို မသုံးဘူးဆိုရင် ၉ ဂဏန်းသမားဟာ မေတ္တာသမား ဖြစ်ပါ တယ်၊ အလုပ်အကိုင်လုပ်တဲ့အခါမှာ ၉ ဂဏန်းသမားဟာ စိတ်လောကြီးပြီး လုပ်တဲ့သဘော ရှိတတ်ပါတယ်၊ အဲဒီလို စိတ် လောကြီးပြီးလုပ်မိတဲ့အတွက် အတူတူ အလုပ်လုပ်တဲ့သူတွေ အပေါ်မှာ အာဏာရှင်ဆန်ဆန် ပြုမူပြောဆိုတတ် မိပါတယ်၊ အဲဒါကို သတိထားမိဖို့ပါပဲ၊ အာဏာရှင်ပာစ်တလာဟာ ၉ ဂဏန်းသမား ဖြစ်ပါတယ်၊ ၉ ဂဏန်းသမားကို ဖျက်ဆီးမယ့် အရာဟာ အချစ်ရေးကိစ္စပါပဲ၊ အဲဒါကို သတိထားနိုင်မယ်ဆို ရင် ၉ ဂဏန်းသမားအတွက် ဘဝပျက်မယ့်ကိစ္စမရှိတော့ပါဘူး" ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . . .

"၉ ဂဏန်းနှစ်လုံးပါတဲ့ လူအကြောင်း ပြောပါဦး အစ်ကိုကြီးရဲ့" ဟု မေးလေ၏။ထိုအခါ ကျွန်ုပ်က. . . .

"အေး. . . . . . . ပြောရတာပေါ့ကွာ၊ ဥပမာ (၁၉၅၈-၃-၁၉) ရက်ဆိုပါတော့ကွာ၊ အဲဒါ ၉ ဂဏန်းနှစ်လုံးပါတဲ့ ခုနှစ်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လူမျိုးတွေဟာ များသောအားဖြင့် အတွေးအခေါ် သိပ်မြင့်တဲ့လူတွေ၊ ခက်ခဲတဲ့အဓိပ္ပာယ်တွေကို စဉ်းစားနေတဲ့လူတွေဖြစ်တတ်တယ်၊ ဘာကိုပဲဖြစ်ဖြစ် မှန်မှန်ကန်ကန် လုပ်လေ့ရှိတဲ့လူတွေဖြစ်တတ်တယ်၊ စိတ်ဓာတ်အား ကြံ့ခိုင်သလို ကာယအားလည်း ကြံ့ခိုင်တတ်တယ်၊ အစဉ်သဖြင့် မိမိရဲ့ အရည်အချင်းကို တောက်ပြောင်အောင် ကြိုးစားနေတဲ့သူတွေဖြစ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .

"ကောင်းပါပြီ အစ်ကိုကြီး၊ ကျွန်တော် မှတ်မိပါပြီ၊ ၉ ဂဏန်း သုံးလုံးပါတဲ့လူတွေအကြောင်း ပြောပါဦး"

ဟု ပြောလေ၏။

"၉ ဂဏန်း သုံးလုံးပါတဲ့ လူတို့၊ ၉ ဂဏန်းလေးလုံးပါတဲ့ လူတို့ကို ၉ ဂဏန်း အများအပြားပိုင်သူတွေထဲမှ စာရင်းထည့်လိုက်ပါတို့၊ ဥပမာ (၁၉၄၇-၉-၉) ဆိုပါတော့ကွာ၊ အဲဒါဆိုရင် ၉ ဂဏန်း သုံးလုံးပါတဲ့သူ ဖြစ်တယ်၊ (၁၉၃၉-၉-၉) ရက် ဆိုပါတော့၊ အဲဒါဆိုရင် ၉ ဂဏန်း လေးလုံးပါတဲ့သူ ဖြစ်တယ်၊ အဲဒီ ၉ ဂဏန်း များလေလေ၊ ဒေါသများလေလေပဲ၊ အဲဒီဒေါသကို ထိန်းချုပ်နိုင်ရင် ၉ ဂဏန်း ကောင်းစားမယ်လို့ ဟောရဖြစ်နေတယ်၊ မြင့်မားတဲ့ရာထူးတွေ၊ မြင့်မားတဲ့ အခြေအနေတွေ ရတတ်တယ်၊ စိတ်ကူးစိတ်သန်းကောင်းတဲ့လူတွေ ဖြစ်နေတတ်တယ်၊၉ ဂဏန်းတွေများတာဟာ ဘာနဲ့တူသလဲဆိုရင် လျှပ်စစ်ဓာတ်အားတွေ ပြည့်နေသလိုပဲ"

ဟု ကျွန်ုပ်က ရှင်းပြလိုက်လျှင် တောက်တဲ့က. . . .





"တစ်လုံးချင်း ဂဏန်းတွေရဲ့ အဓိပ္ပာယ်တွေကို အစ်ကိုကြီး ရှင်းပြလို့ သဘောပေါက်သွားပါပြီ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . .

"မင်းအနေနဲ့ သဘောမပေါက်သေးတာ တစ်ခုရှိသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ မင်းအမေ မုဆိုးမ လင်ကောင်း၊ သားကောင်း ရဖို့ကို သဘောမပေါက်သေးဘူး"

ဟု ပြောလိုက်လျှင် တောက်တဲ့က လက်ဖက်ရည်ပန်းကန်နှင့် ချိုင့်များကို သိမ်းရင်း. . . .

"အစ်ကိုကြီး ဟိုမှာ လက္ခဏာမေးမယ့်လူ လာပြီဟောပေတော့"

ဟုဆိုကာ ထွက်သွားလေ၏။ ကျွန်ုပ်လည်း ထိုနေ့အဖို့ အားရသည် မရှိပေ။ လက္ခဏာဟောမည့်သူများ တဖွဲဖွဲဝင်နေသောကြောင့် တစ်နေကုန် ဟောနေရလေ၏။ ညနေ ၅ နာရီထိုးမှပင် ဆိုင်ပိတ်ရလေတော့၏။ ဆိုင်ပိတ်ပြီးသောအခါ ကျွန်ုပ်နှင့် တောက်တဲ့သည် ဈေးသို့ဝင်ကာ ဟင်းချက်စရာများ ဝယ်ကြ၏။ ကျွန်ုပ်က ကြက်သားစားလိုသဖြင့်. . .

"ကြက်သား ဝယ်မယ်"

ဟု ပြောရာ တောက်တဲ့က. . . .

"ကြက်က အသက်ရှိတုန်းလည်း နားပူတယ်ဗျာ၊ ကတော် ကတော်နဲ့ အိမ်မှာမွေးထားရင်လည်း အပင်တွေကို ဆွပစ်တယ်၊ နည်းနည်းမှ ကောင်းကျိုးပေးတဲ့သတ္တဝါ မဟုတ်ဘူး၊ စားမနေပါနဲ့"

ဟု ပြော လေ၏။ ထိုအခါ ကျွန်ုပ်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာစားရင် ကောင်းမလဲဟု မေးရာ တောက်တဲ့က. . . .

"ဝက်သားက ကောင်းတာပေါ့ အစ်ကိုကြီးရဲ့"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"မင်းပြောတဲ့ ဝက်ကလည်းကွာ တစ်ချိန်လုံး နွတ်သီးကြီးဆူ ထားတာ သူ့လုပ်စာ ထိုင်စားနေရတာကျနေတာပဲ၊ ကြက်ကမှ အပင်လောက်ဆိတ်တာ၊ ဝက်က တွေ့သမျှ မြေကြီးကို သူ့နှုတ် ခမ်းနဲ့ ထိုးပစ်တာပဲ၊ ဒီကောင်လည်း ကောင်းကျိုးပေးတဲ့ကောင် မဟုတ်ဘူး၊ မစားတာဘဲ ကောင်းတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် တောက်တဲ့က. . .

"ဒီလိုဆို အစ်ကိုကြီးက ဘာစားမလဲ"

ဟု မေးလိုက်လျှင်. . . .

"ဆိတ်သားမကောင်းဘူးလား"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ တောက်တဲ့က. . . .

"ဒီကောင်ကလည်း တစ်ချိန်လုံး 'ပဲပဲ' နဲ့ အော်နေတာ၊ မုန်းဖို့ ကောင်းတယ်၊ စားမနေပါနဲ့ အစ်ကိုကြီးရာ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . . .

"ကဲ. . . . ကဲ. . . . မင်းပြော မင်း ဘာစားမလဲ"

ဟု မေးရာ တောက်တဲ့က. . . .

"အစ်ကိုကြီးကို ကျွန်တော် တစ်ခုပြောမယ်၊ ဘာပဲဖြစ်ဖြစ် ဘဲ ကလေးတွေက ချစ်စရာကောင်းတယ်၊ အတောင်ရှိတော့ ပျံ





လည်းရတယ်၊ ရေလည်းကူးတတ်တယ်၊ ကုန်းပေါ်မှာလည်း လမ်းလျှောက်တယ်၊ နှုတ်သီးလေးကလည်း ဝိုင်းဝိုင်းလေး"

ဟု စကားစလိုက်လျှင် ကျွန်ုပ်က. . . .

"အဲဒီကောင်တော့ ငါအမုန်းဆုံးပဲကွ၊ ငါ ဒီကောင်ကို မွေးဖူး တယ်၊မွေးတာကလည်း တခြားမှာမဟုတ်ဘူးဟေ့၊ အိမ်အောက် မှာ ခြံခတ်ပြီး ထည့်ထားတာ၊ တစ်နေ့မှာ အမှုတစ်ခုဖြစ်လို့ ရဲတွေက ငါ့ကိုလာ မေးတယ်၊ အဲဒီအချိန်မှာ ဒီကောင်တွေက အိမ်အောက်ကနေ 'ဂတ်. . . . ဂတ်' ဆိုပြီး ငါ့ကို ဂတ်ပို့ဖို့ လုပ်နေတယ်"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . . .

"ဒါ အစ်ကိုကြီး သက်သက်ညစ်တာ အစ်ကိုကြီးပြောတဲ့ စကား ဟာ ဇာတ်ထဲကလူရွှင်တော်တွေ ပြောတာ၊ဒီတော့ အစ်ကိုကြီး နဲ့ ကျွန်တော်ရယ် မဲနှိုက်မယ်၊ ကျတဲ့အသားစားမယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကဲ. . . . ဒီလိုဆိုရင် ငါ မဲလိပ်ခုနစ်လိပ် လုပ်မယ် မင်းနှိုက်"

ဟု ပြောပြီးနောက် ကျွန်ုပ်သည် စက္ကူခုနစ်ခုဖြဲ၍ မဲလိပ်ခုနစ်ခုလုပ်၏။ ထို့နောက် ထိုစက္ကူများပေါ်တွင် ကျွန်ုပ်ကိုယ်တိုင်ရေး၏။ သို့သော် ရေး သည့်အခါ၌ ပါးစပ်မှ ကြက်သားဆို၍ ကြက်သားဟု ရေး၏။ ပါးစပ်မှ ဝက်သားဟု ဆိုသော်လည်း လက်က ကြက်သားဟု ရေး၏။ တစ်ဖန် ပါးစပ်မှ ဆိတ်သားဟု ရွတ်ဆိုသော်လည်း လက်မှ ကြက်သားဟုပင်



www.burmeseclassic.com

www.burmeseclassic.com



ရေးပြန်၏။ ထို့ကြောင့် မဲလိပ်ခုနစ်လိပ်စလုံး ကြက်သားဟု ဖြစ်နေ၏။ ပြီးလျှင် ကျွန်ုပ်သည် တောက်တဲ့၏ ဦးထုပ်ကိုချွတ်၍ မဲလိပ်ခုနစ်လိပ် စလုံးကို ထည့်လိုက်လေ၏။ ပြီးနောက် ကျွန်ုပ်က. . . .

"ဟေ့ကောင် တောက်တဲ့၊ ဒီတစ်ခါတော့ မငြင်းရဘူး၊ ကျတာ သွားဝယ်ရမယ်"

ဟု ဆိုကာ မဲလိပ်ကို နှိုက်ခိုင်းလေ၏။ ထိုအခါ တောက်တဲ့က. . . .

"စိတ်ချပါ အစ်ကိုကြီးရာ"

ဟု ဆိုကာ ဦးထုပ်ထဲမှ မဲလိပ်တစ်လိပ်ကို နှိုက်ယူလိုက်လေ၏။ ထို့နောက် ဖွင့်လိုက်ရာ ကြက်သားဟု တွေ့လိုက်ရသဖြင့် တောက်တဲ့က. . . .

"ကျွန်တော်မကြိုက်တဲ့ ကြက်သားမှ ကျရတယ် အစ်ကိုကြီးရယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကဲ. . . ကဲ. . . စကားမရှည်နဲ့ သွားဝယ်ကွာ"

ဟုဆိုကာ ပိုက်ဆံထုတ်၍ ပေးလိုက်လေ၏။ တောက်တဲ့လည်း ပိုက်ဆံ ကိုင်၍ ပြေးသွားပြီးလျှင် ကြက်တစ်ကောင်ဝယ်၍ ပြန်လာလေ၏။ ထို့ ပြန်လာ သောအခါ၌. . . . .

"အစ်ကိုကြီး ကျန်တဲ့မဲလိပ်တွေ ကျွန်တော့်ကို ပြပါဦး"

ဟု ပြောလေ၏။

"ဘယ်ရှိတော့မလဲ တောက်တဲ့ရယ်၊ ကိစ္စပြီးပြီပဲ၊ ဟိုမြောင်းထဲ လွှတ်ပစ်လိုက်ပြီ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တောက်တဲ့က. . . .





"အစ်ကိုကြီး မဲလိပ်အားလုံးကို ကြက်သားချည်းပဲ ရေးထားတယ် မဟုတ်လား၊ ကျွန်တော် ကြက်သားဝယ်ရင်းနဲ့ကမှ စဉ်းစားကြည့်မိတာ"

[ဟု] မကျေမနပ်နှင့် ပြောလိုက်ရာ ကျွန်ုပ်က. . . .

"ဒီလိုလုပ်ပါလားကွာ၊ ကလေးနဲ့ လူကြီးပဲ လူကြီးက လိမ်ပါ့မလား"

[ဟု] ပြောလိုက်လျှင် တောက်တဲ့က. . . .

"ဒီပြင်လူတွေအဖို့ကတော့ ကလေးနဲ့ လူကြီးဆိုရင် လူကြီးက မလိမ်ဘူး၊ အစ်ကိုကြီးနဲ့ ကျွန်တော်နဲ့ကျတော့ ကျွန်တော်က စဉ်းစားရမယ်၊ အစ်ကိုကြီးကို မသင်္ကာဘူး"

[ဟု] ပြောလေ၏။

"မင်းကလည်းကွာ မင်းအမေနဲ့ မသင်္ကာဖြစ်လိုက် မဲလိပ်ကို မသင်္ကာဖြစ်လိုက် ယုံကြည်မှုနည်းလှချည်းလားကွ"

[ဟု] ကျွန်ုပ်က ပြောဆိုလိုက်ရာ တောက်တဲ့က. . . .

"ထားပါတော့ဗျာ၊ထားပါတော့ ကျွန်တော့်အပြစ်ပါ၊ ကျွန်တော့်မှ မစဉ်းစားမိဘဲ၊ အစ်ကိုကြီး နှပ်ချတာကို ခံလိုက်ရတာပေါ့"

[ဟု] ပြော လေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် အိမ်သို့ရောက်သည်ထိ ကားတပြောပြောနှင့် ပြန်လာခဲ့ကြလေ၏။ ခြံဝတွင် တောက်တဲ့၏ ဒေါ်က . . . .

"ဆရာတပည့်နှစ်ယောက် ဘာတွေများ ဝယ်ခဲ့ကြသလဲ"

[ဟု] မေးလေ၏။ ထိုအခါ ကျွန်ုပ်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်တူလေးက ကြက်သားစားချင်တယ်ဆိုလို့ တစ်

ပိဿာရှိတဲ့ ကြက်တစ်ကောင် ဝယ်လာခဲ့တယ်ဗျို့"

ဟု ပြောလိုက်ရာ တောက်တဲ့တို့ အမေက. . . .

"ဘာ့တွေများ ဝယ်ခဲ့သလဲဆရာ"

ဟု မေးလိုက်ရာ ကျွန်ုပ်က. . . .

"ကျွန်တော့်သားလေးက ကြက်သားစားချင်တယ်ဆိုလို့ ကြက်

တစ်ပိဿာဝယ်လာတယ်"

ဟု ပြောလိုက်လျှင် တောက်တဲ့ အမေက. . . .

"စောစောတုန်းကတော့ တူလေးလို့ ကြားမိသလိုပဲ၊ အခုတော့

သားကလေး ဖြစ်သွားပြီ၊ ဘယ်လိုဖြစ်တာတုံး"

ဟု မေးလေရာ ကျွန်ုပ်က . . . .

"အဲဒါ ခက်နေတာပေါ့၊ ကျုပ်က တောက်တဲ့ကို တူခေါ်ရမှာ

လား၊ သားခေါ်ရမှာလား ခုထက်ထိ မခေါ်တတ်သေးဘူး၊

ကျွန်တော်လည်း သူ့ကို အတိအကျခေါ်ချင်ပါတယ်၊ အခုထိ

မခေါ်တတ်သေးတာက ခက်တယ်"

ဟု ပြောလိုက်ရာ တောက်တဲ့တို့ အမေက. . . .

"ဒါက ခေါ်ရမှာက ဆရာပဲ၊ ဆရာဆုံးဖြတ်ပေါ့၊ တူခေါ်ချင်

တူခေါ်ပေါ့၊ သားခေါ်ချင်ခေါ်ပေါ့"

ဟု ပြောလိုက်ရာ တောက်တဲ့က နားရှက်သဖြင့် ကျွန်ုပ်တို့နှစ်ဦးအနီးမှ

ထွက်သွားလေ၏။ ကျွန်ုပ်လည်း တောက်တဲ့တို့အမေကို ကြက်သား





လှမ်း၍ ပေးလိုက်၏။ ထိုသို့လှမ်း၍ပေးရင်း မတော်တဆလိုလိုနှင့် လက်

ကိုလှမ်း၍ ကိုင်လိုက်၏။ ထိုအခါက တောက်တဲ့တို့ အမေက. . . .

"မတော်တဆ ကိုင်တာလား၊ တမင်ကိုင်တာလား"

ဟု မေးလေ၏။ ကျွန်ုပ်ကလည်း. . . .

"မတော်တဆ ဆိုရင်လည်း မတော်တဆပေါ့ဗျာ၊ တမင်တကာ

ဆိုရင်လည်း တမင်တကာပေါ့ဗျာ၊ဒါကတော့ ခင်ဗျား ကြိုက်

သလို ယူဆနိုင်ပါတယ်"

ဟု ပြောလိုက်လျှင် တောက်တဲ့တို့ အမေက ပြုံး၍. . . .

"မတော်တဆလို့ ယူဆမယ်"

ဟု ဆိုကာ အိမ်အတွင်းသို့ ဝင်သွားလေ၏။ ထိုအခါ ကျွန်ုပ်လည်း

ကျွန်ုပ်၏ အခန်းဘက်သို့ ကူးလာပြီးလျှင် အကျႌချွတ်၍ ရေမိုးချိုးရန်

ပြင်ဆင်လေ၏။ ကျွန်ုပ်က ရေတွင်းမှ ရေကိုချိုးမည့်ရေကန်တွင်းသို့

ပ်ထည့်ပေး၏။ တောက်တဲ့ကလည်း ကျွန်ုပ်၏အကျႌကို ကူ၍လျှော်ပေး

၏။ ကျွန်ုပ်တို့နှစ်ဦးသည် စကားတပြောပြောနှင့် ရေချိုးနေကြလေ၏။

ထိုအချိန်၌ ထိုရေတွင်း၌ ရေချိုးရန်အတွက် မိန်းကလေးနှစ်ဦး

ရောက်လာ၏။ ထိုအခါ ကျွန်ုပ်က တောက်တဲ့အား. . . .

"တောက်တဲ့ရေ အအေးမိလိမ့်မယ် ပြန်တော့"

ဟု ပြောလိုက်လျှင် တောက်တဲ့က. . . .

"အစ်ကိုကြီးလည်း ရေချိုးတာ ကြာလှပြီ လေဖြတ်လိမ့်မယ်"

ဟု ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်တို့နှစ်ယောက်ကိုသိသော မိန်းမပျို

တစ်ဦးက. . . .

www.burmeseclassic.com



"ဒီ ဆရာတပည့်နှစ်ယောက် ရေချိုးနေတာ ကြာလှပြီ"

ဟု ပြောလျှင် ကျန်တစ်ယောက်က. . . .

"ဟဲ့. . . . ဟဲ့၊ ဆရာတပည့်လို့ မပြောပါနဲ့၊ သူတို့က တူဝရီး တော်တယ်"

ဟု ဝင်၍ ပြောလေ၏။ ထိုအခါ ကျွန့်ပ်မှာ ငြိမ်၍ မနေနိုင်တော့ဘဲ

"ဘယ်လိုပြောလိုက်တာလဲဗျာ၊ကျုပ်ကိုယ်တိုင်တောင် တောက်တဲ့ကို တူတော်ရမလား၊ သားတော်ရမလား၊ စဉ်းစားလို့ မရသေးဘူး၊ ခင်ဗျားတို့က ဘယ်လိုကြောင့် အတင်းတူတော်ခိုင်းနေတာတုံး"

ဟု ပြောလိုက်ရာ မိန်းမပျိုနှစ်ဦးသည် သံပြိုင်ရယ်လိုက်ကြလေတော့၏။ ကျွန့်ပ်နှင့် တောက်တဲ့သည် ရေချိုးပြီးပြီဖြစ်၍ ထိုရေတွင်းမှ ပြန်ခဲ့ကြလေတော့သတည်း။

□□□□□□□□□□□





အခန်း (၁၉)

## "လူရှင်းရောက်လာခြင်း"

ကျွန့်ပ်နှင့် တောက်တဲ့သည် ရေချိုးပြီး၍ အိမ်သို့ပြန်လာခဲ့ကြရာ အိမ်သို့ ရောက်ခဲ့လေ၏။ အိမ်ပေါ်သို့ မတက်မီ၌ပင် ကျွန့်ပ်၏အခန်း၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရလေ၏။ ကျွန့်ပ်သည် အိမ်ပေါ်သို့ မတက်မီ · ထိုလူကိုလှမ်း၍ အကဲခတ်လိုက်၏။ ထိုသူ၏ မျက်နှာမှာ ညှင်းသိုးသိုးနိုင်လှ၏။ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများ ရှိသည့်ပြင် ဆံပင်မှာလည်း ပုခုံးသို့ ထောက်နေ၏။ နဖူးတွင် ပိတ်စနက်လေး ချည်ထား၏။ ရှမ်းတိုက်ပုံဟုခေါ်သော တိုက်ပုံတစ်မျိုးကို ဝတ်ထား၏။ ထိုတိုက်ပုံမှာလည်း အနက်ရောင်ဖြစ်၏။ ထိုသူ၏ရှေ့တွင် လွယ်အိတ်တစ်လုံး ချထားသည်ကိုလည်း သတိပြုမိ၏။ထို့ကြောင့် ကျွန့်ပ်သည် အိမ်ပေါ်သို့ မတက်ဘဲ တောက်တဲ့အား. . . .



www.burmeseclassic.com

www.burmeseclassic.com



"တောက်တဲ့ရေ ဟိုလူ ဘယ်သူလဲဆိုတာ ငါ သိပ်ပြီးသိချင်တယ်ကွာ၊ ပြီးတော့ ငါ သိပ်ပြီးမသက်ာဘူး။ မင်းလည်း ငါ့လိုပဲ သူ့ကို မသင်္ကာဖြစ်ကွာ"

ဟု ပြောလိုက်လျှင် တောက်တဲ့က ပြုံးလေ၏။

"အလကား အချောက်တိုက် မသင်္ကာဖြစ်လို့ မရဘူး အစ်ကိုကြီးရဲ့၊ဒါပေမဲ့ ထားပါလေ၊ ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

ဟု ဆိုပြီးလျှင် အိမ်ပေါ်သို့ ပြေးတက်သွားလေ၏။

"အစ်ကိုကြီးရေ အစ်ကိုကြီးရဲ့ မိတ်ဆွေ"

ဟု ပြောကာ ထိုသူ၏ ရှေ့မှ လွယ်အိတ်ကို ဆွဲယူလိုက်ပြီး တိုင်တွင်ချိတ်လိုက်လေ၏။ ထိုအခါ ထိုသူက. . . .

"ဟဲ့ကောင်လေး၊ မင်းက သိပ်လည်တဲ့ကောင်လေး၊ ငါ့လွယ်အိတ်ထဲမှာ လက်နက်ပါတယ်ထင်လို့ ဆွဲသိမ်းလိုက်တာပေါ့လေ"

ဟု ပြောလိုက်ရာ တောက်တဲ့က. . . .

"မဟုတ်ပါဘူးခင်ဗျာ လွယ်အိတ်ဆိုတာ မွန်မြတ်တဲ့ ပစ္စည်းပါလား၊ ဒီမှာချထားတာ မကောင်းပါဘူး၊တိုင်မှာချိတ်ထားတာက ကောင်းပါတယ်"

ဟုဆိုကာ စကားပြောရင်း ကွက်လျှောက်တန်းပေါ်မှ လေးခွကို လက်တစ်ဖက်ဖြင့် စမ်းယူကာ ဖန်ဂေါ်လီကို လောက်စာအိမ်တွင် ထည့်ပြီး လက်ညှိုးနှင့် လက်မဖြင့်ပစ်ရန် အဆင်သင့်ကိုင်ထားလေ၏။ ထိုအခါ ထိုသူက. . . .





"ဟဲ့ကောင်လေး မင်း သိပ်ပြီးလည်တယ်၊ အရေးဟယ် အကြောင်းဟယ်ဆိုရင် မင်း ငါ့မျက်လုံးကို ပစ်မယ် မဟုတ်လား၊ ငါဟာ ရန်သူမဟုတ်ဘူး မိတ်ဆွေကွ၊ မင်း အစ်ကိုကြီးရဲ့ မိတ်ဆွေ၊ မင်းဆရာလား၊ မင်းပထွေးလား၊ မင်းဦးလေးလား ခေါ်လိုက်"

ဟု ပြောလိုက်လျှင် တောက်တဲ့သည် လေးခွမှ သားရေကြိုးကို ဆွဲ၍တင်လိုက်လေတော့၏။ ထိုသို့ ဆွဲလိုက်ပြီးနောက်. . . .

"ခင်ဗျား မျက်လုံးနှစ်လုံးရှိတဲ့ထဲမှာ ဘယ်မျက်လုံးက ပိုပြီးအဖိုးတန်သလဲ၊ ကျွန်တော် ချန်ထားမယ်၊ သိပ်အသုံးမဝင်တဲ့ တစ်လုံးကို ကျွန်တော် ပစ်ဖောက်ပစ်လိုက်မယ်"

ဟု ပြောလိုက်လျှင် ထိုသူက ရယ်လေ၏။ ရယ်ပြီးနောက်. . . .

"မျက်လုံးနှစ်လုံးစလုံး တစ်လုံးမှအဖိုးမတန်ဘူး၊ကြိုက်တဲ့ အလုံးတစ်လုံး ပစ်ဖောက်လိုက်၊ငါလည်း လူဖြစ်လာကတည်းက ဒီနှစ်လုံးနဲ့ ကြည့်နေရတာ ပျင်းလှပြီ၊ မျက်လုံးတစ်လုံးတည်းနဲ့ ကြည့်ချင်တာ ကြာလှပြီ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် အိမ်ပေါ်သို့ မတက်ဘဲ တောက်တဲ့၏ အမေနေသော အခန်းဘက်သို့ လှမ်း၍ ကြည့်လိုက်လေ၏။ ထိုသို့ ကြည့်လိုက်သောအခါ၌ လွန်စွာအံ့ဩ၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် တောက်တဲ့တို့အမေသည် ငှက်ကြီးတောင်မားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ညှော့သည်၏ နောက်ကျောကို အားကုန်ထိုးစိုက်ရန် ထရံကြားမှ ချိန်ထားသောကြောင့်ဖြစ်၏။ ကျွန်ုပ်သည် ရေလဲ့လုံချည်ကို ကျစ်ကျစ်ပါအောင် လိမ်၍ကိုင်လိုက်ပြီးနောက် အိမ်ပေါ်ကို တက်လိုက်လေ၏။ ထိုသူသည် ကျွန်ုပ်ကိုတွေ့လျှင်

"ထိုင်စမ်းပါဦး လက္ခဏာဆရာရယ်၊ ခင်ဗျားရဲ့ သက်တော်စောင့်တွေကလည်း တယ်လည်းအားကိုးစရာ ကောင်းပါလား။ ခင်ဗျားရဲ့ မယားပါသားဖြစ်မယ့် ကောင်လေးကလည်း ကျုပ်မျက်လုံးကို လေးခွနဲ့ ပစ်ဖောက်ဖို့ အဆင်သင့်လုပ်ထားတယ်၊ ကျုပ်လွယ်အိတ်ကိုလည်း သူက သိမ်းထားလိုက်ပြီ၊ ခင်ဗျားနဲ့ မယူရသေးတဲ့ မိန်းမကလည်း ကျုပ်နောက်ကျောကို ဘာနဲ့ချိန်ထားသလဲ မသိဘူး၊ ဖြစ်နိုင်တာကတော့ ဓားရှည်ပဲ၊ ဟိုဘက်ခန်းက ချိန်တာ၊ ပြီး ခင်ဗျားကလည်း ရေစိုပုဆိုးကို လက်နက်လုပ်ဖို့ ကျစ်ကျစ်ပါအောင်လိမ်ပြီး ကိုင်ထားတယ်၊ ခင်ဗျားတို့အားလုံး ချစ်တီးကုလားကို ဖိုးသူတော် ထင်နေကြပြီ၊ ကျုပ်ကို ဆရာဦးရန်ရှင်း လွှတ်လို့လာခဲ့တာပါ"

ဟု ထိုသူက ပြောလိုက်လေတော့၏။

BURMESE CLASSIC .com

ထို့နောက် ထိုသူသည် စာအိတ်တစ်အိတ်ကို ကျွန်ုပ်အား ထုတ်၍ ပေးလေ၏။ ကျွန်ုပ်သည် ထိုစာအိတ်ကိုဖောက်၍ ဖတ်ကြည့်ရာ အောက်ပါစာကို တွေ့ရလေတော့၏။





အောင်ထွန်း

မင်း ရှာနေတဲ့ ဦးမုန်ဝကို တွေ့ပြီ။ ငါက ရတနာသိုက် ရှာတာ၊ ဒါပေမဲ့ ငါရှာတဲ့ ရတနာသိုက်ကို မတွေ့ပါဘူး၊ မင်း အင်မတန်တွေ့ချင်တဲ့ ဦးမုန်ဝကိုတော့ တွေ့တယ်၊ ဒါပေမဲ့ ဦးမုန်ဝက သေပြီကွ၊ သူမှာ သမီးတစ်ယောက် ကျန်ရစ်ခဲ့တယ်။ ဦးမုန်ဝဟာ နှစ်ထပ်အိမ်ကြီးတစ်လုံးကို ခြံဝင်းကြီးထဲမှာ ဆောက်ပြီးနေခဲ့တာ အဲဒီအိမ်ကြီးအောက်ထဲမှာလည်း မြေတိုက်ရှိတယ်။ အဲဒီမြေတိုက်ထဲမှာလည်း သူ့ရဲ့ ပညာကို စမ်းသပ်ခဲ့တာ၊ သူရေးထားတဲ့ ပညာရပ်ဆိုင်ရာ မှတ်တမ်းတွေ အများကြီးပဲ၊ သူ့မြေတိုက်ခန်း တစ်ခန်းလုံးလည်း ပေတွေ၊ ပုရပိုက်တွေနဲ့ ပွနေတာပဲ၊ တစ်ခုတော့ ရှိတယ်၊ ဒီလူကြီးဟာ မင်းပြောသလို လူတော်ကြီးဆိုတာတော့ မှန်တယ်၊ ဒါပေမဲ့ လူကပ်ကြီးကွ၊ မှတ်တမ်းအားလုံးကို ဝှက်စာတွေနဲ့ ရေးသွားတယ်။ မင်းဟာ နယ်လှည့်ပြီး လက္ခဏာဟောရင်းနဲ့ ဒီလူကြီးကို ရှာနေတယ်ဆိုတာ ငါသိတယ်။ အဲဒီတော့ ငါလွှတ်လိုက်တဲ့ လူရှင်းဆိုတဲ့ကောင်နဲ့ မင်းတစ်ခါတည်းလိုက်ခဲ့ပါ။ ဦးမုန်ဝရဲ့ မြေတိုက်ထဲက ပညာရတနာသိုက်ကို မင်းရဖို့ သေချာတယ်။ မင်းကိုလည်း ငါက စုံစမ်းရတာ အချိန်အတော်ကြာတယ်ကွ၊ နောက်ဆုံးမှ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ ရှမ်းပြည်နယ်တောင်ပိုင်းကို ရောက်ပြီး မုဆိုးမ တစ်ယောက် အိမ်မှာ နေနေတယ်။ အဲဒီမုဆိုးမနဲ့ ဘာလိုလို ဖြစ်နေတယ်ဆိုတာပါ သတင်းကြားရတယ်။ ဒါတွေဟာ အရေးမကြီးဘူးဆိုတာ ငါ နားလည်ပါတယ်။ မင်း ဘဝမှာ မင်းလိုချင်တဲ့ လောကီပညာကလွဲပြီး တခြားဘယ်အရာမှ အလေးအနက်မထားဘူးဆိုတာ ငါ နားလည်ပါတယ်။ ဦးမုန်ဝရဲ့ အိမ်ကိုသိတဲ့အခါမှာ ငါ့အသက်ကို ကယ်ဖူးတဲ့ မင်းကို ကျေးဇူးဆပ်နိုင်ပြီဆိုပြီး ငါဖြင့် ဝမ်းသာရသေးတယ်။ယုံယုံကြည်ကြည်နဲ့သာ ငါ့တပည့် လူရှင်းနဲ့ လိုက်ခဲ့ပါ။

BURMESE CLASSIC .com

သင့်ရဲ့မိတ်ဆွေကြီး

ရန်ရှင်း

ကျွန်ုပ်သည် ထိုစာကို ဖတ်ပြီးနောက်. . . .

"ခင်ဗျားဆရာ ဦးရန်ရှင်းက ကျုပ်ရဲ့ မိတ်ဆွေပဲ၊ သူက ခင်ဗျားနဲ့ လိုက်ခဲ့ရမယ်တဲ့၊ ဒါပေမဲ့ နေရာကို ဖော်ပြမထားဘူး၊ ဘယ်ကိုလိုက်ခဲ့ရ မယ်ဆိုတာ ခင်ဗျားမှာ ပြောခွင့်ရှိသလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ လူရှင်းက. . . .

"ကျုပ်မှာ ပြောခွင့်မရှိပါဘူး၊ တကယ်လို့ ပြောခွင့်ရှိရင်လည်း ခင်ဗျားကို မပြောဘူး၊ အဲဒီလိုမပြောလို့ ခင်ဗျားက မလိုက်ဘူး





ဆိုရင်လည်း ကျုပ် ခင်ဗျားကို ခေါ်သွားရတာ သက်သာတာပေါ့၊ ကျုပ် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားရုံပေါ့"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ခင်ဗျားနဲ့ ချက်ချင်း လိုက်ရမှာလား၊ တစ်ရက် နှစ်ရက် ဆိုင်းလို့ မရဘူးလား"

ဟု မေးလိုက်ရာ လူရှင်းက. . . .

"မရဘူး၊ ချက်ချင်းလိုက်ရမှာ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် ဒီအိမ်မှာ မတည်းချင်ဘူး၊ ဒီကောင်လေးကိုလည်း မယုံဘူး၊ နောက်က ကျုပ်ကျောကို ဓားနဲ့ချိန်ထားတဲ့ မိန်းမကိုလည်း မယုံဘူး၊ နောက်တစ်ခု ပြောရဦးမယ်၊ ကျုပ်က လာချင်လို့လာတာ မဟုတ်ဘူးနော်၊ ကျုပ်ဆရာ ဦးရန်ရှင်းကခိုင်းလို့ မလွဲသာလို့သာလာရတာ ခင်ဗျားကို မေတ္တာရှိလို့ လာတယ် မထင်နဲ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . . .

"ခင်ဗျားကို ကျုပ်က လိမ်မပြောတတ်တဲ့သူအဖြစ်နဲ့ အမှတ်ပေးရမှာလား၊ဒါမှမဟုတ် လူ့လောကမှာအံမဝင်တဲ့ လူတစ်ယောက်အဖြစ်နဲ့ အမှတ်လျှော့ရမှာလား ကိုလူရှင်းရေ၊ ခင်ဗျားကတော့ အတော့်ကို ခွကျတဲ့ လူပဲ၊ ကဲ. . . . ကဲ. . . . ကျုပ်လိုက်မယ်"

ဟု ဆိုကာ ကျွန်ုပ်သည် စစ်ကျောပိုးအိတ်ဟောင်းတစ်လုံးတွင် ကျွန်ုပ်၏ ပစ္စည်းများကို ထိုးသိပ်ထည့်ကာ တောက်တဲ့၏အမေနှင့် တောက်တဲ့၏ အဒေါ်အား နှုတ်ဆက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့အားလည်း နှုတ်ဆက်လေ၏။ ထိုသို့နှုတ်ဆက်ရင်း ထိုမိန်းမနှစ်ဦး၏ မျက်လုံးနှစ်စုံကို ကျွန်ုပ် ကြည့်လိုက်လေ၏။ ထိုသို့ ကြည့်ရခြင်းမှာ ထိုမိန်းမနှစ်ဦးအနက် မည်သူက မျက်ရည်ကျ၍ မည်သူ က မျက်ရည်မကျဖြစ်သည်ကို သိလို၍ ကြည့်ခြင်းဖြစ်၏။ တောက်တဲ့၏ အဒေါ်က မျက်ရည်ကျလျှင် ကျွန်ုပ်၏မေတ္တာကို တောက်တဲ့၏ အဒေါ် ပေါ်၌ ပုံ၍ထားလိုက်မည်ဟု စဉ်းစားမိ၍ဖြစ်၏။ သို့သော် ထိုမိန်းမ နှစ်ဦးစလုံးသည် မျက်ရည်မကျရုံမျှမကဘဲ ကျွန်ုပ်အား အားရဝမ်းသာ နှုတ်ဆက်ကြလေ၏။

"သွားပေတော့ ကိုအောင်ထွန်းရေ"

ဟု နှစ်ဦးစလုံးက ဝိုင်း၍ နှုတ်ဆက်ကြလေ၏။ ထို့ပြင် ကျွန်ုပ်၏ တပည့် တောက်တဲ့က. . . .

"ကဲ သွားပေတော့ အစ်ကိုကြီးရေ"

ဟု ပြောလိုက်ပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေကြီး ကိုရန်ရှင်း လွှတ်လိုက်သည့် လူရှင်းဆိုသောတပည့်နှင့်အတူ ဦးမုန်ဝ ပညာရတနာများကို ရှာဖွေရန်အတွက် လိုက်ပါခဲ့လေတော့သတည်း။

□□□□□□□□□□

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိခ်

လာဘ်မိုးရွာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com